မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် ၂၀၁၆ ခုနှစ်၊ မတ် ၁၅ ရက်၊ အင်္ဂါနေ့ အတွဲ [၅၅]၊ အမှတ် [၁၆၇]

ဒေါသပယ်ရှင်း နှလုံးသွင်း

* ငါတို့သည် သေမင်းဆီသို့ သွားနေရသည်ဟု မသိသူများက ခိုက်ရန် ဖြစ်ပွားနေကြ၏။

* ငါတို့သည် သေမင်းဆီသို့ သွားနေရသည်ဟု သိသူများက အသင့်အတင့်နှလုံးသွင်းပြီး ရန်ငြိမ်းအောင် ကျင့်ဆောင်ကြ၏။

(ဓမ္မပဒ)

မြန်မာ့ရေကဏ္ဍဖွံ့ဖြိုးလာစေရန် သက်ဆိုင်ရာနယ်ပယ်အလိုက် ကမ္ဘာ့နိုင်ငံများမှ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

စာမျက်နှာ-၃

နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ မတ် ၁၅ ရက်တွင်ကျင်းပမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကကြေညာ

စိစစ်ရေးအဖွဲ့ဝင်တစ်ဦးက အချို့သော သမ္မတလောင်းဆိုင်ရာ အချက်အလက်အချို့ကို ပြန်လည်စိစစ်သင့်သည်ဟု ဆွေးနွေး

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ အစည်းအဝေး ကျင်းပစဉ်။

နေပြည်တော် မတ် ၁၄

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ပေးပို့လာသည့် သဝဏ်လွှာများအား မှတ်တမ်းတင်ခြင်း၊ ရပ်ကွက်ကျေးရွာများ တိုးချဲ့ဖွဲ့စည်းခြင်း၊ အမည်ပြောင်းလဲခြင်းနှင့် နယ်နိမိတ်ဇရိယာ ပြင်ဆင်ဖွဲ့စည်းခြင်း၊ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံခြင်း ရှိ/မရှိ စိစစ်ရေး အဖွဲ့၏ တွေ့ရှိချက်တင်ပြခြင်း၊ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပမည့် နေ့ရက်နှင့်အချိန်အား ကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကထံ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Samdech Vibol Sena Pheakdei SAY CHHUM ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ၊ ထိုင်းနိုင်ငံ ဥပဒေပြုတောင်စီဥက္ကဋ္ဌ

စာမျက်နှာ ၇ ကော်လံ ၁ ◆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူသစ်၊ စိတ်သစ်၊ အားမာန်သစ်မွေးစို့

မကြာမီ မြန်မာတို့၏ နှစ်သစ်ကူးအခါသမယသို့ ရောက်ရှိပေတော့မည်။ နှစ်သစ်ကူး အခါသမယနှင့်အတူ မြန်မာနိုင်ငံတွင် တိုးတက်သောအပြောင်းအလဲပေါ်ပေါက်လာဖို့ ရှိနေပါသည်။ အထူးသဖြင့် ပြည်သူရွေးကောက်တင်မြှောက်သော နောင်လာမည့်အစိုးရတစ်ရပ် ပေါ်ပေါက်လာချိန်နှင့် နှစ်သစ်ကူးကာလတို့ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေသည်။ အသစ်အသစ်သော တာဝန်ရှိသူအသီးသီးက မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် ကြီးပွားတိုးတက်ရေးကြိုးစားအားထုတ်ကြပေဦးမည်။

လက်ရှိနိုင်ငံတော်အစိုးရသည်လည်း တာဝန်ယူသည့်ငါးနှစ်တာကာလအတွင်း ပြည်သူလူထုအတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ်ခဲ့ရာ ကဏ္ဍများစွာတိုးတက်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသည်။ အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ဖော်ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အခြေခံအဆောက်အအုံများ၊ ရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အစရှိသဖြင့် ကဏ္ဍများစွာ တိုးတက်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဤအခြေခံကောင်းများပေါ်တွင် ဆက်လက်လျှောက်လှမ်းကြရပေဦးမည်။

ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း မကြာမီပေါ်ပေါက်လာတော့မည့် အစိုးရနှင့်အတူ လူသစ်၊ စိတ်သစ်၊ အားမာန်သစ်မွေးပြီး ကြီးပွားရာကြီးပွားကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်း ကြံဆောင်ကြိုးစားအားထုတ်ကြရပေဦးမည်။ လူတိုင်းလူတိုင်း နိုင်ငံကြီးသားစိတ်ဓာတ်မွေးကြဖို့ လိုပါသည်။ ဒီမိုကရေစီစနစ်နှင့်အညီ စည်းကမ်းကို လေးစားလိုက်နာတတ်ခြင်း၊ ရိုးသားကြိုးစားခြင်းတို့ကို အရှိန်အဟုန်မြှင့်တင်သွားကြဖို့ လိုပါသည်။ အဂတိတရားကင်းရှင်းပြီး အရာရာပွင့်လင်းမြင်သာစွာ လုပ်ဆောင်တတ်သော အလေ့အကျင့်ကောင်းများ ပျိုးထောင်သွားသင့်ပါသည်။ အထူးသဖြင့် အပြုသဘောဆောင်သော စိတ်ထားကောင်းများ မွေးမြူလုပ်ကိုင်ကြဖို့ လိုပါသည်။ ယနေ့အချိန်အခါသည် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးအနေဖြင့် ပိုမိုစည်းလုံးညီညွတ်ကြရမည့် ဖြစ်ပါသည်။ အကောင်းမြင်ဝါဒကို အခြေခံပြီး ပေါင်းစည်းလုပ်ကိုင်ရေးကို အလေးအနက်ထားသင့်ပါသည်။ တစ်ဦးနှင့်တစ်ဦးဝေဖန်ပြောဆိုနေမှုများ၊ အပြစ်ပြောဆိုနေမှုများဖြင့် အချိန်ကုန်နေမည့်အစား ပူးပေါင်းဆောင်ရွက်မှုများဖြင့် စည်းလုံးညီညွတ်သော လူမှုအသိုက်အဝန်းတစ်ရပ်ကို ထူထောင်ကြိုးပမ်းကြဖို့ အချိန်တန်ပြီဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှုနှင့်အတူ ရှေ့လျှောက်ပိုပြီးတိုးတက်ဖို့သာရှိသည်။ ပြည်သူအားလုံးကလည်း စည်းရုံး၊ နိုင်ငံတကာကလည်း ထောက်ခံအားပေးကူညီမှုများကြောင့် လျင်မြန်စွာတိုးတက်သောနိုင်ငံအဖြစ်သို့ ရောက်ရှိလာနိုင်ပါသည်။ စည်းကမ်းကောင်းပြီး ရိုးသားကြိုးစား အလုပ်လုပ်ကြမည်ဆိုလျှင် မကြာမီနှစ်များအတွင်း အဘက်ဘက်မှ တိုးတက်လာမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ယခုအချိန်မှစပြီး လူသစ်၊ စိတ်သစ်၊ အားမာန်သစ်မွေးပြီး ကြိုးစားအလုပ်လုပ်ကြရမည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၀၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

နံရံကပ်စာပေရေချမ်းစင် စာအုပ်စာစဉ်အသစ်များဖြည့်ဆည်း

ကော့သောင်း မတ် ၁၄

တနင်္သာရီတိုင်းဒေသကြီး ကရသူရိမြို့တွင် စာပေဖတ်ရှုခြင်း အလေ့အထများ တိုးပွားလာစေရန် ရည်ရွယ်၍ မတ် ၁၀ ရက်က အများပြည်သူစည်ကားရာ နေရာများဖြစ်သည့် ကားဂိတ်၊ ရေဆိပ်၊ အစိုးရရုံးဌာနများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် ချိတ်ဆွဲခင်းကျင်းပေးထားသည့် နေရာ ၁၂ ခုသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် စာအုပ်စာစဉ်အသစ်များ ဖြည့်ဆည်းချိတ်ဆွဲပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

(၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

နွေရာသီရေနည်းပါးချိန် ရှော့ခ်တိုက်ငါးဖမ်းသူများကို ထိရောက်စွာအရေးယူဆောင်ရွက်သင့်

ထင်သာမြင်သာပြုပြင်ရေး

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် နွေစပါးများ စိုက်ပျိုးလျက်ရှိပြီး စပါးစိုက်ခင်းများအတွင်း ရှော့ခ်တိုက် ငါးဖမ်းဆီးသူများ ပိုမိုများပြားလာကာ စပါးပင်များအားနင်းချေမှုကြောင့် ပျက်စီးမှုများလည်း ရှိနေကြောင်း ကုန်းကြီးကျေးရွာဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။

ထို့အတူပင် ဆွာချောင်းတစ်လျှောက် နွေရာသီ ရေနည်းပါးချိန်၌ နေ့ခင်းဘက်မှာပင် ရှော့ခ်တိုက်ငါးဖမ်းသူများ ပေါ်များနေခြင်း

ကြောင့် တစ်ပိုင်တစ်နိုင် ငါးရှာ ကူတော့ကြောင်း ကွန်ပစ်ငါးဖမ်းသူသူများမှာ တင်းစားရဖို့ မလွယ် တစ်ဦးက ပြောသည်။

"အရင်ကဆိုရင် ငါးမျိုးစုံတယ်။ အခု တီလားပီးယားငါးပဲရှိတော့တာ၊ အခြားငါးတွေကတော့ မျိုးသုဉ်းသလောက်ဖြစ်တုန်ပြီ" ဟု ၎င်းက ဆက်၍ပြောသည်။ ရှော့ခ်တိုက်ငါးဖမ်းသည့်အခါ မသေဘဲကျန်ရစ်ခဲ့သော ငါးများမှာ မျိုးပွားအင်္ဂါထိခိုက်ကာ ဆက်လက်မျိုးပွားနိုင်ခြင်းမရှိတော့သည့်အတွက် အရှည်သဖြင့်တွက်ကြည့်လျှင် သားငါးကဏ္ဍလျော့ကျသွားနိုင်ကြောင်း ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

ကိုလွင်(ဆွာ)

နွေရာသီအင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြောသင်တန်းများ ပညာဒါနအခမဲ့ ဖွင့်လှစ်မည်

မန္တလေး မတ် ၁၄

ပညာသစ်ပင် အင်္ဂလိပ်စာပညာဒါန သင်တန်းကျောင်းနှင့် World Vision အိုးဘိုစင်တာတို့ ပူးပေါင်း၍ နွေရာသီအင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြောသင်တန်းများကို ပညာဒါနအခမဲ့အဖြစ် မတ် ၁၅ ရက်မှစ၍ ညနေ ၅ နာရီမှ ည ၇ နာရီအထိ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး တစ်ပတ်လျှင် သုံးရက်ပညာဒါနအခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် လူငယ်များ အင်္ဂလိပ်စာအခြေခံခိုင်မာစေရေးအတွက် အခြေခံမှစ၍ လေ့ကျင့်သင်ကြားမည်ဖြစ်ပြီး တန်းခွဲတိုင်းအတွက် Cambridge University မှ ထုတ်လုပ်သော FUN အင်္ဂလိပ်သင်ရိုးညွှန်းတမ်း Series (3) အုပ်ဖြင့် သင်ကြားကာ သင်တန်းတက်ရောက်ခွင့်ရမည့် သင်တန်းသားတိုင်းအတွက် သင်ရိုးညွှန်းတမ်းစာအုပ်၊ သင်တန်းတွင်လေ့ကျင့်မည့် စာအုပ်စာစဉ်အားလုံးအတွက် World Vision Myanmar စင်တာမှ ထောက်ပံ့ကူညီမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသော ကျောင်းသူ ကျောင်းသားများအနေဖြင့် World Vision အိုးဘိုစင်တာ အကွက် ၄၀ အနီး မန္တလေး အောင်မြေသာစံမြို့နယ် ဖုန်း-၀၉-၇၉၇၃၁၇၄၇၇ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၄-၃-၂၀၁၆

ရွှေဈေးနှုန်း(အောင်သဟာဝ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၉၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၅၂၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၀၀၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

	ရန်ကုန်
ဒီဇယ်	၄၆၀ / ၄၈၀ ကျပ်
အောက်တိန်း ၉၂	၅၂၀ / ၅၄၀ ကျပ်
အောက်တိန်း ၉၅	၆၃၀ / ၇၀၀ ကျပ်
ပရီမီယံဒီဇယ်	၅၀၀ / ၅၂၀ ကျပ်

စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

ဒီဇယ်	၉၃၀၀၀/၉၄၀၀၀ ကျပ်
ပရီမီယံဒီဇယ်	-၁၀၂၀၀၀ ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀	- ၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀	- ၅၀၀၀
၃။ ငါးရံ့	တစ်ပိဿာ	၆၀၀၀	- ၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	၆၅၀၀	- ၁၂၀၀၀
၅။ ပုဇွန် (ကျော့)	တစ်ပိဿာ	၇၀၀၀	- ၁၀၀၀၀
၆။ ပုဇွန်တုပ်	တစ်ပိဿာ	၁၀၀၀၀	- ၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀	- ၁၈၀၀၀
၈။ ကြက်	တစ်ပိဿာ	၅၀၀၀	- ၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	၅၀၀၀	- ၉၀၀၀
၁၀။ အမဲ	တစ်ပိဿာ	၇၀၀၀	- ၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	၁၃၀၀၀	- ၁၇၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	၆၀၀၀	- ၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၁၈·၀
ဥရောပ	တစ်ယူရို	၁၃၅၉·၃
စင်ကာပူ	တစ်ဒေါ်လာ	၈၈၆·၃၇
ထိုင်း	တစ်ဘတ်	၃၄·၇၂၁
အိန္ဒိယ	တစ်ရူပီး	၁၈·၂၀၁
တရုတ်	တစ်ယွမ်	၁၈၇·၅၂
မလေးရှား	တစ်ရင်းဂစ်	၂၉၇·၃၃

ခင်ရတနာ-စုစည်းသည်။

၇-၃-၂၀၁၆ မှ ၁၁-၃-၂၀၁၆ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၄၈၁ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၄၃၈ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့ စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

မြန်မာ့ရေကဏ္ဍဖွံ့ဖြိုးလာစေရန် သက်ဆိုင်ရာနယ်ပယ်အလိုက် ကမ္ဘာ့နိုင်ငံများမှ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနအမှတ်(၂)၌ ကျင်းပသည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ကမ္ဘာ့ရေနေ့ ၂၀၁၆ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက နှစ်စဉ်နှစ်တိုင်း မတ် ၂၂ ရက်ကို ကမ္ဘာ့ရေနေ့အဖြစ်သတ်မှတ်ပြီး ရေအသုံးပြုမှုအမျိုးမျိုးနှင့်ပတ်သက်၍ သတိပြုမိစေရန်၊ လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် ရေအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းသုံးစွဲရန် သတိပေးလျက်ရှိပါကြောင်း၊ ယခုနှစ်အတွက် ကမ္ဘာ့ရေနေ့ဆောင်ပုဒ်မှာ "ရေနှင့် အလုပ်အကိုင်အခွင့်အလမ်း" (Water and Jobs) ဖြစ်ပြီး ရေနှင့်ဆက်နွှယ်သော ကဏ္ဍများတွင် လုပ်ငန်းဆောင်ရွက်လုပ်ကိုင်နေကြသူများကို အထူးသတိပြုအလေးထားစေရန် ရည်ရွယ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုစနစ်ကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီး ရေကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်စေရန် တွန်းအားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ ရေအရင်းအမြစ်များနှင့် အဓိကကျသည့်မြစ်ဝှမ်းများကို သင့်တင့်လျောက်ပတ်စွာ စီမံခန့်ခွဲနိုင်ရန် လိုအပ်ပါကြောင်း၊ လိုအပ်သည့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ၊ အဖွဲ့အစည်းများနှင့် လူသားအရင်းအမြစ်တို့အား အရည်အသွေးမြှင့်တင်ပေးမှုများကိုလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ရေးအတွက် ရေဆိုင်ရာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပြုကြရန် လိုပါကြောင်း။

ရေပေးဝေမှု၊ မိလ္လာနှင့် ရေသန့်၊ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ရေသွင်းစိုက်ပျိုးမှု၊ ရေအားလျှပ်စစ်စသည့် ရေနှင့်ဆိုင်သည့် ကဏ္ဍများကိုလည်း တိုးတက်မှုရှိလာရန် အစိုးရနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ရေအသုံးပြုသူများအကြား ရေရှည်တည်တံ့သော ရေအသုံးချနိုင်မှုနှင့်ပတ်သက်သော အသိပညာ၊ ဗဟုသုတ၊ နည်းပညာ၊ ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးတိုင်ပင်မှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိနှိုင်းရာတွင် လိုအပ်သောမဟာဗျူဟာများအနက် ရေကို ပိုမိုသိုလှောင်ခြင်းဆိုသည့် အချက်တစ်ချက် ပါဝင်ပါကြောင်း၊ ရေသိုလှောင်ခြင်းနည်းလမ်းများထဲမှ မြေဆီလွှာအစိုဓာတ်ထိန်းခြင်း၊ ရေအိုင်၊ ရေကန်၊ မြေအောက်ရေ၊ ရေလှောင်ကန်အကြီးအသေးများကို တည်ဆောက်ခြင်းစသည့် နည်းလမ်းများ ပါဝင်ပါကြောင်း။

အဆိုပါနည်းလမ်းများကို တွဲဖက်အသုံးပြုခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်ရေပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ ယခုနှစ်သည် အယ်နီညိုနှစ်ဖြစ်၍ အပူချိန်ပိုမိုနိုင်သည့်အတွက် ကဏ္ဍအလိုက် ရေလိုအပ်မှုအပေါ် မူတည်ပြီး စီမံခန့်ခွဲခြင်းကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ရေအနည်းငယ်သာ လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများ၊ စိုက်ပျိုးပင်နှင့် စိုက်ပျိုးနည်းစနစ်ပုံစံများ၊ အိမ်သုံးရေချွေတာခြင်း၊ စက်မှုလုပ်ငန်းသုံးရေများ လျှော့ချခြင်းစသည့် လိုက်လျောညီထွေမှုရှိမည့် စီမံခန့်ခွဲမှုများကို ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် မြန်မာ့ရေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲရန်အတွက် ရေနှင့်သက်ဆိုင်သောဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများပါဝင်သည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်း ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ရေဆိုင်ရာကျွမ်းကျင်ပညာရှင်များ၏ထောက်ပံ့မှုဖြင့် ပထမဆုံးအမျိုးသားအဆင့် ရေမူဝါဒကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ရေဥပဒေပေါ်ထွန်းလာရေးအတွက် ကျွမ်းကျင်ပညာရှင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် မြန်မာနိုင်ငံအတွင်း ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲနိုင်ရေးအတွက် နယ်သာလန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့်အပြင် မြန်မာ့ရေကဏ္ဍ ဖွံ့ဖြိုးလာစေရန် သက်ဆိုင်ရာနယ်ပယ်အလိုက် ကမ္ဘာ့နိုင်ငံများမှ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနည်းတူ ရေအရင်းအမြစ်များကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဘက်စုံစီမံခန့်ခွဲနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ရေနေ့အခမ်းအနားကို ၂၀၁၄ ခုနှစ်မှ ယခုနှစ်အထိ သုံးကြိမ်မြောက် ကျင်းပနိုင်ခဲ့ပါကြောင်း၊ အဆိုပါအခမ်းအနားများတွင် ဆွေးနွေးခဲ့မှုများသည် နိုင်ငံ၏ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုများအတွက် ရေ့ဆက်မည့်မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များကို များစွာအထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ရေဆိုင်ရာလုပ်ငန်းများသည် လက်တွေ့တွင် အဓိကကျသော လုပ်ငန်းများဖြစ်၍ ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး မှန်ကန်သည့်အကျိုးရလဒ်ကို ရရှိအောင် အထည်ဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်မှ ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်းလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဂရက်ဘရောက်ဒါက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံရုံးမှ သံရုံးတာဝန်ခံ မစ္စတာယ်ရီလာဘယ်လာနှင့် ဩစတြေးလျနိုင်ငံမှ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ကောင်စစ်ဝန် မစ္စတာ နီကိုလတ် ကမ့်စတန်တို့က မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းပါဝင် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် ရေအရင်းအမြစ်အသုံးချရေးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင်များ၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အများပြည်သူသတင်းအချက်အလက်ဆိုင်ရာညီလာခံ ကျင်းပမည်

ရန်ကုန် မတ် ၁၄

ပညာရေးတိုးတက်မှုများအား ထိန်းညှိပေးနိုင်ရန်ရည်ရွယ်၍ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် (၆၆) ကြိမ်မြောက် အများပြည်သူသတင်းအချက်အလက်ဆိုင်ရာဌာန သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းညီလာခံကို မေ ၃၀ ရက်မှ ဇွန် ၁ ရက်အထိ Gyeongju ၌ကျင်းပသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) သတင်းထုတ်ပြန်ရေးဌာနမှ သိရသည်။

အဆိုပါညီလာခံတွင် အရပ်ဘက်အသင်းအဖွဲ့များ၊ သံတမန်များ၊ ကုလသမဂ္ဂအရာရှိများ၊ မူဝါဒဆိုင်ရာကျွမ်းကျင်သူများ၊ သိပ္ပံပညာရှင်များ၊ ပညာရေးဆရာ ဆရာမများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်အသင်းများ၊ ပါလီမန်များ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများက ယခုနှစ်အတွက် အရေးကြီးသောအကြောင်းအရာများနှင့်ဆက်စပ်ပြီး ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ညီလာခံ၌ NGO/DPI စီမံခန့်ခွဲမှုဆိုင်ရာကော်မတီ၊ NGO အုပ်စု၊ ကိုရီးယားအစိုးရနှင့် ကိုရီးယားအဖွဲ့အစည်းများပူးပေါင်းပါဝင်ပြီး "Education for Global Citizenship : Achieving the Sustainable Development Goals Together" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ကာ အဆိုပါညီလာခံသည် အာရှ၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မှန်းဦးနဒီ

အန်ကာရာမြို့လယ်ကောင် တစ်လအတွင်း ဒုတိယအကြိမ်ဗုံးခွဲ အနည်းဆုံး ၃၄ ဦး သေဆုံးပြီး ၁၂၅ ဦး ဒဏ်ရာရ

မတ် ၁၄ ရက်က တူရကီနိုင်ငံ အန်ကာရာမြို့ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာနေရာ၌ အမှုစစ်အရာရှိများ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်။

အန်ကာရာ မတ် ၁၄

တူရကီမြို့တော် အန်ကာရာတွင် တနင်္ဂနွေနေ့က လူစည်ကားပြီး ပို့ဆောင်ရေးအချက်အချာကျရာနေရာ၌ ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူ ၃၄ ဦးထက်မနည်း သေဆုံးပြီး ၁၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါဗုံးခွဲတိုက်ခိုက်မှုမှာ တစ်လအတွင်း အန်ကာရာမြို့လယ်၌ ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ယင်းတိုက်ခိုက်မှုမှာ တရားရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာနများ၊ ဝန်ကြီးချုပ်ဟောင်းရုံးတို့နှင့် မလှမ်းမကမ်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

"ဒီတိုက်ခိုက်မှုတွေက နိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ နိုင်ငံရဲ့စည်းလုံးညီညွတ်မှုကို ခြိမ်းခြောက်နေပါတယ်။ အကြမ်းဖက်တိုက်ခိုက်နေရုံနဲ့ပြဿနာကို ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး"ဟု သမ္မတအေရစ်အာဒိုဂန်၏ ကြေညာချက်တွင်ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုသည် မည်သူမည်ဝါ၏ လက်ချက်ဖြစ်သည်ကို ချက်ချင်းမသိရသေးသော်လည်း ကနဦးစုံစမ်းမှုများပြုလုပ်ပြီးပါက တိုက်ခိုက်မှုနောက်ကွယ်ရှိအဖွဲ့အမည်ကို စောနိုင်သမျှစောစွာ ကြေညာနိုင်ဖွယ်ရှိကြောင်း ပြည်ထဲရေးဝန်ကြီး အက်ဖ်ကန်အလာက ပြောသည်။ **(ရိုက်တာ)**

ဒေါ်လာတစ်သန်းတန် ကမ္ဘာ့ဆုရာဆု ပါလက်စတိုင်းဆရာမတစ်ဦး လက်ခံရရှိ

ရာမာလာ မတ် ၁၄

ပါလက်စတိုင်းဆရာမတစ်ဦးသည် ကောင်းမွန်သော သင်ကြားအားထုတ်မှုအတွက် တနင်္ဂနွေနေ့က အမေရိကန်ဒေါ်လာတစ်သန်းကို ၂၀၁၆ ကမ္ဘာ့ဆရာဆုအဖြစ် လက်ခံရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အနောက်ဘက်ကမ်းရိုးတန်းဒေသ ရာမာလာမြို့အနီး အယ်လ်ဘီရာမြို့လေး၌ ခါလီအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာမဖြစ်သူ အသက် ၄၃ နှစ်ရှိ ဟာနန်အယ်လ်ဟယ် ရော့ဘ်သည် ဘီတယ်လီဟမ်မြို့အနီး ဒုက္ခသည်စခန်းတွင် နေထိုင်သူ ဖြစ်ကြောင်း သိရသည်။

ဒုဘိုင်း၌ကျင်းပသော ကမ္ဘာ့ပညာရေးနှင့် စွမ်းရည်ဆိုင်ရာနှီးနှော ဖလှယ်ပွဲတွင် ပာကီဖောင်ဒေးရှင်းမှ ၎င်းအား ကမ္ဘာ့ဆရာဆုကို ချီးမြှင့်ခြင်းဖြစ်ပြီး ဗာကီဖောင်ဒေးရှင်းသည် လူထုအကျိုးပြုအဖွဲ့အစည်းတစ်ခု ဖြစ်ကြောင်း သိရသည်။

ဟယ်ရော့ဘ်သည် ကမ္ဘာအနှံ့မှ အခြေခံပညာအထက်တန်းအဆင့် ဝင်ရောက်ယှဉ်ပြိုင်သော ဆရာ၊ ဆရာမ ကိုးဦးကို ကျော်မြတ်၍ ကမ္ဘာ့ဆရာဆုရှင်အဖြစ် ကြေညာလိုက်သောအချိန်တွင် ရာမာလာမြို့မှ လူအုပ်ကြီး၏ လက်ခုပ်သံများသည် ဘဝင်ညံသွားလေသည်။

ပါလက်စတိုင်း ဝန်ကြီးချုပ် ရာမီဟမ်ဒယ်လာက ထိုကဲ့သို့ ဆုရရှိခြင်းသည် အမျိုးသားစွမ်းဆောင်မှု သို့မဟုတ် အောင်ပွဲတစ်ခုဖြစ်ကြောင်း ရာမာလာမြို့၌ မိန့်ခွန်းပြောကြားခဲ့သည်။

ပါလက်စတိုင်း ပညာရေးဝန်ကြီးကလည်း ထိုသို့ကမ္ဘာ့ဆရာဆုကို ချီးမြှင့်ခံရခြင်းသည် ၎င်းကို ချီးမြှင့်ရုံသာမက နိုင်ငံကိုလည်း ချီးမြှင့်ရာရောက်ကြောင်း ကမ္ဘာ့ဆရာဆုကို လက်ခံရရှိခြင်းသည် သမိုင်းတွင်ထူးခြားသော စွမ်းဆောင်မှုတစ်ခုဖြစ်ကြောင်း ပြောခဲ့သည်။ **(ဆင်ဟွာ)**

ထိုင်းစီးပွားရေးဘဏ် မီးထိန်းစနစ် ချွတ်ယွင်းမှုဖြစ်၊ ၁၀ ဦးသေဆုံး

ဗန်ကောက် မတ် ၁၄

မတ် ၁၃ ရက် ည ၉ နာရီဝန်းကျင်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ရတ်ချဒါဖီဆက်လမ်းရှိ ထိုင်းစီးပွားရေးဘဏ်၌ မီးထိန်းစနစ်ချွတ်ယွင်းမှုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦးသေဆုံးခဲ့ပြီး ငါးဦးကို ဆေးရုံသို့တင်ပို့ခဲ့ရကြောင်း သတင်းဖော်ပြချက်များအရ သိရသည်။

စီးပွားရေးဘဏ် အဆောက်အအုံဖြေညီထပ်၌ အလုပ်သမားများက မီးထိန်းစနစ်ကို ပြုပြင်နေစဉ် မတော်တဆမှုဖြစ်ပွားပြီး မီးလောင်စေတတ်သော ဓာတုပစ္စည်းများက လေနှင့်ဓာတ်ပြုကာ မီးလောင်ခဲ့ရပြီး ယင်းအဆိပ်ဓာတ်ငွေ့များကို ရှူရှိုက်ခဲ့ရသည့်အတွက် အလုပ်သမားများ သေဆုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆောက်အအုံထဲတွင် ပိတ်မိနေသော လူ ၂၀ ခန့် ကို စေတနာရှင်ကယ်ဆယ်ရေးလုပ်သားများနှင့် မီးသတ်သမားများက ကယ်တင်နိုင်ခဲ့ကြောင်း ထိုင်းသတင်းစာဖြစ်သော ထိုင်ရာက ဖော်ပြခဲ့သည်။

ထိုင်းစီးပွားရေးဘဏ်၏ သတင်းထုတ်ပြန်ဖော်ပြချက်တွင် "မီးလောင်ခြင်းမဟုတ်သလို ပေါက်ကွဲခြင်းလည်းမဟုတ်ကြောင်း" ဖော်ပြခဲ့ပြီး ဘဏ်ကို ပုံမှန်အတိုင်းဖွင့်လှစ်မည်ဖြစ်ကာ အဆောက်အအုံမီးထိန်းစနစ်ကို ပြုလုပ်သည့် ကန်ထရိုက်တာ၏ပေါ့ဆမှုကို မြစ်တင်ဝေဖန်မှုပြုလုပ်ထားသည်။

မြို့တော် ရဲဌာနချုပ် ခေတ္တအကြီးအကဲ ဆန်နစ်မဟာသာဝန်နှင့် သက်ဆိုင်ရာအာဏာပိုင်များက လူအများကြီးသေဆုံးဒဏ်ရာရမှုကို ဖြစ်ပေါ်စေခဲ့သည့် ပေါ့ဆသည့် ကန်ထရိုက်တာကို တရားစွဲဆိုမည်ဖြစ်ကြောင်း ပြောခဲ့သည်။ မှုခင်းစစ်ဆေးရေးအရာရှိများကလည်း အခင်းဖြစ်ပွားရာနေရာကို မတ် ၁၄ ရက် နံနက်ပိုင်းတွင် စုံစမ်းစစ်ဆေးမှုပြုလုပ်နေကြောင်း ထိုင်းအများပြည်သူ့ဝန်ဆောင်မှုမီဒီယာ PBS က ဖော်ပြခဲ့သည်။ **(ဗန်ကောက်ပို့စ်)**

အမေရိကန်တောင်ပိုင်း၌ မိုးသည်းထန်ပြီးရေကြီး၊ အိမ် ထောင်ချီပျက်စီး၍ လေးဦးသေဆုံး

လူဝီစီယားနား မတ် ၁၄

အမေရိကန်နိုင်ငံ လူဝီစီယားနားနှင့်မစ္စစ္စပီပြည်နယ်တို့၌ သီတင်းပတ်ကုန်ပိုင်းက မိုးသက်လေပြင်းများ ကျရောက်ပြီး ရေကြီးမှုများ ဖြစ်ပွားခဲ့ရာ လူသေဆုံးမှုများရှိခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် ဒေသအချို့၌ ရေနှစ်ပေအထိ ရောက်ရှိခဲ့ကာ လူဝီစီယားနား၌ သုံးဦး၊ အိုကလားဟိုးမား၌ တစ်ဦးသေဆုံးခဲ့ကြောင်း၊ တနင်္ဂနွေနေ့က မစ္စစ္စပီ၌ ရေလုပ်သားနှစ်ဦး ပျောက်ဆုံးနေကြောင်းအရေးပေါ် စီမံခန့်ခွဲရေး တာဝန်ရှိသူများက ပြောသည်။

မတ် ၉ ရက်က အမေရိကန် လူဝီစီယားနားပြည်နယ်တွင် ရေကြီးမှုဖြစ်ပွားရာ နစ်မြုပ်နေသော ကားတစ်စီးကို တွေ့ရစဉ်။

သမ္မတဘားရက်အိုဘားမားက တနင်္ဂနွေနေ့တွင် လူဝီစီယားနားပြည်နယ်ကို အရေးပေါ်သဘာဝဘေးဒေသအဖြစ် ကြေညာလိုက်ပြီး အရေးပေါ် အကူအညီများပေးရန် တိုက်တွန်းခဲ့သည်။ အဆိုပါ သဘာဝဘေးမှာ ပြီးဆုံးခြင်းမရှိသေးကြောင်း၊ အိမ်ပေါင်း ၅၀၀၀ ခန့်ပျက်စီးခဲ့ကြောင်း လူဝီစီယားနား အရေးပေါ်စီမံခန့်ခွဲရေးရုံးကြေညာချက်၌ ဖော်ပြသည်။

ယင်းသဘာဝဘေးကြောင့် လူဝီစီယားနား အမျိုးသားတပ်ဖွဲ့က အရပ်သား ၂၉၅ ဦးနှင့် တိရစ္ဆာန် ၃၁၆ ကောင်တို့ကို ကယ်တင်ခဲ့ပြီး ကယ်ဆယ်ရေးအဖွဲ့များက လှေများ၊ ယာဉ်များနှင့် ရဟတ်ယာဉ်များ အသုံးပြုကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေကြောင်း သိရသည်။ **(ရိုက်တာ)**

အိုင်ဗရီကို့စ် အပန်းဖြေကမ်းခြေမြို့ဟိုတယ်များ၌ တိုက်ခိုက်မှုဖြစ်၊ ၁၆ ဦး သေဆုံး

ဂရမ်းဘက်ဆမ်(အိုင်ဗရီကို့စ်) မတ် ၁၄

တနင်္ဂနွေနေ့က အိုင်ဗရီကို့စ်နိုင်ငံ ကမ်းခြေအပန်းဖြေမြို့လေး၌ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ မြောက်ပိုင်းအာဖရိကန် အယ်ခိုင်ဒါအဖွဲ့မှ သေနတ်သမားများကြောင့် ဥရောပနိုင်ငံသားလေးဦးအပါအဝင် ၁၆ ဦး သေဆုံးခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တိုက်ခိုက်မှုများကို ကြည့်ခြင်းအားဖြင့် အိုင်အက်စ်စစ်သွေးကြွတို့၏ အင်အားကြီးထွားလာမှုမှာ အနောက်အာဖရိကတိုင်အောင် ရောက်ရှိလာသည်ဟု အတည်ပြုနိုင်သည်။

အိုင်ဗရီကို့စ်နိုင်ငံ ဂရမ်းဘက်ဆန်ကမ်းခြေအပန်းဖြေမြို့ရှိ ဟိုတယ်များကို သေနတ်သမားခြောက်ဦးက ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဟိုတယ်များသည် စီးပွားရေးမြို့တော်ဖြစ်သော အဘစ်ဂျန်မြို့တော်အရှေ့ဘက် ကီလိုမီတာ ၄၀ (၂၅ မိုင်)အကွာတွင်တည်ရှိကြောင်း သိရသည်။ ယင်းတိုက်ခိုက်မှုတွင် အိုင်ဗရီကို့စ် လုံခြုံရေးတပ်ဖွဲ့များ သေဆုံးခဲ့ကြောင်း အစိုးရပိုင်းက ပြောကြားခဲ့သည်။

အခင်းဖြစ်ပွားရာ နေရာသို့ တိုက်ခိုက်ရေး သမားများသည် မွန်းလွဲပိုင်းအချိန်တွင် ရောက်ရှိလာခြင်းဖြစ်ကြောင်း အိုင်ဗရီကို့စ် သမ္မတက ယင်းနေရာသို့ ရောက်ရှိစဉ်ပြောကြားခဲ့သည်။ တိုက်ခိုက်မှုတွင် အရပ်သား ၁၄ ဦးနှင့် အထူးလုံခြုံရေးတပ်ဖွဲ့နှစ်ဦး သေဆုံးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အိုင်ဗရီကို့စ်ပြည်ထဲရေးဝန်ကြီး ဟာမတ်ဘာကာရိုကိုက သေဆုံးသူများသည် ပြင်သစ်၊ ဂျာမနီ၊ ဘာကီနာဖာဆို၊ မာလီနှင့်ကင်မရွန်း နိုင်ငံသားများဖြစ်ကြောင်း ပြောကြားခဲ့သည်။

သေနတ်သမားများသည် ပင်လယ်ကမ်းခြေသို့လာသော လမ်းကြောင်းအတိုင်းဆင်းလာပြီး ရေကူးနေသူများ၊ နေပူဆာလှုံသူများကို အရင်ဦးဆုံး ပစ်ခတ်ပြီးနောက် ဟိုတယ်များဆီသို့ ဦးတည်သွားကြောင်း မျက်မြင်သက်သေများက ပြောသည်။ **(ရိုက်တာ)**

အိုင်ဗရီကို့စ်နိုင်ငံ ဘက်ဆန်ကမ်းခြေမြို့တွင် လုံခြုံရေးတပ်ဖွဲ့များက အခင်းဖြစ်နေရာမှ လူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးစဉ်။

နှစ်နိုင်ငံချစ်ကြည်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မတ် ၁၄

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (13 th ACDFIM) သို့တက်ရောက်မည့် အာဆီယံနိုင်ငံများမှ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်က မတ် ၁၃ ရက် မွန်းလွဲပိုင်းက Landmark Mekong Riverside Hotel ၌ သီးခြားစီတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ မြန်မာ့ တပ်မတော်ကိုယ်စားလှယ်အဖွဲ့ဝင်များတက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မ တော်ကာကွယ်ရေးဦးစီးချုပ် Gen. Sommai Kaotira ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Maj. Gen. Souvone LEUNGBOUNMY ဦးဆောင်သောကိုယ်စားလှယ် အဖွဲ့နှင့်လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ ဒုတိယတပ်မတော်စစ်ဦးစီးချုပ် Lt. Gen. Romeo T Tanalgo ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် လည်း ကောင်း၊ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးအရာရှိချုပ် Gen. Do BaTy ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ ကမ္ဘောဒီးယားဘုရင့် တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် Gen. Eth Sarath ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ ဘရူနိုင်းဘုရင့်တပ်မတော်ကာကွယ် ရေးဦးစီးချုပ် Maj. Gen. Pehin Mohd Ta Wih Bin Abdullah ဦးဆောင် သောကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း နိုင်ငံအလိုက် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကြသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Sommai Kaotira ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံစဉ်။ (မြဝတီ)

ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်၌ကျင်းပ

နေပြည်တော် မတ် ၁၄

ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ (Workshop on Service Oriented Policing) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Royal ACE Hotel ၌ ကျင်းပ ရာ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်အောင်စိုး၊ ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်း ဦးဆောင်သောရဲအရာရှိကြီးများ၊ ရှေ့နေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အရာရှိများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရည်အသွေးမြင့်မားစေ ရေးနှင့် ပြည်သူလူထုအမြင်ပြောင်းလဲရေးအတွက် ရဲတပ်ဖွဲ့ဝင်များ၏စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်ကျင့်တရား၊ ကိုယ်ချင်းစာနာစိတ်၊ နွေးထွေးစွာဆက်ဆံမှု၊ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်တတ်မှု စသည့်ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းအနှစ်သာရများ ဖြစ်ပေါ်လာစေမည့်အချက်များအား ဆွေးနွေးဖော်ထုတ်သွားကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဟီရိုရှီးမားတက္ကသိုလ်တို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

ရန်ကုန် မတ် ၁၄

ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာနနှင့် ဟီရိုရှီးမား တက္ကသိုလ်တို့အကြား ပညာရေး ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးပွဲကို ယနေ့ညနေပိုင်းက အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲတွင် အဆင့် မြင့်ပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့် ဟီရိုရှီးမားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမစ်ဆူအို အိုချီ တို့က နှုတ်ခွန်းဆက်စကား ပြောကြားပြီး နောက် နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးကာ အပြန်အလှန် လဲလှယ်ကြသည်။ ထို့နောက် အမှတ် တရလက်ဆောင်များ ပေးအပ် ကြသည်။

ယနေ့ ရေးထိုးသည့်နားလည်မှု စာချွန်လွှာတွင် လူ့စွမ်းအားအရင်း အမြစ် ဖလှယ်ရေးအစီအစဉ်များ၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင် ရွက်မှုများ စသည်တို့ပါဝင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၄

ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့၌ အများအားဖြင့် သာယာမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(မြန်မာ့အလင်း)**

တက္ကသိုလ်ဝင်စာမေးပွဲ(ဓာတုဗေဒ)ဘာသာရပ်ဖြေဆို

နေပြည်တော် မတ် ၁၄

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(ဓာတုဗေဒ)ဘာသာအား ယနေ့ ဖြေဆိုကြရာ မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီး/ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာန စုစုပေါင်း ၁၄၄၂ ခုတွင် ကျောင်းသား ကျောင်းသူများ စည်းကမ်းတကျ ဖြေဆိုကြသည်ကို တွေ့ရသည်။

ယခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဓာတုဗေဒဖြေဆိုရန် စာရင်း ပေးသွင်းထားသူ ကျောင်းသား ကျောင်းသူ ၆၁၁၀၄၁ ဦးတွင် ယနေ့ဖြေဆို သူပေါင်း ၅၇၈၁၄၅ ဦးရှိပြီး စတင်ဖြေဆိုသည့်နေ့မှ ယနေ့အထိ ဖြေဆို ရန် ပျက်ကွက်သူပေါင်း ၃၂၉၉၆ ဦး ဖြစ်သည်။ သို့ဖြစ်၍ ယနေ့ဖြေဆိုသူ စုစုပေါင်း ၉၄ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ပျက်ကွက်သူစုစုပေါင်း ၅ ဒသမ ၄၀ ရာခိုင်နှုန်းရှိကြောင်း၊ ယနေ့ဖြေဆိုသူအနေဖြင့် ရန်ကုန်တိုင်းဒေသ ကြီးတွင် ၁၀၀၇၀၃ ဦးဖြေဆိုပြီး ဖြေဆိုသူဦးရေအများဆုံးဖြစ်၍ စစ်ကိုင်း တိုင်းဒေသကြီးတွင် ဖြေဆိုသူ ၇၁၄၅၄ ဦးရှိပြီး ဖြေဆိုသူဦးရေ၏ ၉၆ ရာခိုင်နှုန်းကျော် ဖြေဆိုသည်။ ချင်းပြည်နယ်၌ ဖြေဆိုသူ ၇၂၂၀ ဦးရှိပြီး ဖြေဆိုသူဦးရေ၏ ၈၈ ဒသမ ၇၀ ရာခိုင်နှုန်းသာဖြေဆိုသဖြင့် ဖြေဆိုသူ အနည်းဆုံးဖြစ်၍ နိုင်ငံခြားစာစစ်ဌာနများ၌ ရာနှုန်းပြည့်ဖြေဆိုကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

(သတင်းစဉ်)

အလုပ်အကိုင်ရှာဖွေပွဲ ဟိုတယ်မန္တလေး၌ ပြုလုပ်မည်

မန္တလေး မတ် ၁၄

အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် Mandalay Consultant Group မှကြီးမှူးပြုလုပ်သော အလုပ်အကိုင်အခွင့် အလမ်းပြပွဲ ၂၀၁၆ ကို မတ် ၂၃ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ မန္တလေးချမ်းအေးသာစံမြို့နယ် ၃၃/၃၄ လမ်းကြား ၇၈ လမ်းရှိ ဟိုတယ်မန္တလေး ၌ ကျင်းပသွားမည်ဖြစ်သည်။

ယခုပြပွဲ၌ ကုမ္ပဏီကြီး ၁၅ ခုမှ အလုပ်လိုအပ်သူများအား ခေါ်ယူသွားမည် ဖြစ်သည့်အတွက် ပတ်စ်ပို့ဓာတ်ပုံလေးပုံနှင့် အခြားသက်ဆိုင်ရာအထောက် အထားများဖြင့် လာရောက်လျှောက်ထားရမည်ဖြစ်ကြောင်း၊ ပညာပေးဟောပြော ပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်းကို MCG MD မနှင်းပွင့်ဖြူက ပြောပြ သည်။

ထို့နောက် ကိုထွန်းအောင်ကျော်ကလည်း "မြန်မာနိုင်ငံမှာရှိတဲ့ အလုပ် လိုအပ်နေသူများအနေနဲ့ အလုပ်အတွေ့အကြုံများ လိုအပ်နေတာကို တွေ့ရ ပါတယ်။ ကျွန်တော်တို့ MCG အနေနဲ့ အလုပ်ရှင်များနဲ့ပူးပေါင်းပြီး အလုပ်သင် များပေါ်ထွက်လာရေး ကြိုးစားသွားမှာဖြစ်ပါတယ်။ အဲဒီလိုဖြစ်လာရင် အလုပ်ရှင်တွေဘက်ကရော၊ အလုပ်သမားတွေဘက်ကပါ နှစ်ဦးနှစ်ဖက်အကျိုးရှိ မှာဖြစ်ပါတယ်။ ကျောင်းများတက္ကသိုလ်များမှာလည်း အလုပ်အကိုင်နဲ့ပတ်သက် ပြီး အသိပညာပေးဟောပြောပွဲများ ပြုလုပ်သွားမှာဖြစ်ပါတယ်" ဟု ပြောပြ သည်။

ကျော်ထူး(မန္တလေး)

သတ္တမအကြိမ် (၄၇)ပါးစုံညီ ဒသမအစည်းအဝေးကျင်းပ၊ ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများ ဆွေးနွေးဆုံးဖြတ်တော်မူ

ရန်ကုန် မတ် ၁၄

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ သတ္တမအကြိမ် (၄၇) ပါးစုံညီ ဒသမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ကျင်းပရာ နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဖန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညို ကြသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌမန္တလေး မြို့ ဖန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသက အခမ်းအနား မှူးအဖြစ် ဆောင်ရွက်တော်မူပြီး သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ (ပထမအဖွဲ့ခွဲ) ၏ တာဝန်ကျရာကာလအတွင်း ဆောင်ရွက် ချက်များအနက် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာ ဆောင်ရွက် ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြသည်။

ဆက်လက်၍ ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများနှင့် ဆောင်ရွက်ချက်များကို အဖွဲ့ဝင်ဆရာတော်များက ပြန်လည်ရှင်းလင်းလျှောက်ထားတော်မူကြသည်။

ထို့နောက် တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက် ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသက အတည်ပြု ချက်ရယူပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များ က ဇယန္တော ဗောဓိယာမူလေ အစချီသော နှစ်ဂါထာကို သုံးကြိမ် ရွတ်ဆို တော်မူပြီး သာဓု(၃)ကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ (၄၇) ပါးစုံညီ ဒသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင် စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃ မဟာနာယက ဆရာတော်ကြီးများအား အလှူရှင် ကျိုက္ကဆံဝေဠုဝန်ကျောင်း တိုက် ဆရာတော် ဘဒ္ဒန္တ မာနိတနှင့် တပည့်ဒါယကာ/ ဒါယိကာမများက (သတ္တရသမ)အကြိမ်မြောက် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဖုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

နေပြည်တော် မတ် ၁၄

အဋ္ဌမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို နိုင်ငံကျော်ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၊ ဇာတ်သဘင်အဖွဲ့ကြီး များဖြင့် တပေါင်းလဆန်း ၉ ရက် မှ တပေါင်းလပြည့်နေ့အထိ ခုနစ်ညတိုင် ရဟန်းရှင်လူ ပြည်သူအများ အခမဲ့ ကြည့်ရှုနိုင်ရေး၊ ဇာတ်ပွဲကြီးများ၊ အငြိမ့်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ချား၊ ရဟတ်၊ ကလေးကစားကွင်းများ စုံလင်စွာဖြင့် ကျင်းပမည်ဖြစ်သည်။

ဘုရားပွဲတော်ရက်အတွင်း ကပြမည့်ဇာတ်သဘင်အဖွဲ့များမှာ မတ် ၁၇ ရက်မှ ၁၉ ရက်အထိ သစ္စာမေတ္တာ ရွှေမန်းသဘင် ဇာတ်ပွဲ၊ မတ် ၂၀ မှ ၂၂ ရက်အထိ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဟာသလူရွှင်တော်များ မဟာရန်ကုန် အင်ပါယာအငြိမ့်ကပွဲ၊ မတ် ၂၂ မှ ၂၃ ရက် အထိ မင်းမြတ်စွမ်းကတဲ့ စွမ်းသဘင်အဖွဲ့တို့က အခမဲ့ဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပူဇော်မည်

မန္တလေး မတ် ၁၄

နှစ်စဉ် ကျင်းပမြဲဖြစ်သော ချမ်းအေးသာစံမြို့နယ် ၆၃ လမ်းနှင့် ၂၉ လမ်းထောင့် ပြည်ကြီးမျက်မှန် ရပ်ကွက်၌ တည်ရှိသော သီပေါမင်း ကြီး တည်ထားကိုးကွယ်ခဲ့သော အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာ လောကရန်နိုင် အောင်တော်မူမြတ်စွာ ဘုရား၏ (၂၄)ကြိမ်မြောက် သံဃာ့ ဒါနဆွမ်းဆန်စိမ်း လောင်းလှူပူဇော် ပွဲကို မတ် ၂၀ ရက် မွန်းလွဲ ၂ နာရီ တွင် အောင်တော်မူဘုရား ပရိဝုဏ် အတွင်းရှိ ဆွမ်းလောင်းမဏ္ဍပ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ပွဲတွင် မဟာလောကရန်နိုင် အောင်တော်မူ မြတ်စွာဘုရားကြီး၏ သက်တော် ၁၃၃ နှစ်က ရည်မှန်း၍ ဘုရားအမှူးပြုသော ပင့်သံဃာ ၁၃၄ ပါးအား ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် ပစ္စည်းစုံတို့ကို လှူဒါန်းမည်ဖြစ်ရာ စေတနာရှင် ကုသိုလ်ရှင်များက အောင်တော်မူဘုရား အလှူခံဌာနသို့ မိမိတို့သဒ္ဓါ ဆန္ဒအလျောက် လှူဒါန်း လျက်ရှိကြသည့်အပြင် သီးသန့် လောင်းလှူလိုသည့် အလှူရှင်များ အား စီစဉ်ပေးမည်ဖြစ်၍ အလှူခံဌာန သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

သန်လျင်မြို့နယ်လုံးဆိုင်ရာ သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်လုံးဆိုင်ရာ သက်ကြီးပူဇော်ပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် ဖွံ့ဖြိုးရေးဖုန် ရတနာရှင်းသန့်ကုမ္ပဏီက ဦးဆောင်၍ မတ် ၁၉ ရက် နံနက် ၇ နာရီတွင် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါပူဇော်ပွဲတွင် ရတနာရှင်းသန့်ကုမ္ပဏီက တစ်မြို့ နယ်လုံးရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုး၊ အဘွား ၅၁၁ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီနှင့် လှူဖွယ် ပစ္စည်းများ ကန်တော့မည်ဖြစ်သည်။ သီးခြားလှူဒါန်း လိုကြသော အလှူရှင်များအနေဖြင့် သာသနာ့ဗိမာန်ရုံး အဖွဲ့ ဖုန်း ၀၅၆-၂၂၁၁၄၊ ၀၅၆-၂၂၀၀၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

သန်းဝင်း (သန်လျင်)

ပြင်ဆင်ဖတ်ရှုပါရန်

မတ် ၁၂ ရက်နေ့ထုတ် မြန်မာ့ အလင်းသတင်းစာ စာမျက်နှာ ၆ တွင် ဖော်ပြခဲ့သော "သံတမန် ရေးရာ သင်တန်းဖွင့်" အစား "သံတမန်ရေးရာ သင်တန်းဆင်း" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

(သတင်းစဉ်)

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၄

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

အလောင်းဘုရား၏ ခမည်းတော် အုတ်နန်းပြာသာဒ်ထိန်းသိမ်းရန်လိုနေ

ရွှေဘို မတ် ၁၄

တတိယမြန်မာနိုင်ငံတော်၏ ဝထမမြို့တော်ဖြစ်သည့် ပြည်ရွှေဘိုတွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ဖခမည်းတော်မင်းညိုစံ၏ အုတ်နန်းပြာသာဒ်တော်မှာ နှစ်ပေါင်း ၃၀၀ ကျော်ရှိလာပြီဖြစ်သဖြင့် တဖြည်းဖြည်း ယိုယွင်းပျက်စီးလာရာမှ ယနေ့ မြင်နေရသည့် ပုံအတိုင်း ဖြစ်နေသည်။ **(အပေါ်ပုံ)**

ဤအတိုင်း ဆက်လက်မထိန်းသိမ်းနိုင်ပါက အဖိုးတန်သမိုင်းအမွေအနှစ်တစ်ခုသည် မကြာမီအချိန်အတွင်း ယိုးယွင်းပျောက်ကွယ်မည့်အခြေအနေသို့ ရောက်ရှိသွားမည်ဖြစ်သည်။

တည်နေရာမှာ ရွှေဘိုမြို့ အမှတ်(၄) ရပ်ကွက်ကြီး ပိဋကတ်အောင်မြင်ကျောင်းတိုက်ဝင်းအတွင်း၌ရှိပြီး အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ မူလအိမ်တော်ရာ ရွှေချက်သိုစေတီတော်၏ အရှေ့ဘက်တည့်တည့် ကိုက် ၃၀၀ ခန့်အကွာတွင်ရှိကြောင်း သိရသည်။ **(၀၅၀)**

သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေး

ကန့်ဘလူ မတ် ၁၄

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ကောက်ယူရရှိခဲ့သည့် သန်းခေါင်စာရင်း ဆိုင်ရာ အချက်အလက်များအသုံးပြုနိုင်ရေးအတွက် အသိပညာပေးခြင်းလုပ်ငန်း ဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက် ညောင်အိုင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ မတ် ၁၄ ရက်က ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင် ဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် သန်းခေါင်စာရင်းအကြောင်းအရာ ကောက်ယူသည့် နည်းလမ်း၊ သရုပ်ပြလေ့ကျင့်မှု၊ လူဦးရေဆိုင်ရာ အချက်အလက်များ၊ ပြည်တွင်းပြည်ပရွှေ့ပြောင်းသွားလာခြင်း၊ ပညာရေးနှင့် စီးပွားရေးအကြောင်းအရာအချက်အလက်များ၊ ကလေးမွေးဖွား မှုနှင့်သေဆုံးမှုအကြောင်းအရာများ၊ ကိုင်ဆောင်သည့် လက်မှတ်အမျိုးအစား၊ မသန်စွမ်းမှုအကြောင်းအရာ၊ အိမ် အကြောင်းအရာ၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ တစ်နေ့တာ သင်ကြားမှုအကျဉ်းချုပ်နှင့် ပြန်လည်ဆန်းစစ်ခြင်းများကို မတ် ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ကြာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း

◆ *ရှေ့ဖုံးမှ*

Prof. Pornpetch Wichitcholchai နှင့် ဒုတိယဥက္ကဋ္ဌ (၁) Mr. Surachai Liengboonlertchai တို့ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ အိန္ဒိယသမ္မတနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌ H. E. Mr. Mohammad Hamid Ansari ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာနှင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ H. E. Mr. Choe Tae Bok ထံမှ ပေးပို့လာသည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာတို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ တိုးချဲ့ဖြင်ဆင်ဖွဲ့စည်းခြင်းနှင့် ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာအား နယ်နိမိတ်ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်း၊ ရောဝတီတိုင်းဒေသကြီးတွင် ရပ်ကွက်လေးရပ်ကွက်ပါဝင်သော လပွတ္တာသုံးမိုင်မြို့နှင့် ကျေးရွာ ၁၆ ရွာ တိုးချဲ့ဖွဲ့စည်း၍ ရပ်ကွက်သုံးရပ်ကွက် အမည်ပြောင်းလဲဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့အသီးသီးက တင်ပြသည့် ဒုတိယသမ္မတများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံခြင်း ရှိ/မရှိ စိစစ်ရေးအဖွဲ့၏ တွေ့ရှိချက်ကို လွှတ်တော်သို့တင်ပြရာတွင် ဒုတိယသမ္မတသုံးဦးကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၇ နှင့်အညီ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းများ ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်ရေးအဖွဲ့က စိစစ်ရွေးချယ်ခဲ့ပြီးဖြစ်ပါကြောင်း။

အဆိုပါ စိစစ်ချက်အကျဉ်းချုပ်အရ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က အဆိုပြုသော သမ္မတလောင်း၏ အရည်အချင်းကို ဥပဒေနှင့်အညီ စိစစ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ရယူရာတွင် အဖွဲ့ဝင်များဖြစ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်အစုအဖွဲ့မှ ဒေါက်တာမျိုးအောင်နှင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်အစုအဖွဲ့မှ ဦးဘမျိုးသိန်းတို့က ထောက်ခံပါကြောင်း။

တပ်မတော်သား လွှတ်တော်အစုအဖွဲ့မှ ဗိုလ်ချုပ်သန်းစိုးက ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းမပြုပါကြောင်း၊ ဦးထင်ကျော်သည် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးမဟုတ်သူဖြစ်၍ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ပုဒ်မ ၃ ပုဒ်မခွဲ(ဆ)တွင် လွှတ်တော် ရွေးကောက်ပွဲနှင့် ရွေးကောက်ခံပိုင်ခွင့်အတွက် သတ်မှတ်ထားသည့် အရည်အချင်းများကို စိစစ်ရန် လိုအပ်မည်ဟု ဆွေးနွေးပါကြောင်း။

စိစစ်ရေးအဖွဲ့ဝင် ခုနစ်ဦးရှိသည့်အနက် ခြောက်ဦးက ထောက်ခံသဖြင့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့၏ သမ္မတလောင်းအဖြစ် အဆိုပြုခြင်းခံရသော ဦးထင်ကျော်သည် နိုင်ငံတော်ကိုယ်စားလှယ်အစုအဖွဲ့မှ ဗိုလ်ချုပ်သန်းစိုးက ကန့်ကွက်ပါကြောင်း၊ ဦးဟင်နရီဗန်ထီးယူသည် နိုင်ငံခြား၌ မိသားစုနှင့်အတူ ခြောက်နှစ်ခန့် နေထိုင်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ခွင့်ပြုချက်ဟူသော စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ မေးမြန်းသင့်ပါကြောင်း၊ ၎င်းကိုယ်တိုင်နှင့် ဇနီးဖြစ်သူတို့သည် နိုင်ငံခြား၌ မည်သည့်အစီအစဉ်ဖြင့် နေထိုင်သည်ကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ စ ပါ အကြောင်းအရာများအတွက် စိစစ်သင့်သည်ဟု ယူဆပါကြောင်း၊ ၎င်းအနေဖြင့် သမ္မတ

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ သမ္မတလောင်းအဖြစ် အဆိုပြုခြင်းခံရသော ဦးမြင့်ဆွေသည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပါ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအတွက် သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသူဖြစ်သည်ဟု ဆုံးဖြတ်ပါကြောင်း။

သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က ဥပဒေ၊ နည်းဥပဒေနှင့်အညီ ရွေးချယ်တင်ပြထားသည့် ဒုတိယသမ္မတသုံးဦးသည် နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံကြောင်း စိစစ်ရေးအဖွဲ့ဝင်အများစုက

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ အစည်းအဝေးမှ ပြည်ထောင်စုလွှတ်တော် နာယက ပြန်လည်ထွက်ခွာစဉ်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့မှ ဗိုလ်ချုပ်သန်းစိုးက ကန့်ကွက်ပါကြောင်း၊ ဦးဟင်နရီဗန်ထီးယူသည် နိုင်ငံခြား၌ မိသားစုနှင့်အတူ ခြောက်နှစ်ခန့်နေထိုင်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ခွင့်ပြုချက်ဟူသော စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ မေးမြန်းသင့်ပါကြောင်း၊ ၎င်းကိုယ်တိုင်နှင့်ဇနီးဖြစ်သူတို့သည် နိုင်ငံခြား၌ မည်သည့်အစီအစဉ်ဖြင့် နေထိုင်သည်ကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ စ ပါ အကြောင်းအရာများအတွက် စိစစ်သင့်သည်ဟု ယူဆပါကြောင်း၊ ၎င်းအနေဖြင့် သမ္မတလောင်းသည် အထက်ပါအကြောင်းအရာများနှင့် ငြိစွန်းသည်ဟု ဆွေးနွေး

သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပါ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအတွက် သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသူဖြစ်သည်ဟု ဆုံးဖြတ်ပါကြောင်း။

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က အဆိုပြုသောသမ္မတလောင်း၏ အရည်အချင်းကို ဥပဒေနှင့်အညီ စိစစ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ရယူရာတွင် အဖွဲ့ဝင်များဖြစ်ကြသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရွေးကောက်ခံပြည်သူ့လွှတ်တော်အစုအဖွဲ့မှ ဒေါက်တာမျိုးအောင်နှင့် အမျိုးသားလွှတ်တော်အစုအဖွဲ့မှ ဦးဘမျိုးသိန်းတို့က ထောက်ခံပါကြောင်း။

တပ်မတော်သား လွှတ်တော်

လောင်းသည် အထက်ပါအကြောင်းအရာများနှင့် ငြိစွန်းသည်ဟု ဆွေးနွေးပါကြောင်း။

သမ္မတလောင်းအား စိစစ်ရေးအဖွဲ့ဝင် ခုနစ်ဦးရှိသည့်အနက် ခြောက်ဦးက ထောက်ခံသဖြင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့၏ သမ္မတလောင်းအဖြစ် အဆိုပြုခြင်းခံရသော ဦးဟင်နရီဗန်ထီးယူသည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပါ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအတွက် သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသူဖြစ်သည်ဟု ဆုံးဖြတ်ပါကြောင်း။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က အဆိုပြုသော သမ္မတလောင်း၏ အရည်အချင်းကို ဥပဒေနှင့်အညီ စိစစ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များ ရယူရာတွင် ထောက်ခံတင်ပြထားပါကြောင်း၊ စိစစ်ရေးအဖွဲ့ဝင်တစ်ဦးက သမ္မတလောင်းဆိုင်ရာ အချက်အလက်အချို့ကို ပြန်လည်စိစစ်သင့်သည်ဟု တင်ပြထားပါကြောင်း၊ စိစစ်သင့်ကြောင်း ဆွေးနွေးချက်ကိုလည်း စိစစ်ရေးအဖွဲ့တွင် မှတ်တမ်းတင်ထားပြီး ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ထားပါကြောင်း ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို မတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို မတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ခန္တီးမြို့ ဘိုးဘွားရိပ်သာနှင့် လဟယ်မြို့ မူကြိုကျောင်းများ ဖွင့်လှစ်

နေပြည်တော် မတ် ၁၄

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် မတ် ၁၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့သို့ရောက်ရှိပြီး အမှတ်(၅၂) ခြေလျင်တပ်ရင်း၊ မူလတန်းကြိုကျောင်း၌ မူကြိုကလေးများ၏ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြည့်ရှု၍ လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးဌာနမှ ငွေကျပ် သိန်း ၄၀၀ ဖြင့် ထောက်ပံ့ထားသည့် ခန္တီးမြို့ ဘိုးဘွားရိပ်သာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အဘိုး၊ အဘွားများအား အသုံးအဆောင်ပစ္စည်းများ ကန်တော့ကာ ဘိုးဘွားရိပ်သာအတွက် မိသားစုသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

မတ် ၀၃ ရက်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ဝန်ကြီးဌာနမှ ငွေကျပ်သိန်း ၃၀၀ ဖြင့် ထောက်ပံ့ထားသည့် လဟယ်စံပြမူလတန်းကြိုကျောင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးရှုစ်ကြူးနှင့် အမြတမ်းအတွင်းဝန် ဦးစိုးအောင်တို့နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ မူကြိုကလေးများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအကြောင်း (ECCD) ရှင်းလင်းပြောကြား၍ မိသားစုသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ လဟယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆရာဝန်၊ သူနာပြုများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ မိသားစုသုံးပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပမှု လာရောက်လေ့လာ

နေပြည်တော် မတ် ၁၄

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့သို့ ရန်ကုန်တက္ကသိုလ် နိုင်ငံရေးသိပ္ပံ ဒီပလိုမာသင်တန်းမှ သင်တန်းသား သင်တန်းသူများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မိတ်ဆွေများနှင့် Link International Myanmar Ltd မှ ဝန်ထမ်းများ စုစုပေါင်း ၆၀ သည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှုသည်။ **(သတင်းစဉ်)**

တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၁၄

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ သိရသည်။ **(မြန်မာ့အလင်း)**

✻ ကျော်စိုးမှ

ပြည့်စုံလှသည့် သင်ထောက်ကူများကြောင့် ကျောင်းသား ကျောင်းသူများ တက်ကြွစွာသင်ယူမှု ပြုနိုင်ကြသကဲ့သို့ တလက်လက်မီးစများအကြား အလုပ်သမားဝတ်စုံပြည့်ဖြင့် လက်တွေ့ သင်ယူနေကြသည့် ဂဟေဆက်နေသူ လူငယ်အချို့ကိုလည်း မြင်တွေ့ရသည်။ မြင့်မားသည့် သင်ထောက်ကူ ပစ္စည်းများအပြင် မကြာခဏဆိုသလိုပင် လုပ်ငန်းခွင်များသို့ လေ့လာရေးထွက်ရသည့် အတွေ့အကြုံကလည်း အလွန်တက်ကြွသည့် အနာဂတ်အိပ်မက်များကို မက်စေသည်ဟု အသက် ၁၇ နှစ်အရွယ် မောင်ကောင်းမြတ်က အတန်းနားချိန်တွင် ဖြေကြားသည်။

"အစဉ်အလာ ကြီးမားခဲ့တဲ့ နတ်မောက်စက်မှု အထက်တန်းကျောင်းကြီးကို ပြန်လည်နိုးထအောင် ဆောင်ရွက်ပေးတဲ့သူက သမ္မတကြီးဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ သမ္မတကြီးက စင်ကာပူသမ္မတနဲ့ တွေ့ဆုံခဲ့တဲ့အချိန် ကျောင်းကြီးကို အဆင့်မြှင့်တင်ပြီး ဖွင့်လှစ်နိုင်အောင် ကမ်းလှမ်းမှုကြောင့် စင်ကာပူသမ္မတကြီးကလည်း ဝမ်းပန်းတသာနဲ့ လက်ခံပြီး စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်းအဖြစ် ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်" ဟု ဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါက်တာ မျိုးသီတာက ပြောပြသည်။

ကျောင်းဖွင့်လှစ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ အရည်အချင်းပြည့်ဝသည့် လုပ်သားကောင်းများ မွေးထုတ်ကာ လူငယ်များအတွက် အနာဂတ်သစ်ကို ဖော်ဆောင်ရန်ဖြစ်သည်။ နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည့် ကျောင်းကြီးအတွက် အကြီးစား ပြုပြင်မွမ်းမံမှုများနှင့် လက်တွေ့သင်ခန်းစာ အသီးသီးအတွက် သင်ထောက်ကူပစ္စည်းများအားလုံးကို စင်ကာပူအစိုးရနှင့် စင်ကာပူ အခြေစိုက်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များက ထောက်ပံ့ပေးထားသည်။

"ပထမဆုံး သင်တန်းကို ၂၀၁၅ နှစ်လယ်ပိုင်းမှာ စတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ တစ်နှစ်ကျော်ကြာအောင် ကျောင်းရဲ့လိုအပ်တဲ့ ပစ္စည်းတွေနဲ့ ပြုပြင်တာတွေကို လုပ်ခဲ့ပြီး သင်ကြားရေးအတွက် ဆရာတွေကိုလည်း လိုအပ်တဲ့ အဆင့်မြင့်သင်တန်းတွေကို ကျောင်းမှာရော စင်ကာပူမှာပါ သွားရောက်ဖြည့်ဆည်းခဲ့ရပါတယ်။ မထင်မှတ်ထားတဲ့ ကျောင်းသားကျောင်းသူဦးရေနဲ့ လျှောက်လွှာတွေကို လက်ခံရရှိခဲ့ပါတယ်။ ကျောင်းမှာ အင်္ဂလိပ်ဘာသာရပ် ခြောက်မျိုးနဲ့ ဟိုတယ်နှင့်ခရီးသွား ဘာသာရပ် လေးမျိုးကို တစ်မျိုးကို ကျောင်းသားအရေအတွက် ၄၀ စီ လက်ခံသင်ကြားပေးနေတာပါ။ ဟိုတယ်/ခရီးအတွက် လျှောက်ထားသူ ၇၀၀ နီးပါးအနက်က ရွေးချယ်ခဲ့ရသလို အင်ဂျင်နီယာဘာသာရပ်တွေမှာလည်း လက်ခံနိုင်တဲ့ဦးရေထက် ကိုးဆကျော် လျှောက်ခဲ့ကြပါတယ်။ ကျွန်မတို့အနေနဲ့ အင်္ဂလိပ်စာအခြေခံ ကောင်းမွန်သူတွေနဲ့ ပြည်တွင်းက အလုပ်အကိုင်အခွင့်အလမ်းတွေ အပေါ်မှာ စိတ်အားထက်သန်စွာနဲ့ မျှော်လင့်မယ့်ကလေးတွေကို စိစစ်လက်ခံပေးတဲ့အတွက် ပထမအပတ်စဉ်မှာ သင်တန်းသား ၄၀၀ ကို လက်ခံ သင်ကြားပေးခဲ့ပါတယ်" ဟု ဒေါက်တာ မျိုးသီတာက ပြောကြားသည်။

အဆိုပါ ကျောင်းကြီးကို ၁၉၅၄ ခုနှစ် ဇွန် ၈ ရက်တွင် စတင်အုတ်မြစ်ချခဲ့ပြီး ၁၉၅၆ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယင်းနေရာသည် ကျောင်းကြီးမတည်ဆောက်မီက တောထူထပ်ခဲ့သည့် နေရာတစ်ခုလည်းဖြစ်သည့်အတွက် မဆောက်လုပ်မီ မြေအနိမ့်အမြင့်နှင့် လမ်းကြောင်းများကို တွက်ချက်ကာ အင်္ဂလန်မှ Partners London၊ Rangoon Ragian Square Art အဖွဲ့တို့က ဒီဇိုင်းရေးဆွဲခဲ့ကြခြင်းဖြစ်သည်။ ယင်းကျောင်းကြီးကိုမူ Tayler Wood Row ဆောက်လုပ်ရေးအဖွဲ့ (လန်ဒန်)နှင့် United Burmese Engineering ကုမ္ပဏီတို့က နှစ်နှစ်ကျော်ကြာ အချိန်ယူတည်ဆောက်ခဲ့ကြောင်း ကျောင်းတော်ကြီး၏ ညာဘက်အဝင်ပေါက်ဝ နံရံအတွင်း မြှုပ်၍ ထည့်သွင်းထားသည့် သမိုင်းမော်ကွန်းစာအရ သိရှိရသည်။ ကျောင်းကြီးကို လျှာဒါန်းသူမှာ အမေရိကန်ပြည်ထောင်စု FORD ဖောင်ဒေးရှင်းမှဖြစ်ပြီး လိုအပ်ချက်မရှိ ပြီးပြည့်စုံခဲ့သည့် နိုင်ငံတကာအဆင့်အတန်းမီ အရှေ့တောင်အာရှ၏ အားကျစံဖြစ်ဖွယ် ကျောင်းကြီးတစ်ကျောင်း ဖြစ်ခဲ့သည်။

"ကျောင်းတက်ရတာ အလွန်ဂုဏ်ယူစရာကောင်းတယ်။ သင်ကြားမှုပိုင်းမှာလည်း စနစ်ကျလွန်းတာကြောင့် နတ်မောက်အထက်တန်းကျောင်းထွက် လူညံ့ကို မရှိဘူး" ဟု ကျောင်းသားဟောင်း ဦးစိုးလွင်က ပြောပြသည်။ ကျောင်းသားဘဝအမှတ်တရများတွင် ကျောက်စီပန်းချီကားကြီးများသည် အရေးပါလွန်းလှပြီး အချင်းချင်းဆုံရပ်အဖြစ် ပန်းချီကားများကို အမှတ်သညာ ပြုကြသည်။ နံရံပြည့်ကပ်ထားသည့် ကျောက်စီပန်းချီများကို ကျောင်းကြီး၏ အတွင်းအပြင် နံရံများပေါ်၌ မြင်တွေ့ရပြီး ကျောင်းဆောက်လုပ်စဉ်က ယင်းနံရံပန်းချီများကို ပြိုင်ပွဲပြုလုပ်ကာ ရွေးချယ်အလှဆင်ခဲ့ခြင်းဖြစ်သည့်အတွက် ဆုရပန်းချီကျော်၏ ကျောက်စီလက်ရာများမှာ အံ့မခန်း သပ်ရပ်လှပမှုကို ယနေ့တိုင် မြင်ရသည်။ ကျွန်းသစ်များကို ဆွဲယူလာသည့် ဆင်လိမ္မာနှင့် လှေပေါ်မှ ကုန်များကိုချကာ လှည်းပေါ်သို့ တင်နေဟန်၊ သစ်များကို ခွဲစိတ်နေဟန်၊ ရှင်ဘုရင် တိုင်းခန်းလှည့်လည်နေဟန်၊ အုတ်သယ်ယူနေသည့် အလုပ်သမားများဟန်တို့ကို လက်ရာရှင် ပန်းချီဦးစံဝင်းနှင့်အဖွဲ့က ရေးဆွဲထားခြင်းဖြစ်သည်။ ထို့ပြင် ကျောင်းရှေ့နှင့် ကျောင်းအလယ်တို့တွင် ကျောင်းသားနှင့် ဆရာတို့၏ ချစ်ခင်ရင်းနှီးမှုကို ဖော်ပြသည့်အနေဖြင့် အပြန်အလှန် ရေပက်ဖျန်းနေသည့် ရုပ်တုနှင့် ကျောင်းသား၊ ဆရာ လက်တွဲကာ အလံကိုင်၍ ချီတက်နေသည့် ရုပ်တုများအား ပုံဖော်ထားသည်ကို မြင်တွေ့ရပြီး ထိန်းသိမ်းစောင့်ရှောက်မှုကြောင့် အကောင်းပကတိမြင်တွေ့ရသည်။

သာယာလှပခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ ရိုင်းပင်းကူညီခြင်း၊ စည်ပင်ဝပြောခြင်းစသည့် အဓိပ္ပာယ်တို့ကို ယင်းပန်းချီကားများတွင် လှစ်ဟထားပြီး ယနေ့တိုင် မပျက်မယွင်းတည်ရှိနေခြင်းကပင် ဂုဏ်ယူဖွယ်ဖြစ်ကြောင်း နတ်မောက် စက်မှုလက်မှု အထက်တန်း ကျောင်းသားဟောင်းများအသင်းမှ အတွင်းရေးမှူး ဦးကိုကိုမော်က ပြောပြသည်။

ယခု ပထမအပတ်စဉ်မှ ဟိုတယ်နှင့်ခရီး သင်တန်းလေးခုမှာ စာမေးပွဲများ ဖြေဆိုပြီးစီးခဲ့သဖြင့် ဧပြီလတွင် အောင်စာရင်း ထွက်ရှိမည်ဖြစ်ကြောင်း၊ အင်ဂျင်နီယာသင်တန်းများမှာမူ မကြာမီပြီးစီးမည်ဖြစ်သဖြင့် ဒုတိယအသုတ်သင်တန်းများ ဖွင့်လှစ်ရန် စတင်လက်ခံပေးနေပြီဖြစ်ကြောင်း သိရသည်။

"မူလ နတ်မောက်ကျောင်းကြီးရဲ့ သင်ရိုးက အတော်စနစ်ကျပါတယ်။ ကျွန်မတို့ အခုပေးနိုင်တာက အသိအမှတ်ပြုလက်မှတ်အဆင့် ဖြစ်ပြီး ကာလက ခြောက်လပဲ သင်ကြားပေးတာပါ။ မူလကျောင်းတော်ကြီးတုန်းက ကျောင်းသားတွေကို အဋ္ဌမတန်းကနေ စလက်ခံပေးတယ်။ သုံးနှစ်တက်ရတယ်။ အဲဒီကနေမှ ဂျီတီအိုင်ကို ပေါင်းကူးရတယ်။ ဂျီတီအိုင်ကနေမှ အာရ်အိုင်တီကို ချိတ်ဆက်သင်ကြားနိုင်ကြတယ်။ အခု စင်ကာပူနိုင်ငံရဲ့ အင်ဂျင်နီယာသင်ကြားမှုကျောင်းတွေက အဲဒီပုံစံအတိုင်း သွားနေကြတာ တွေ့ရပါတယ်။ ကျွန်မတို့ ဆရာသမားတွေ ပြောကြားချက်အရဆိုရင် ပြည်ထောင်စုကျောင်းကြီးလို့ ပြောနိုင်ပါတယ်။ ဒေသပေါင်းစုံက ကျောင်းသားတွေအားလုံးထဲကနေ ရွေးချယ်ပြီး စေလွှတ်လို့ အင်ဂျင်နီယာသင်ကြားခွင့်ရသူတွေဖြစ်ပါတယ်။ အခု ကျွန်မတို့အနေနဲ့လည်း စင်ကာပူရဲ့ ထောက်ပံ့မှုအတွက် အများကြီး ကျေးဇူးတင်ဖို့ကောင်းသလို လက်ရှိကျောင်းသစ်ရဲ့ ထူးခြားချက်က အင်္ဂလိပ်စာဘာသာကို အဓိကသင်ကြားပေးနေတာဖြစ်ပြီး မြန်မာစကားလုံးဝမပြောသလောက် ရှိပါတယ်။ ပို့ပြီးတင်းကျပ်ထားတဲ့ စည်းကမ်းက ကျောင်းခေါ်ချိန်ကို ၉၀ ရာခိုင်နှုန်း မပြည့်ရင် စာမေးပွဲဖြေခွင့်မပေးပါဘူး။ လက်တွေ့ပိုင်း သင်ကြားတာက အဓိကဆိုတော့ ပို့ပြီးတင်းကျပ်ထားရတယ်" ဟု ဒေါက်တာ မျိုးသီတာက ပြောပြသည်။

နိုင်ငံ၏ လုပ်သားအင်အားလိုအပ်ချက်ကို ဖြည့်စွမ်းပေးနိုင်သည့် သက်မွေးပညာသင်တန်းကျောင်းများ ပေါ်များစွာ ထွက်ပေါ်လာရေးအတွက် ပိုမိုလိုအပ်နေကာ လာရောက်လျှောက်ထားသူ ဦးရေများပြားမှုကြောင့် ပိုမိုတိုးချဲ့ဖွင့်လှစ်ပေးရန် လိုအပ်နေကြောင်း ဟိုတယ်ဝန်ဆောင်မှုပညာများကို သင်ကြားပေးနေသည့် ဆရာမတစ်ဦးက ပြောကြားသည်။ သင်တန်းပြီးဆုံးပါက အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက်လည်း ဟိုတယ်လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး ဟိုတယ်များကလည်း သင်ကြားမှုတွင် ကူညီထောက်ပံ့ပေးသည့်အတွက် ကလေးများ၏အနာဂတ် အလုပ်အကိုင်အခွင့်အလမ်းများအတွက် ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။

"အလုပ်အကိုင် ၁၀၀ ရာခိုင်နှုန်း ရမယ်လို့ အာမမခံနိုင်ပေမယ့် ကလေးတွေအများစုက အလုပ်အကိုင် အလွယ်တကူနဲ့ ရရှိနိုင်အောင် ဖြည့်ဆည်းပေးပြီး အလုပ်အကိုင်တွေနဲ့လည်း ချိတ်ဆက်ပေးနေပါတယ်။ ကျွန်မတို့က အခြေတည်စဆိုတော့ အခက်အခဲတွေ အများကြီးရှိပါတယ်။ နှစ်နိုင်ငံ အစိုးရ၊ အဖွဲ့အစည်းတွေ၊ လုပ်ငန်းတွေအားလုံးနဲ့ ချိတ်ဆက်ဆောင်ရွက်ရတာကြောင့် ညှိနှိုင်းမှုတွေကို အဆင့်ဆင့်ပြုလုပ်ရတယ်။ ဒါပေမယ့် ကျွန်မ အလွန်ကျေနပ်အားရမိပါတယ်။ ကလေးတွေရဲ့ စွမ်းရည်တွေမြင့်လာတာကို မြင်ရတယ်။ ဒီအဆောက်အအုံကြီး ပြောင်းလဲ တောက်ပလာတယ်။ ကလေးတွေအတွက် သောကြာနေ့တိုင်း အားကစားအချိန်အဖြစ် သတ်မှတ်ပေးတာ ရှိပါတယ်။

စာမျက်နှာ ၉ သို့

စင်ကာပူ-မြန်မာ သက်မွေးပညာသင် ပေါလီတက္ကနစ်ဟိုက်စကူးကျောင်းအတွင်း ကျောင်းသား ကျောင်းသူများ အပြန်အလှန်ဆွေးနွေးခြင်းဖြင့် သင်ယူနေမှုကို တွေ့ရစဉ်။

စင်ကာပူ-မြန်မာ သက်မွေးပညာသင် ပေါလီတက္ကနစ်ဟိုက်စကူးကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်လိုက်သည့် ယခင် နတ်မောက်စက်မှုလက်မှု အထက်တန်းကျောင်း။

စင်ကာပူ-မြန်မာ သက်မွေးပညာသင် ပေါ်လီတက္ကနစ်ဟိုက်စကူးကျောင်းအတွင်း သင်ထောက်ကူပစ္စည်းများဖြင့် ကျောင်းသား ကျောင်းသူများ လက်တွေ့သင်ယူနေမှုကို တွေ့ရစဉ်။

စာမျက်နှာ ၈ မှ

ဘောလုံး၊ ခြင်းလုံး၊ စားပွဲတင်တင်းနစ်၊ စစ်တုရင်နဲ့ ဘတ်စကက်ဘော ကစားတာတွေကို ခွင့်ပြုပေးထားတယ်။ ကလေးတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ သင်ယူခွင့်ရတာနဲ့ ယှဉ်ရင် ကျွန်မတို့ ဖြေရှင်းညှိနှိုင်းပူးပေါင်းနေတဲ့ ပင်ပန်းစရာအခက်အခဲတွေက ဘာမှမဟုတ်လောက်အောင်ဖြစ်သွားပြီး ပီတိဖြစ်ရတယ်” ဟု ဒေါက်တာ မျိုးသီတာက ပြောကြားသည်။

နတ်မောက် စက်မှုလက်မှုအထက်တန်းကျောင်းဘဝတွင် စက်မှုလုပ်ငန်းရှင်ပေါင်းများစွာ၊ နိုင်ငံ့ဝန်ထမ်း အင်ဂျင်နီယာပေါင်းများစွာနှင့် နိုင်ငံတကာအထိ ခြေဆန့်နိုင်ခဲ့သော အင်ဂျင်နီယာပညာရှင်ပေါင်းများစွာကို မွေးထုတ်ပေးနိုင်ခဲ့ပြီး နတ်မောက် ကျောင်းသားဘဝသည် အလွန်ဂုဏ်ယူဖွယ်ရာ ကျောင်းသားဘဝ တစ်ဆစ်ချိုးပင်ဖြစ်ခဲ့ရကြောင်း၊ ယနေ့ အသစ်ထွက်ပေါ်လာသည့် စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်းကြီးသည်လည်း အနာဂတ်ပညာရှင်များစွာကို မွေးထုတ်ပေးမည့် ကျောင်းတော်ကြီးဖြစ်သည်။

“ကျွန်တော်တို့လောကမှာ စကြဲ့တဲ့ စကားတစ်ခွန်းရှိပါတယ်။ တရားသူကြီးက မကောင်းမှုတွေများမှ ဝင်ငွေတိုးတာ၊ ဆရာဝန်က နေမကောင်းတဲ့သူရှိမှ ဝင်ငွေရတာ၊ အင်ဂျင်နီယာက နိုင်ငံနဲ့လူမျိုး ကြီးပွားလေလေ ဝင်ငွေတိုးလေလေဆိုတော့ အင်ဂျင်နီယာဘဝကို မြတ်နိုးမိတယ်။ ကျွန်တော်တို့နိုင်ငံက တိုးတက်မြင့်မားလေလေ ကျွန်တော်တို့ အင်ဂျင်နီယာတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်လေလေ ဖြစ်လာမှာမို့ ကလေးတွေကို ကြိုးစားပြီး သင်ယူကြပါလို့ အကြံညာဏ်ပေးချင်တယ်။ အထူးသဖြင့် ကျွန်တော်တို့ နတ်မောက်ကျောင်းကြီးက သမိုင်းဂုဏ်တင့်ခဲ့တဲ့ ကျောင်းကြီးပါ။ စက်မှုလက်မှုလုပ်ငန်းတွေမှာ တိုင်းရင်းသား လုပ်ငန်းရှင်ကြီးတွေအများစုဟာ နတ်မောက်ကျောင်းကြီးရဲ့ ရင်ခွင်ထဲ့ခဲ့သူတွေများတယ်။ ဒါကြောင့် အစဉ်အလာကို ဆက်ထိန်းကြပါလို့ ပြောချင်တယ်”ဟု နတ်မောက်စက်မှုလက်မှု ကျောင်းသားဟောင်းများအသင်းဝင် ဦးစိုးလွင်က ပြောကြားသည်။

လက်ရှိကျောင်းသစ်ရဲ့ ထူးခြားချက်က အင်္ဂလိပ်စာဘာသာနဲ့ အဓိကသင်ကြားပေးနေတာဖြစ်ပြီး မြန်မာစကား လုံးဝမပြောသလောက်ရှိ။

ပိုပြီးတင်းကျပ်ထားတဲ့ စည်းကမ်းက ကျောင်းခေါ်ချိန်ကို ၉၀ ရာခိုင်နှုန်းမပြည့်ရင် စာမေးပွဲဖြေခွင့်မပေးပါဘူး။ လက်တွေ့ပိုင်းသင်ကြားတာက အဓိက။

သင်တန်း၏ ဒုတိယအပတ်စဉ်ဖွင့်လှစ်ရန် လျှောက်လွှာများစတင်လက်ခံတော့မည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်သူ အသက် ၁၆ နှစ်ပြည့်ပြီး သက်မွေးပညာသင်ကြားလိုသူတိုင်း တက်ရောက်နိုင်သည်။ သင်တန်းကာလသည် နံနက် ၉ နာရီမှ ညနေ ၅ နာရီ ခြောက်လတိတိ အချိန်ပြည့် တက်ရောက်ရသည့် သင်တန်းလည်းဖြစ်သည်။ သင်တန်းပြီးဆုံးအောင်မြင်သူများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အသိအမှတ်ပြုသည့် သက်မွေးပညာကျွမ်းကျင်လက်မှတ်ကို ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး နောက်ပိုင်းတွင် ညနေပိုင်းသင်တန်းများနှင့် မော်တော်ကားလုပ်ငန်းသင်တန်းများကိုလည်း တိုးချဲ့ဆောင်ရွက်သွားရန် လျာထားကြောင်း စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်းမှ သိရှိရသည်။

ကျောင်းကြီး၏ တစ်နေ့တာလှုပ်ရှားမှုများသည် ညနေ ၅ နာရီအရောက် ကျောင်းဆင်း ခေါင်းလောင်းသံနှင့်အတူ ပြီးဆုံးသွားသည်။ အပြာနုရောင် တူညီဝတ်စုံရှင်များက ကျောင်းတော်ကြီး၏ လှေကားထစ်များဆီ အလုအယက် ဆင်းခြင်းဖြင့် အိမ်ပြန်ကြတော့မည်။ ဒုတိယကျောင်းအုပ်ဆရာမကြီးက ကလေးများကို ကြည့်ရင်း ဝမ်းသာပီတိဖြစ်သည့် မျက်လုံးများဖြင့် ကျောင်းတော်ကြီး ပြန်လည်နိုးထလာသည့်အကြောင်းကို ရှင်းပြနေသည်။ မကြာမီ အနာဂတ်တွင် မြန်မာလူငယ်များ၏ တက်ကြွသော အစွမ်းသတ္တိများနှင့် အရည်အသွေးတို့ကို ယခင်နတ်မောက်စက်မှုအထက်တန်းကျောင်းသားဟောင်းများ၏ စံနမူနာအတိုင်း ပြန်လည်မြင်တွေ့ကြရတော့မည်။ “သမ္မတကြီးရဲ့ ကျေးဇူးကြောင့် ကျွန်တော်တို့ နတ်မောက်ကျောင်းကြီး ပြန်ရှင်သန်လာပြီ” ဟု အသက် ၅၁ နှစ်အရွယ်ရှိ အီလက်ထရွန်နစ်အင်ဂျင်နီယာ ကိုတင်မိုးက ဖြေကြားသည်နှင့်အပြိုင် ကျောင်းပြန်ဆင်းလာသည့် စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်းမှ သင်တန်းသားမောင်ရဲလေးကလည်း “နေ့တိုင်းမရိုးနိုင်တဲ့ လက်တွေ့သင်ခန်းစာတွေက ကျွန်တော့်အိပ်မက်တွေကို ပြည့်လာစေတယ်”ဟု ဖြေကြားရင်း သူငယ်ချင်းများရှိရာ ကျောင်းကင်န်တင်းသို့ ပြေးဝင်သွားသည်။

မည်သို့ပင်ဆိုစေ ကျောင်းတော်ကြီးက အရည်အချင်းပြည့်ဝသည့် အနာဂတ်လူငယ်များကို နိုင်ငံတော်အတွက် ပြန်လည်မွေးထုတ်ပေးခွင့်ရသည့်အတွက် ဂုဏ်ယူစွာဖြင့် နှစ်ပေါင်း ၆၀ ကျော်တာလကို ဖြတ်သန်းနေပြီဖြစ်ပါကြောင်း။

မြန်မာ့ဆန်စပါးကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ငန်းများ တိုးတက်ထွန်းကားရေး ပုဂ္ဂလိကကဏ္ဍ၏အခန်းကဏ္ဍ ဆွေးနွေးပွဲကျင်းပမည်

နေပြည်တော် မတ် ၁၄

မြန်မာနိုင်ငံ၏ အဓိကသီးနှံဖြစ်သည့် ဆန်စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းအတွက် အဓိကအရေးပါသည့် မျိုးကောင်း မျိုးသန့် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးသည့် မျိုးစေ့ထုတ်လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာရေးတို့သည် လယ်ယာကဏ္ဍအတွက် ပဓာနကျသည်အားလျော်စွာ လက်ရှိရေးဆွဲချမှတ်ထားသည့် “မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ” အရ နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် လုပ်ငန်းအစီအစဉ်များ ဆွေးနွေးဖော်ထုတ်မည် မြန်မာ့ဆန်စပါးကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ မျိုးကောင်း မျိုးသန့် မျိုးစေ့ထုတ်လုပ်ငန်းများ တိုးတက်ထွန်းကားလာရေးအတွက် ပုဂ္ဂလိက၏ အခန်းကဏ္ဍဆွေးနွေးပွဲ (Seminar on the Role of Private Sector for Sustainable Myanmar Rice Sector and Seed Industry Development)တစ်ရပ်ကို မတ် ၁၈ ရက်နှင့် ၁၉ ရက်များတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ဆက်စပ်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ စီးပွားရေးပညာရှင်များ၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI)၊ LIFT၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့မှ တာဝန်ရှိသူများ ပါဝင်တက်ရောက် ဆွေးနွေးကြမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ၊ ပြည်တွင်းပြည်ပမီဒီယာများ ပါဝင်တက်ရောက်နိုင်ကြောင်းနှင့် သိရှိလိုသည်များလို ဖုန်း ၀၆၇-၄၁၀၀၇၀ နှင့် ၀၆၇-၄၁၀၀၀၇ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လန်ကန်-မဲခေါင်လူငယ်ချစ်ကြည်ရေးအစီအစဉ် တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် မတ် ၁၄

တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် မတ် ၁၃ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် “11th Lancang - Mekong Youth Friendship Program” သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်ဆုမြတ်သံလွင်အောင်နှင့် ဒေါ်မေဇော်ဦးတို့သည် ယမန်နေ့ ညနေပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၁၄

နေ့အပူချိန်များမှာ တစ်ပြည်လုံးတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် မကွေးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီ၊ ညောင်ဦးမြို့၊ မင်းဘူးမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ပူတာအိုမြို့၌ ၀ ဒသမ ၀၄ လက်မဖြစ်သည်။ **(မိုး/ဇလ)**

ခရမ်းလွန်ရောင်ခြည် လွန်ကဲအဆင့်သို့ ရောက်ရှိလာ

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံသို့ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းသည် တစ်နေ့ထက်တစ်နေ့ အမြင့်ဆုံးအနေအထားသို့ ရောက်ရှိလာပြီဖြစ်၍ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများတွင် နေထိုင်သော ပြည်သူများအနေဖြင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ကင်းဝေးစေရန် အကာအကွယ်များအသုံးပြုကာ သွားလာကြရန် လိုအပ်ပြီဖြစ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်က သတိပေးပြောကြားလိုက်သည်။

“မြန်မာနိုင်ငံရဲ့ အောက်ပိုင်းနဲ့ အလယ်ပိုင်းဒေသတွေမှာ ခရမ်းလွန်ရောင်ခြည် ကျရောက်မှုဟာ အလွန်မြင့်မားတဲ့အဆင့်သို့ ရောက်ရှိလာနေပါတယ်။ တဖြည်းဖြည်း အပူချိန်မြင့်တက်လာပြီဖြစ်တဲ့အတွက် နေပူထဲသို့ သွားလာရာမှာ အကာအကွယ်တွေ လိုအပ်လာပြီဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။

ခရမ်းလွန်ရောင်ခြည် လွန်ကဲသည့်အဆင့်သို့ ရောက်ရှိလာသော ဒေသများမှာ ရခိုင်ပြည်နယ်တောင်ပိုင်း၊ မကွေးတိုင်းဒေသကြီးတောင်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးတောင်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ဖြစ်ပြီး ကျန်ဒေသများတွင် အလွန်မြင့်သောအဆင့်သို့ ရောက်ရှိနေကြောင်း သိရသည်။

ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းသည် လွန်ကဲသောအဆင့်မှာ ၁၁ ရှိပြီး အလွန်မြင့်သောအဆင့်မှာ ၈ မှ ၁၀ ဒသမ ၉ ဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်များ အချိန်ကြာမြင့်စွာ ထိခိုက်ခံရပါက အရေပြားကင်ဆာဖြစ်ပွားနိုင်သည့်အပြင် မျက်စိကိုပါ ထိခိုက်နိုင်ကြောင်း ပညာရှင်များက သတိပေးထားသည်။

ခရမ်းလွန် ရောင်ခြည်သည် အမြင့်ဆုံးအနေအထားသို့ ရောက်ရှိလာပြီဖြစ်၍ နေပူထဲသို့ သွားလာသူများအနေဖြင့် ထီး၊ ဦးထုပ်၊ အဝတ်စသည့် အကာအကွယ်များဖြင့် ရေးဝန်ကြီးဌာနကလည်း သတိပေးသွားလာရန်လိုအပ်ကြောင်း ကျန်းမာ နှိုးဆော်ထားသည်။ **မြင့်မောင်စိုး**



မြန်မာနိုင်ငံ၌ ခရမ်းလွန်ရောင်ခြည် ကျရောက်မှုအခြေအနေပြမြေပုံ။

ရွှေတိဂုံစေတီတော် ၂၆၀၄ နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်

အာရုံခံ တန်ဆောင်းမုခ်ဦးလေးဆောင်နှင့် ဗဟိုမဏ္ဍပ်တို့၌ ရွတ်ဆိုပူဇော်ကြသည်။

ရန်ကုန် မတ် ၁၄

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၆၀၄ နှစ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် စေတီတော်ရင်ပြင် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပရာ စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး စေတီတော်ဂေါပက အဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။ **(ယာဝုံ)**

အခမ်းအနားတွင် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးအောင်စိုးမင်းက ဗုဒ္ဓပူဇာမင်္ဂလာအဖွင့်စကား လျှောက်ထားပြီး နိုင်ငံတော်ဩဝါဒါစရိယ၊ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး သီဂိဦးကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒောဘာသထံမှ ဒွေ့ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ရောင်မြတ်တန်ဆောင်ကို လေးမြတ်ကော်ရော် ပူဇော်သောအားဖြင့် ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များက ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ကို ဆီမီးတန်ဆောင်ထွန်းညှိပူဇော်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ထီးတော်ရုံတန်ဆောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားမစတင်မီ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များအား စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းမှစတင်ကာ စေတီတော်ကြီးအား လက်ယာရစ် တစ်ပတ်ခွဲ လှည့်လည်ပူဇော်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များက မဟာပဋ္ဌာန်းဒေသနာတော်များကို စေတီတော်အာရုံခံ တန်ဆောင်းမုခ်ဦးလေးဆောင်နှင့် ဗဟိုမဏ္ဍပ်တို့၌ ရွတ်ဆိုပူဇော်ကြသည်။

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်ကို တပေါင်းလပြည့်(မတ် ၂၃ရက်)အထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ရွှေပေါက်ကံ(လေးလမ်းသွား)တံတား ခရီးသွားပြည်သူများ မကြာမီအသုံးပြုနိုင်တော့မည်

နေပြည်တော် မတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(အရှေ့ပိုင်း)မြို့နယ်နှင့် ရွှေပေါက်ကံမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်နေသော ရွှေပေါက်ကံ(လေးလမ်းသွား) တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် မတ် ၁၃ ရက် မွန်းလွဲပိုင်းက ရောက်ရှိရာ လမ်းဦးစီးဌာနနှင့် လမ်းအထူးအဖွဲ့(၁၄)မှတာဝန်ရှိသူများထံ ဒဂုံ(အရှေ့ပိုင်း) မြို့နယ်ဘက်ကမ်း ချဉ်းကပ်လမ်း ကတ္တရာကွန်ကရစ်(AC) ခင်းပြီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာဝုံ)**

ထို့နောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၁)မှ တံတားအချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ တံတားပေါ်၌ စက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ် (AC) ခင်းနေမှုနှင့် ရွှေပေါက်ကံမြို့နယ်ဘက်ကမ်း ချဉ်းကပ်လမ်း ကတ္တရာကွန်ကရစ် (AC) ခင်းပြီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက ကတ္တရာကွန်ကရစ် (AC) ခင်းရာတွင် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေး၊ လက်ရာသေသပ်ကောင်းမွန်ရေးတို့ကို ဂရုပြုဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယခုအခါ ရွှေပေါက်ကံ(လေးလမ်းသွား)တံတားလုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်၍ ခရီးသွားပြည်သူများ မကြာမီ အသုံးပြုနိုင်တော့မည်ဖြစ်သကဲ့သို့ တံတားကြီးပြီးစီးသွားပါက ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် သီလဝါ အထူးစီးပွားရေးဇုန်သို့လည်းကောင်း၊ ရွှေပေါက်ကံမြို့နယ်၊ မြောက်ဥက္ကလာပ မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့ကို လည်းကောင်း အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်တော့မည် ဖြစ်သည်။

ထို့နောက် ရန်ကုန်-မန္တလေး အမြန်လမ်း (ရန်ကုန်- နေပြည်တော် အပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆန်းနွေဦးမြန်မာ့ တေးဂီတဖျော်ဖြေပွဲ အခမဲ့ဖျော်ဖြေမည်

နေပြည်တော် မတ် ၁၄

ဂီတဟူသည် အမျိုးအစား မည်မျှများပြားသည်ဖြစ်စေ ကောင်းမွန်သော စိတ်အာဟာရဖြစ်သည်။ ခေတ်ပေါ် ဂီတအမျိုးအစားများ အင်အားတောင့်မွန်သကဲ့သို့ မြန်မာ့ပြည်တွင်းဖြစ် မြန်မာဂီတ၊ မြန်မာသံစဉ်၊ မြန်မာစာသား၊ မြန်မာ သီချင်းများ၏ ရသစွမ်းပကားသည် ငြိမ့်ညောင်းခြင်း၊ သာယာခြင်း၊ တင်စားဖွဲ့နွဲ့ခြင်း၊ ကြည်မြပီသခြင်း ဂုဏ်ပုဒ်များဖြင့် ပြည့်စုံလျက်ရှိသည်။

ထိုရသများကို အပန်းဖြေ ကြည့်ရှုခံစားနိုင်ကြစေရန် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် အလက်ာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့တို့ ပူးပေါင်း၍ ဆန်းနွေဦး မြန်မာမှုတေးဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ မတ် ၁၆ ရက် ည ၇ နာရီတွင် အခမဲ့ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် လိန်တန်းကျေးရွာ၌ သောက်သုံးရေ အခက်အခဲရှိနေသဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေယံအောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ ဂါလန် ၁၆၀၀ဆံ့ CNG ရေသယ်ယာဉ်ဖြင့် မတ် ၁၄ ရက်က ကျေးရွာအရောက် သောက်သုံးရေများ သွားရောက်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ ၂၀၁၅ ခုနှစ် အကောင်းဆုံးဓာတ်ပုံပညာဆု ဇေယျာလင်းဆွတ်ခူးရရှိ

ကိုဇေယျာလင်း ပထမဆုရရှိသည့် ရှုချင်စဖွယ် (အဖြူ အမည်း)ပုံ။

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းက ကျင်းပသည့် တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပွဲတော်နှင့် (၅၂)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲဆုပေးပွဲကို မတ် ၁၃ ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ The Yangon Gallery ၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းသူ အသင်းသားတွေထဲက ထူးချွန်ထက်မြက်တဲ့ မျိုးဆက်သစ်ဓာတ်ပုံပညာရှင်တွေ ပေါ်ထွက်လာဖို့အတွက် နှစ်စဉ်ကျင်းပခြင်းဖြစ်ပါတယ်။ သုံးကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပွဲတော်ပြသတာဟာ နိုင်ငံတကာနဲ့ ပွဲတော်တွေ ကျင်းပနိုင်အောင်လို့ ပြုလုပ်ခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးထင်လင်းက ပြောကြားသည်။

ယင်းဓာတ်ပုံပြိုင်ပွဲတွင် ရှုချင်စဖွယ်(အဖြူ အမည်း) (ဆေးရောင်စုံ) တကဏ္ဍ၊ လူပုံတကဏ္ဍ၊ သဘာဝလေ့လာချက်ကဏ္ဍ၊ Street Photography ကဏ္ဍ၊ Photo Essay ကဏ္ဍ "ညစျေး" ဓာတ်ပုံများအား ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုရရှိသူများကို အသင်းဥက္ကဋ္ဌ ဦးထင်လင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး Mr.Robert Collins က Photoshop Workshop သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

"ကျွန်တော် ပြိုင်ပွဲမှာ ရှုချင်စဖွယ် (အဖြူ အမည်း) ပထမ၊ ရှုချင်စဖွယ် (ဆေးရောင်စုံ) တတိယနဲ့ လူပုံ (ဆေးရောင်စုံ) ပထမ၊ နှစ်သိမ့်ဆု နှစ်ဆုရရှိတာပါ။ ၂၀၀၄ ခုနှစ်ကစပြီး ဓာတ်ပုံအသင်းဝင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်အသင်းမှာ လစဉ်ဓာတ်ပုံပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ဓာတ်ပုံပညာကို လေ့လာခဲ့ပါတယ်။ အသင်းကမွေးထုတ်ပေးလိုက်တဲ့ ပညာရှင်လို့ ခံယူထားပါတယ်။ မြန်မာနိုင်ငံ ဓာတ်ပုံလောကကို တိုးတက်သွားအောင် တစ်ဖက်တစ်လမ်းကနေ တတ်စွမ်းတဲ့နေရာကနေ ကူညီဆောင်ရွက်သွားမှာပါ"ဟု ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးဓာတ်ပုံပညာရှင်ဆုရရှိသူ အသင်းဝင် ကိုဇေယျာလင်းက ရှင်းပြသည်။

သတင်းနှင့်ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

News Channel

၁၅-၃-၂၀၁၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၆:၀၀ - မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈:၃၅ - အယ်နီညိုရာသီဘေးဒဏ် ကာကွယ်နိုင်ဖို့ ပြည်သူအားလုံး သတိရှိကြစို့
- ၁၁:၃၅ - ၂၀၁၆ ခုနှစ် မတ်လအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များနှင့် ကြိုတင်သတိပြုဖွယ်ရာများ (ဦးလှထွန်း၊ အိတျာမင်းမင်း)

ညပိုင်း

- ၁၆း ၁၅ - ချင်းတို့ဌာနေ မင်းတပ်မြေ
- ၁၆ း ၃၅ - Football Magazine (ရော၀တီ ယူနိုက်တက်အသင်း)
- ၁၇ း ၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း ဆက်သွယ်ရေး ကဏ္ဍ အပြောင်းအလဲနှင့် တိုးတက်လာမည့် စီးပွားရေးလုပ်ငန်းများ (အပိုင်း-၄)
- ၂၀ း ၀၀ - ပြည်တွင်းသတင်း
- ၂၀ း ၃၅ - ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ရှိစေသည့် အကြောင်းအရာများ ရှာဖွေရာ
- နိုင်ငံခြားဇာတ်လမ်းတွဲ မြင့်မိုရ်ရှိမေမေ (အပိုင်း-၁၂)
- Yes or No Talk Show (Season-1,Eposide-5,Final Part-1)

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

တိမ်အသင့်အတင့်ဖြစ်ထွန်း

နေပြည်တော် မတ် ၁၄

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြု

ရန်ကုန် မတ် ၁၄

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုပွဲကို မတ် ၁၄ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက နှုတ်ခွန်းဆက်စကားပြောကြားသည်။ **(ယာပုံ)**

၂၀၁၁ ခုနှစ်မှစ၍ အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍအပါအဝင် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ပြီး အမျိုးသားပညာရေးဥပဒေနှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ အဆိုပါဥပဒေများနှင့် မူဝါဒများအတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် ဖွဲ့စည်းပုံများ ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့သည်။ ယခုအခါ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁) မူကြမ်းနှင့်စီမံကိန်းလုပ်ငန်းအညွှန်းဘောင်များကို အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီဖြစ်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ဆရာ ဆရာမများ၊ ကျောင်းအုပ်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသား ကင်းထောက်အဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့၊ ပညာရေးနှီးနွှယ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း လမ်းညွှန်ချက်များထုတ်ပြန်

တောင်ကြီး မတ် ၁၄

ရှမ်းပြည်နယ် တောင်ပိုင်း ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များအား ထုတ်ပြန်ပြီးဖြစ်ကြောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ တရားဝင်ကြေညာသည့် အခမ်းအနားကို မတ် ၁၄ ရက်က တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကမ္ဘာပေါ်တွင် လူဦးရေ တိုးပွားလာမှု၊ လူနေမှုအဆင့်အတန်း မြင့်မားလာမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှုများ စသည့်များပြားလာသော လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် သဘာဝသယံဇာတ အရင်းအမြစ်များကို အလွန်အကျွံ ထုတ်ယူမှုကြောင့် သဘာဝသယံဇာတ အရင်းအမြစ်များ လျော့နည်းပြုန်းတီးလာမှုများဖြစ်ပေါ်လာသလို တစ်ဖက်တွင်လည်း စက်မှုလုပ်ငန်းများမှ မှန်လုံအိမ် ဓာတ်ငွေ့များထုတ်လွှတ်မှုကြောင့် ကမ္ဘာကြီးပူနွေးလာခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ယင်းတို့၏နောက်ဆက်တွဲဆိုးကျိုးဖြစ်စဉ်များနှင့် နစ်စဉ်ကြုံတွေ့နေရကြောင်း ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များကို ထုတ်ပြန်ပြီးကြောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဂုဏ်ထူးဆောင်ဆုချီးမြှင့်ရွေးချယ်ရေးအတွက် "မူ" နှင့် "စည်းမျဉ်းစည်းကမ်း" သတ်မှတ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

အယ်နီညို ရာသီဥတုကာကွယ်ရေး အသိပညာပေးလုပ်ငန်း သန်လျင်၌ ဆောင်ရွက်

ရန်ကုန် မတ် ၁၄

အယ်နီညို ရာသီဥတုကာကွယ်ရေး အသိပညာပေးရေးလုပ်ငန်းကို ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့မဈေးအနီးရှိ မြေစိုက်ဘုတ်တွင် ဓာတ်ပုံ၊ နံရံကပ်စာစောင်များကိုပြည်သူများ အသိပညာဗဟုသုတရရှိစေရေးအတွက် ပြသထားသည်။

ထို့အပြင် အယ်နီညို ရာသီဥတုကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင်နှင့် ဟောပြောပွဲများကို တာဝန်ရှိသူများကကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များအမိုးများလန်

ဟုမ္မလင်း မတ် ၁၄

ဟုမ္မလင်းမြို့ စေတီဆိပ်ကျေးရွာအုပ်စု စေတီဆိပ်ကျေးရွာတွင် မတ် ၁၃ ရက် ည ၇ နာရီခွဲမှ ၈ နာရီအထိ ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၅ လုံးခန့် အမိုးများလန်ခဲ့ပြီး နန့်သာကျေးရွာအုပ်စု၊ ပါသတ်ရွှေမော်ဈေးတန်းရှိ မျောပိုင် ဦးထွန်းဝင်း၏နေအိမ် မီးဖိုဆောင်တွင် ထမင်းစားနေသော မျောလုပ်သား သုံးဦးမှာ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲ၍ မီးဖိုဆောင်ပေါ်ပိကာ သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်ရာ ကျေးရွာအုပ်စုများသို့ မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝေနှင့်အဖွဲ့သည် မတ် ၁၄ ရက်က ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ကူညီထောက်ပံ့ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **လင်းလင်း(ပြန်/ဆက်)**

GSM တာဝါတိုင်အား ဖုန်းလိုင်းတပ်ဆင်ပေးစေလို

ကော့သောင်း မတ် ၁၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကရသူရီမြို့နယ်ခွဲ အမှတ်(၂)ရပ်ကွက် တောင်ကုန်းပေါ်တွင် စိုက်ထူထားသည့် GSM တာဝါတိုင်သည် ၂၀၁၄ ခုနှစ် မေ ၂၄ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သော်လည်း ယခုအချိန်အထိ ဖုန်းဆက်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

ကော့သောင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် မိုဘိုင်းဖုန်းများဖြင့် ဆက်သွယ်ပြောဆိုအဆင်ပြေလျက်ရှိသော်လည်း အဆိုပါမြို့နယ်ခွဲရှိ ဒေသခံပြည်သူများအနေဖြင့် တာဝါတိုင်နှင့် စက်ရုံအဆောက်အအုံဆောက်လုပ်ပြီးစီးခဲ့သည်မှာ သုံးနှစ်ဝန်းကျင်ခန့် ကြာမြင့်နေပြီဖြစ်သော်လည်း မိုဘိုင်းဖုန်းဆက်သွယ်ပြောဆိုနိုင်ရေး အလှမ်းဝေးလျက်ရှိနေသေးရာ မြို့နေပြည်သူများ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကိစ္စများ၊ အရေးပေါ်ဆက်သွယ်မှု အခန်းကဏ္ဍများတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြား မြို့နယ်များထက် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့နေကြရာ ဒေသခံပြည်သူများအနေဖြင့် မိုဘိုင်းဖုန်းဆက်သွယ်မှု အမြန်ဆုံးရရှိနိုင်ရေး လိုလားတောင့်တလျက်ရှိကြောင်း သိရသည်။ **(မြို့နယ်ခွဲ ပြန်/ဆက်)**

ဦးနှောက်အမြှေးပါးရောင်ရောဂါဖြစ်ပွားရာကျေးရွာများတွင် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

သာစည် မတ် ၁၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ ပြွန်ကန်၊ အောင်မြင်သာ၊ ဘုရားလေးကုန်း၊ အင်းကုန်း၊ သမန်းတန်ကျေးရွာများတွင် နေ့အပူချိန်မြင့်တက်မှုတို့ကြောင့် မတ် ၅ ရက်မှစ၍ ကလေးငယ် ၁၀ ဦး ဦးနှောက်အမြှေးပါးရောင်ရောဂါဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးခဲ့ရာမှ မန္တလေးမြို့ ကလေးဆေးရုံကြီးသို့ တင်ပို့ကုသခံယူနေသူ မောင်ထက်မြတ်ဖြိုး အသက်(၄နှစ်) အောင်မြင်သာကျေးရွာနေသူမှာ မတ် ၁၄ ရက် နံနက် ၂ နာရီတွင် အဆိုပါ ရောဂါဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသဖြင့် ယနေ့အထိသေဆုံးသူ ငါးဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ အဆိုပါဦးနှောက်အမြှေးပါးရောင်ရောဂါဖြစ်ပွားသည့် ကျေးရွာများတွင် ထပ်မံ၍ ရောဂါကူးစက် မပြန့်ပွားစေရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အရေးပေါ်ဆေးခန်းများဖွင့်လှစ်ထားရှိပြီး ကျေးရွာသူ ကျေးရွာသားများအား ကာကွယ်ဆေးများတိုက်ကျွေးခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိသည်။ မတ် ၁၃ ရက် နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်၊ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမျိုးသန့်ခိုင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်းနိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်တို့သည် ရောဂါဖြစ်ပွားရာကျေးရွာများသို့ သွားရောက်ကြပြီး ကျေးရွာနေပြည်သူများအား ကျန်းမာရေးပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ ရောဂါဖြစ်ပွားသည့်နေအိမ်များသို့ သွားရောက်၍ ကလေးမိဘဆွေမျိုးများနှင့်တွေ့ဆုံကာ ကျန်းမာရေးအခြေအနေမေးမြန်းခြင်းနှင့် အားပေးနှစ်သိမ့်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

ထို့အပြင် ရောဂါဖြစ်ပွားသည့်ကျေးရွာများတွင် မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများက ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ကျေးရွာအတွင်းရှိ လမ်းမကြီးနှင့် လမ်းသွယ်များကို သန့်ရှင်းရေးများပြုလုပ်ပေးခြင်း၊ နေအိမ်များ၏ ဝန်းကျင်ရေဆိုးထုတ်မြောင်းများ စနစ်တကျတူးဖော်ရှင်းလင်းပေးခြင်းတို့ကိုပြုလုပ်ပေးကြသည့်အပြင် မြို့နယ်မီးသတ်ဦးစီးဌာနက ကျေးရွာအတွင်းရှိ လမ်းမကြီးနှင့် လမ်းသွယ်များတွင်ရှိသည့် သဲ၊ ဖုန်များ ပျံ့လွင့်မှုမရှိစေရေးအတွက် မီးသတ်ရေယာဉ်များဖြင့် ရေဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

သာစည်မြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ စီစဉ်လမ်းညွှန်မှု၊ ကျန်းမာရေးဦးစီးဌာနက ဌာနပေါင်းစုံဝန်ထမ်းများ၏ ကူညီမှုတို့ဖြင့် မြို့နယ်အတွင်း ဦးနှောက်အမြှေးပါးရောင်ရောဂါ ဆက်လက်မဖြစ်ပွားရေးအတွက် အထူးအလေးထားဆောင်ရွက်ခဲ့ရာ ယနေ့အထိ ဆက်လက်၍ရောဂါဖြစ်ပွားမှုမရှိတော့ကြောင်း သိရသည်။ **မောင်ကို(သာစည်)**

စာရေးဆရာအသင်း အလုပ်အမှုဆောင်သစ် ပြန်လည်ရွေးချယ်

မြစ်ကြီးနား မတ် ၁၄ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စာရေးဆရာအသင်း၏ ၂၀၁၆ မှ ၂၀၂၀ ပြည့်နှစ်အထိ အလုပ်အမှုဆောင်သစ် ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို မတ် ၁၂ ရက်က ယုဇနလမ်းသွယ် ၁၄ ရှိ ဦးရန်နိုင်ဘုန်းမြင့်၏နေအိမ်တွင် ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်း လက်ရှိဥက္ကဋ္ဌ ဦးမင်းဆွေ (ရွှေခြံဆွေဦး)က အမှာစကားပြောကြားပြီး အလုပ်အမှုဆောင်ရွေးချယ်ရာ ဥက္ကဋ္ဌ ဦးရန်နိုင်ဘုန်းမြင့် (ရန်နိုင်ဘုန်းမြင့်)၊ အတွင်းရေးမှူး ဦးခင်မောင်အေး (မြစ်ငယ်ကျော်မော်)၊ဘဏ္ဍာရေးမှူး ဦးဝင်းကြည်(ရွှေမြသလှဝင်းဆွေ)၊ အမှုဆောင်အဖြစ် ဦးဇော်လင်း(လင်းဇော်ဦး)နှင့် ဦးသန်းနိုင် (ထီလာသန်းနိုင်)တို့ကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ထို့နောက် ညီလာခံကိုယ်စားလှယ်အဖြစ် ဦးရန်နိုင်ဘုန်းမြင့် (ရန်နိုင်ဘုန်းမြင့်)အား ရွေးချယ်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မွေးကင်းစကလေးငယ်များ သေဆုံးမှုနှင့်ပတ်သက်၍ စမ်းသပ်စစ်ဆေးရာ သွေးအဆိပ်တက်နိုင်သည့် ရောဂါပိုးမွှားများ ပေါက်ပွားမှုတွေ့ရှိ

နေပြည်တော် မတ် ၁၄

ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ မွေးကင်းစကလေးငယ်များ သေဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ မတ် ၁၁ ရက်က သတင်းထုတ်ပြန်ခဲ့ကာ မတ် ၁၁ ရက်တွင် သတင်းစာရှင်းလင်းပွဲ အခမ်းအနားဆောင်ရွက်ခဲ့ပြီး ဖြစ်စဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ဖြစ်စဉ်အပေါ် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း။

ဆက်လက်၍ ပြင်ပမှဝယ်ယူထိုးနှံပေးခဲ့သည့် အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေး Hepavax Gene TF နှင့် Engerix B ဆေးဝါးစစ်မှန်ခြင်း ရှိ/မရှိကို အသေးစိတ် ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း။

မွေးကင်းစကလေးငယ်များတွင် ပိုးဝင်၍ သွေးအဆိပ်တက်ခြင်း လက္ခဏာများတွေ့ရှိရမှုကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန (ရန်ကုန်မြို့)သို့ပေးပို့စမ်းသပ်စစ်ဆေးခဲ့ရာ ကလေးငယ်များ၏ သွေးအဖြေများတွင် သွေးအဆိပ်တက်နိုင်သည့် ရောဂါပိုးမွှားများ ပေါက်ပွားမှုကို စစ်ဆေးတွေ့ရှိရကြောင်း။

လက်ရှိ စစ်ဆေးဖော်ထုတ်ချက်များအရ ဖော်ပြပါဖြစ်စဉ်တွင် ကလေးများမှာ ရောဂါပိုးမွှားများကြောင့် သွေးအဆိပ်တက်ခြင်းဖြစ်ပြီး ကလေးငယ်များသေဆုံးမှုနှင့် အဖျားဝင်ခြင်း၊ တက်ခြင်းအစရှိသော လက္ခဏာများ ပေါ်ပေါက်ရခြင်းဖြစ်သည်ဟု လတ်တလော သုံးသပ်ယူဆရကြောင်း။

အဆိုပါ ဖြစ်စဉ်ကြောင့် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ခုတင်(၅၅၀)ဆံ့ ကလေးအထူးကုဆေးရုံကြီး (ရန်ကင်း)တို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော ကလေးများအား လိုအပ်သောဆေးကုသမှုများ ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နမ္မတူမြို့၌ တောမီးမှတစ်ဆင့် ဂိုဒေါင်တစ်လုံးမီးလောင်

ကျောက်မဲ မတ် ၁၄

ရှမ်းပြည်နယ် ကျောက်မဲခရိုင် နမ္မတူမြို့၌ ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က တောမီးမှတစ်ဆင့် ဂိုဒေါင်တစ်လုံး မီးလောင်ကျွမ်းခဲ့သည်။ **(ဓာတ်ပုံ)**

နမ္မတူမြို့ ဂေါက်ကွင်းအနီး၌ ယင်းနေ့ မွန်းလွဲ ၁ နာရီခန့်တွင် တောမီး စတင်လောင်ကျွမ်းခဲ့ပြီး၊ မီးမှာ တဖြည်းဖြည်းကြီးလာကာ ဦးကျော်ဝင်း၏ တောင်ယာအတွင်းရှိ ဆောက်လုပ်ထားသော ဂိုဒေါင်တစ်လုံးကို မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ကူးစက်လောင်ကျွမ်းခဲ့သည်။ နမ္မတူမြို့နယ်မှ မီးသတ်ယာဉ်နှင့် မီးသတ်ဝန်ထမ်းများက ငြိမ်းသတ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ထိုင်းနိုင်ငံမှ တရားမဝင်မြန်မာနိုင်ငံသား ၅၅ ဦး လွှဲပြောင်းပေးအပ်

တာချီလိတ် မတ် ၁၄

ထိုင်းနိုင်ငံ ဒုလဝတမှူး Mana Thongsri တို့က တရားမဝင် မြန်မာအလုပ်သမား အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ၄၂ ဦး စုစုပေါင်း ၅၅ ဦးနှင့် ၎င်းတို့၏ ကလေးငယ် ၂၂ ဦးတို့ကို တာချီလိတ်မြို့ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား၌ မတ် ၁၄ ရက် မွန်းတည့်က တာချီလိတ်ခရိုင် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များထံ လာရောက်လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

လွှဲပြောင်းပေးသည့် မြန်မာနိုင်ငံသား ၅၅ ဦး**(ယာဝုံ)**အား တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ်မုနိကျောင်းဝင်းအတွင်း၌ အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်း တာချီလိတ်-မယ်ဆိုင် ချစ်ကြည်ရေးတံတားအမှတ်(၁)မှ တံတားကူးလက်မှတ်ဖြင့်လည်းကောင်း၊ ထိုင်း-မြန်မာ နှစ်နိုင်ငံပိုင်ရေကြောင်းမှ တရားမဝင်ဖြတ်သန်း၍လည်းကောင်း ဝင်ရောက်ပြီး တရားမဝင်နေထိုင်ခြင်း၊ အလုပ်လုပ်ကိုင်ခြင်းတို့ကြောင့် ရှောင်တခင်စစ်ဆေးချက်အရ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း စိစစ်သိရှိရ၍ လွှဲပြောင်းအလုပ်သမား ၅၅ ဦးနှင့် ၎င်းတို့ ကလေးငယ်များအား မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ အစီအစဉ်ဖြင့် ၎င်းတို့ဆွေမျိုးများထံ ညနေပိုင်းက ခံဝန်ဖြင့် အပ်နှံခဲ့ကြောင်း သိရသည်။

အဆိုပါ လွှဲပြောင်းပေးအပ်သည့် မြန်မာအလုပ်သမား ၅၅ ဦးအနက် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ဘက်သို့ မတ် ၁၂ ရက်က ကြက်သွန်ညှပ်ရန် မယ်ဆိုင်ချောင်းမှ တရားမဝင်ဖြတ်ကူးသူ မြန်မာအမျိုးသမီး ၃၄ ဦး ပါဝင်ကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ သိရသည်။

လွှဲပြောင်းပေးအပ်သည့် မြန်မာအလုပ်သမားများမှာ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၁၄ ရက်အထိ အမျိုးသား ၇၅၂၅ ဦး၊ အမျိုးသမီး ၂၉၁၈ ဦး စုစုပေါင်း ၁၀၄၄၃ ဦးရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

မီးပလပ်ခုံအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

နေပြည်တော် မတ် ၁၄

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက်၌ မတ် ၁၃ ရက် ညနေ ၃ နာရီ ၅ မိနစ်က မီးလောင်မှုဖြစ်ပွားကြောင်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှ သိရသည်။

အဆိုပါ မီးလောင်မှုကို ပြည်ခရိုင်မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း၊ ယင်းမီးလောင်မှုမှာ ဒေါ်နီ(၅၅ နှစ်)၏ နှစ်ထပ်၊ သွပ်မိုး၊ အုတ်ကာ နေအိမ်အောက်ထပ် အိပ်ခန်းအတွင်းရှိ လျှပ်စစ်မီးပလပ်ခုံ အပူရှိန်လွန်ကဲပြီး ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ပြည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ထားကြောင်း သိရသည်။ **ကိုရဲ**

ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသူအား အမှုဖွင့်စစ်ဆေးလျက်ရှိ

နေပြည်တော် မတ် ၁၄

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် လက်ပန်လှရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၁၃ ရက် နံနက် ၂ နာရီခွဲက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် နတ်တောင်ရွာ မန္တလေး-မိုးကုတ် ကားလမ်းအရောက် ဆိုင်ကယ်တွန်းလာသည့် မသင်္ကာသူတစ်ဦးအား တွေ့ရှိစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ စဉ့်ကူးမြို့နယ် ဒိုးနွယ်ရွာနေ ကျော်စွာလင်း(၂၅ နှစ်)ဖြစ်ပြီး ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် သက်သေခံဆိုင်ကယ်သိမ်းဆည်းပြီး ၎င်းအား လက်ပန်လှရဲကင်းစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ကျောင်းသူကိုးဦး အစာအဆိပ်သင့်မှု ကျွန်းစုမြို့နယ်၌ဖြစ်ပွား

မြိတ် မတ် ၁၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် အထက(စခန်းသစ်)စာစစ်ဌာန၌ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ကျောင်းသူကိုးဦးသည် မတ် ၁၃ ရက် နံနက် ၁၀ နာရီခွဲခန့်က အစာအဆိပ်သင့်ခဲ့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျွန်းစုမြို့နယ် အထက(ခွဲ) ရေတန်တောင်မှ အထက(စခန်းသစ်)စာစစ်ဌာနတွင် ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရန်အတွက် စခန်းသစ်ကျေးရွာ အမှတ်(၁)ရပ်ကွက် တောင်ပေါ်ဘုန်းတော်ကြီးကျောင်း၌ တည်းခိုနေထိုင်လျက်ရှိပြီး စာမေးပွဲဖြေဆိုနေသည့် မမေဇင်စိုး၊ မခြူးတေဇင်၊ မနွယ်နီထွေး၊ မအေးအေးထွေး၊ မစန်းစန်းနွယ်၊ မအေးအေးမာ၊ မနိုနိုလှိုင်၊ မလင်းလက်ဝင်း၊ မလင်းလှဲဦးတို့သည် စာကျက်နေရာမှ နံနက် ၁၀ နာရီခွဲခန့်တွင် ကျောက်မှိုနှင့် သံပရာသီးအချဉ်၊ သရက်သီးအချဉ်ထုပ်များ စားပြီး မူးဝေအော့အန်ခြင်းများ ဖြစ်လာသောကြောင့် စာစစ်ဌာနတာဝန်ကျရဲအုပ် ကျော်နိုင်စိုးနှင့်အဖွဲ့သည် ကြီးကြပ်ရေးမှူး ဒေါ်ခင်မာမာကြူပါအဖွဲ့နှင့်အတူ အဆိုပါ ကျောင်းသူကိုးဦးအား စခန်းသစ်ကျေးရွာ တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိရာ စိုးရိမ်ရသည့် အခြေအနေမရှိ ကြောင်း သိရသည်။

အဆိုပါ အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သော ကျောင်းသူကိုးဦးသည် ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသောကြောင့် မတ် ၁၄ ရက် နံနက်ပိုင်းတွင် ဓာတုဗေဒဘာသာရပ်ကို မိမိတို့ဖြေဆိုနေသည့် စာစစ်ဌာန များတွင် ဖြေဆိုလျက်ရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

ရပ်ထားသည့် (၂၂)ဘီး ကုန်တင်ယာဉ်ကို ခြောက်ဘီးယာဉ်က အရှိန်လွန်ဝင်တိုက်

ရေတာရှည် မတ် ၁၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့တောင်ဘက် လှေကွဲတံတားအနီး၌ မတ် ၁၃ ရက် နံနက် ၇ နာရီခွဲက ကားလမ်းဘေးတွင် ရပ်ထားသော (၂၂)ဘီးယာဉ်ကို လမ်းကြောင်းတူမောင်းနှင်လာသည့် ခြောက်ဘီးကုန်တင်ယာဉ်က အရှိန်လွန်ဝင်တိုက်မိခဲ့ရာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် နှစ်ဦးစလုံး တောင်ငူဆေးရုံကြီးသို့ အရေးပေါ်တင်ပို့ခဲ့ရကြောင်း သိရသည်။

ရေတာရှည်မြို့တောင်ဘက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၈၆/၁)နှင့် (၁၈၆/၂)အကြား လှေကွဲတံတားတောင်ဘက်၌ မြောက်ဘက်သို့ ဦးတည်ကာ မျိုးဇော်ဝင်း(၂၅ နှစ်)ရှမ်းကုန်းကျေးရွာ နတ်မောက်မြို့နယ်နေသူမောင်းနှင်သည့် 7K/---- ဒေါင်ဖန်း (၂၂)ဘီး ကုန်တင်ယာဉ်သည် စက်ချွတ်ယွင်း၍ ရပ်ထားစဉ် လမ်းကြောင်းတူ တောင်မှမြောက်သို့ ထွန်းနောင်(၂၇နှစ်) အောင်သပြေရပ်ကွက် တောင်ကြီးမြို့နေသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ အောင်မျိုးထိုက်(၂၅ နှစ်)တို့ လိုက်ပါလာသော 5G/---- ခြောက်ဘီးကုန်တင်ယာဉ်က အရှိန်လွန်ပြီး ဝင်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ခြောက်ဘီးယာဉ်မောင်း ထွန်းနောင်နှင့် ယာဉ်နောက်လိုက် အောင်မျိုးထိုက်တွင်လည်း (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ချိန်ခါမရွေးသတိပေး
မီးဘေးကင်းဝေးမှာ

စုံတွဲတစ်တွဲထံမှ ဆိုင်ကယ်နှင့်ဖုန်းလုယူသွားသူများကို ဖမ်းဆီးမိ

မန္တလေး မတ် ၁၄

မတ် ၁၁ ရက် ည ၁၁ နာရီတွင် မဝင်းစန္ဒာသည် ၎င်း၏ရည်းစား စိုးမိုးအောင်က ၂၀ယ/----အနက်ရောင်ဆိုင်ကယ်ဖြင့် လာရောက်ခေါ်ဆောင်၍ လိုက်ပါခဲ့ပြီး ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် ၄၅ လမ်းဘေးမှောင်ရိပ်တွင် စကားပြောဆိုနေစဉ် အသက် ၂၀ ခန့် လူငယ်လေးဦးသည် 125 ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာကာ စိုးမိုးအောင်အား လက်သီးဖြင့်ထိုးပြီး ဓားချွန်ဖြင့် ထပ်မံထိုးသဖြင့် စိုးမိုးအောင်၏ လည်ပင်းဝဲ ဘက်ပြတ်ရှဒဏ်ရာရရှိသည့်အပြင် မဝင်းစန္ဒာ၏ OPPO အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းတစ်လုံး၊ စိုးမိုးအောင်၏ SONY အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းတစ်လုံးနှင့် ဆိုင်ကယ်တို့ကို လုယူထွက်ပြေးသွားခဲ့သဖြင့် အောင်ပင်လယ်နယ်မြေရဲစခန်း၌ အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မဝင်းစန္ဒာ၏ထွက်ဆိုချက်အရ အခင်းဖြစ်ညက စကားပြောဆိုခဲ့သည့် ပြစ်မှုကျူးလွန်သူများမှာ အသက် ၂၀ ဝန်းကျင်ရှိပြီး အသားညိုကာ မျက်နှာတွင်သနပ်ခါး လိမ်းခြယ်ထားကြောင်းသိရ၍ ရဲအုပ်ခင်ဇော်(အမှုစစ်)နှင့်အဖွဲ့တို့သည် ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

ပြစ်ဒဏ်ကျခံဖူးသူ လှချို(၁၈ နှစ်) ထွန်တုန်းရပ်ကွက် နေသူကို ပြစ်မှုကျူးလွန်သူဟု မသင်္ကာ၍ ခေါ်ယူစစ်ဆေးခဲ့သည်။ ၎င်းသည် မျိုးကို(၁၈ နှစ်) ကန်သာယာရပ်ကွက် နေသူနှင့် ပေါင်းသင်းသွားလာနေသူတစ်ဦးဖြစ်ကြောင်း စစ်ဆေးသိရှိရပြီး မျိုးကို၏ နေအိမ်(ကျူးတဲ)အနီး၌ အခင်းဖြစ်စဉ်က လုယူခံရသည့်ဆိုင်ကယ်နှင့် ပုံသဏ္ဌာန်တူဆိုင်ကယ်တစ်စီးကို တွေ့ရှိရသည်။ ယင်းကျူးတဲကို ဝင်ရောက်ဖမ်းဆီးခဲ့ရာ မျိုးကိုအား သက်သေခံဆိုင်ကယ်နှင့်အတူ တွေ့ရှိဖမ်းဆီးရမိပြီး ၎င်းတို့နှစ်ဦးအား ဆက်လက်စစ်ဆေးရာ ပြစ်မှုကျူးလွန်စဉ် လွင်မိုးဦးနှင့် ထွန်းထွန်းဝင်းတို့ ပါဝင်ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူနှစ်ဦးအား ဖမ်းဆီးရမိရေးအတွက် အဖွဲ့ငယ်များခွဲ၍ လိုက်လံဖမ်းဆီးခဲ့ရာ လွင်မိုးဦး(၁၉ နှစ်) ထွန်တုန်းရပ်ကွက်၊ ထွန်းထွန်းဝင်း(၁၉ နှစ်) ကန်သာယာရပ်ကွက် နေသူတို့ကို အခင်းဖြစ်စဉ်ကလုယူခဲ့သည့် လက်ကိုင်ဖုန်းနှစ်လုံး၊ အသုံးပြုခဲ့သည့် သက်သေခံဓားတို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိသဖြင့် အောင်ပင်လယ်နယ်မြေ ရဲစခန်းတွင် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

မယ်ဆိုင်-ဗန်ကောက် ခရီးသည်ယာဉ်ပေါ်၌ မူးယစ်ဆေးဝါးများဖမ်းမိ

တာချီလိတ် မတ် ၁၄

မတ် ၁၂ ရက် ညနေ ၆ နာရီက ထိုင်းနိုင်ငံမြောက်ပိုင်း မယ်ဆိုင်မြို့မှ ဗန်ကောက်မြို့သို့ ထွက်ခွာမည့် ခရီးသည်တင် ယာဉ်လိုင်းပေါ်၌ မြန်မာနိုင်ငံသား တစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မယ်ဆိုင်အဝေးပြေးကားဂိတ်မှ ဗန်ကောက်မြို့သို့ ထွက်ခွာမည့် Sombat Tour ခရီးသည်တင်ယာဉ်လိုင်းမှ ယာဉ်အမှတ် 15/---- ဖြင့် လိုက်ပါလာသူ မြန်မာနိုင်ငံသား စိုင်းချမ်းမြေထွန်း(၂၉ နှစ်) မြဝတီမြို့နေသူထံမှ မယ်ဆိုင်မြို့နယ် ပုံငန်းတိုက်နယ် ထန်ပါ ပူးပေါင်းစစ်ဆေးရေးဂိတ်အရောက်တွင် မယ်ဆိုင်မြို့နယ် ရဲစခန်းမှ တာဝန်ကျ ဒုရဲမှူးကြီး ချာနလုံလက်သပရထန် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် အမှတ်(၂)လူပ်ရှား ယန္တရားတပ်မှ တပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့မှ စစ်ဆေးခဲ့ရာ ခရီးဆောင်အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၃၆၀၀၀ တန်ဖိုးငွေကျပ်သိန်း ၉၀၀ ကိုတွေ့ရှိ သိမ်းဆည်းခဲ့သည်။

အမှုမှ မူးယစ်ဆေးဝါးများနှင့်အတူ လက်ဝယ်တွေ့ရှိသူ စိုင်းချမ်းမြေထွန်းအား မယ်ဆိုင်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက် ထားကြောင်း သိရသည်။

မြင့်နိုင်(တာချီလိတ်)

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်-ဇီယော် မော်တော်ကားလမ်းမပေါ်၌ မတ် ၁၃ရက် ညနေ ၅ နာရီခန့်က ဝင်းပကျေးရွာတွင် ဇီယော်ဘက်မှ သိမ်ဆိပ်ဘက်သို့ မောင်းနှင်လာသော ကျောက်သယ် ယာဉ်တစ်စီးကားရှေ့ ဝဲဘက် ဘီးပေါက်ပြီး တစ်ဖက်ယာဉ်ကြောရှိ ခတတ်တိုင်ကို ဝင်တိုက်၍ နေအိမ်ခြံဝင်းအတွင်းသို့ ထိုးကျတိမ်းမှောက်နေသည်ကို တွေ့မြင်ရစဉ်။

ခွန်(ဝင်းပ)

ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ သံချောင်းများ ခိုးယူသူ ဖမ်းမိ

ထီးချိုင့် မတ် ၁၄

ကသာခရိုင် ထီးချိုင့်မြို့မရဲစခန်းမှ ဒုရဲအုပ် ကျော်သက်လွင်နှင့်အဖွဲ့သည် မတ် ၁၄ ရက် နံနက်က ထီးချိုင့်မြို့မြောက်ဘက်မြို့အဝင် ဆိုင်းဘုတ်အနီး ကားလမ်းပေါ် ထီးချိုင့်မြို့ အမှတ်(၂)ဈေးကုန်းရပ်နေ ငွေးကြွယ် ၃၅ နှစ်အား စစ်ဆေးရာ ရင်ဇင်းအနက်ရောင်ဆိုင်ကယ်နှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံပင်လုံးပတ် ၁၆ မီလီမီတာ ၂၀ မီလီမီတာ အရှည် (၂/၃/၄) ပေခန့်ရှိ အချောင်း ၆၀ဆောက်လုပ်ရေးသံထိန်းကွင်း ၈ မီလီမီတာ ၁၈ကွင်း၊ သံဖြတ်စ ၈ မီလီမီတာ/ ၁၀မီလီမီတာ ၁၄ချောင်း တန်ဖိုးငွေကျပ် ၆၈၈၀၀ ခန့်နှင့်အတူ တွေ့ရှိခဲ့ရသည်။ ဆက်လက်၍ ၎င်းကိုစစ်ဆေးခဲ့ရာ ထီးချိုင့်မြို့မြောက်ဘက် ခုတင် ၅၀ ဆံ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ခိုးယူသယ်ဆောင်လာခဲ့ကြောင်းသိရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့်အတူ တွေ့ရှိသူ ငွေးကြွယ်အား ထီးချိုင့်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဦးရဲ(ကသာ)

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးလှမောင်၏ သမီး မိုင်းယောင်းမြို့နယ်၊ ယောင်ကြန့်ကျေးရွာအုပ်စု၊ ပုံချို(နီး)ကျေးရွာနေ မဒေသတာမောင် ၁၃/မယတ(နိုင်)၀၂၆၁၇၀အား မဒေသတာမောင်(ခ)မအက်စတာမောင်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

မဒေသတာမောင်(ခ)မအက်စတာမောင်

အမည်ပြောင်း

ဦးလှရွှေ၏သမီး မန္တလေးတိုင်းဒေသကြီး၊ ဓလိုင်မြို့နယ်၊ အထက(ခွဲ)မြို့သစ်၊ ပထမတန်း(က)မှ မသီရိရွှေအား မသံသာအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မသံသာအောင်

အမည်ပြောင်း

ဖန်းမော်မြို့၊ ကောင်းတံ့ကျေးရွာ၊ အထက(ခွဲ)ကျောင်း၊ အဋ္ဌမတန်းမှ မယမင်းချိုအား ယနေ့မှစ၍ မစန်းဝေဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

မစန်းဝေဖြိုး

အမည်မှန်နှင့်မိခင်အမည်ပြောင်း

အ. မ. တ(၂၂)တာမွေ၊ ဒုတိယတန်း(အောင်)မှ မကြယ်စင်တန်၏အမည်မှန်မှာ မခြူးသံစဉ်ကို ဖြစ်ပြီး ၎င်း၏မိခင် ခေါ်အိဖြူခိုင်အား ခေါ်အိမ့်ပန်းသခင် (၁၂/တမန(နိုင်)၁၀၆၇၃၅)ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည်မှန်

လားရှိုးမြို့၊ ပန်းတိုင်းမွေး ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဝလုလုရှင်၏ အမည်မှန်မှာ နန်းလုယဉ်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁-၁-၁၉၉၉ နှင့် ဖခင်အမည်မှန်မှာ ဦးအိုက်ဆမ် ဖြစ်ပါသည်။

အမည်ပြောင်း

ဦးဟိန်းထက်အောင်၏သား ဆော့မြို့၊ အထက၊ တတိယတန်းမှ မောင်ကောင်းခန့်ကြယ်စင်အား မောင်ကျော်ခေါင်စိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်ခေါင်စိုး

မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးလုပ်ငန်းစီမံခန့်ခွဲမှုဌာနတွင် အသုံးပြုရန်အတွက် ဝယ်ယူထားသော SEM DS 1424 Disintegrator Destruction System နှစ်လုံး၏ 3 Phase Power Line တပ်ဆင်ရန် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ အမှတ် ၂၆၊ စက်မှု(၁)လမ်း၊ ရန်ကင်းမြို့နယ်၊ စီမံခန့်ခွဲမှုနှင့်နည်းပညာဌာန၊ အင်ဂျင်နီယာဌာနစိတ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၁-၃-၂၀၁၆ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ အမှတ် ၂၆၊ စက်မှု(၁)လမ်း၊ ရန်ကင်းမြို့နယ် စီမံခန့်ခွဲမှုနှင့်နည်းပညာဌာန၊ အင်ဂျင်နီယာဌာနစိတ်သို့ လာရောက်တင်သွင်းရန် ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ဖုန်း-၀၁-၅၄၃၇၇၀သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

အမည်ပြောင်း

ဦးကြည်ဝင်း၏ သား ချောက်မြို့၊ အထက(၁)၊ နဝမတန်း(B)မှ မောင်ထက်မြင့်ကျော်အား မောင်ဝင်းဖြိုးကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝင်းဖြိုးကျော်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ကျုံကျွန်းရပ်ကွက်၊ စိန်ရတနာလမ်း၊ (ခ) ရွာလယ်လမ်း၊ အမှတ် (၁၂)၊ မြေကွက် ကွင်းအမှတ် (၄၀၀-B) အကျယ်(၅၅'×၁၀၀')မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အဆောက်စာချုပ်ဖြင့် တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံ ကတိပြုသူဒေါ်တင်တင်မော် (၁၂/သကတ (နိုင်) ၁၄၆၃၃၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းဝယ်ရန်စရံငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသဖြင့် ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက(၁၄) ရက်အတွင်းနိုင်လုံသော အထောက်အထား (မူရင်းစာရွက်စာတမ်းများ) နှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကိုတည်ဆဲဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်နိုင်ထွေး (LL.B, WIPO (Switzerland)

အထက်တန်းရှေ့နေ (စဉ်-၃၀၃၇၃)

အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။

Ph:၀၉-၄၂၀၈၈၉၇၈

၇-၃-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉)တွင် အမွေစားအမွေခံသမီးဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြော်ငြာချက်အပေါ် အမှန်အတိုင်း သိရှိစေရန် ပြန်လည်ရှင်းလင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၂၀၅/၂၃၃၊ အခန်းအမှတ်-၁၇(ပထမထပ်)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငွေငွေရီ ၁၂/ပဘတ(နိုင်)၀၂၈၈၈၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ငွေငွေရီသည်ဖခင်နှင့် ကွယ်လွန်သူမိခင်တို့အပေါ် မည်သည့်အချိန်ကမျှ ဖော်ကားခြင်း၊ စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်းတို့ကို ပြုလုပ်ခဲ့ခြင်းမရှိပါ။ ကျွန်ုပ်မိတ်ဆွေအပါအဝင် မိသားစုဝင်အားလုံးမှာ ဗုဒ္ဓဘာသာဝင်များဖြစ်၍ မိဘများအပေါ် ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးတို့ဖြင့် ကျွန်ုပ်မိတ်ဆွေသည် တစ်စုံတစ်ရာမျှပြုမူခဲ့ခြင်းမရှိပါ။ ထို့အပြင် ဖခင်ဦးကျော်ဖြိုး၏ နိုင်ငံသားစီစစ်ရေးကတ်ပြားကိုလည်း သိမ်းဆည်းထားရန် အကြောင်းမရှိပါ။ ဖခင်ကိုယ်တိုင် ဘကြီးဖြစ်သူ ဦးကျော်သူနှင့်တိုင်ပင်၍ ဆောင်ရွက်ပေးသည့်ကိစ္စရပ်သာရှိပြီး ကျွန်ုပ်မိတ်ဆွေမှ မမှန်မကန်သောနည်းလမ်းဖြင့် မည်သည့်စာချုပ်ကိုမျှ ချုပ်ဆိုထားခြင်းမရှိကြောင်း သိစေအပ်ပါသည်။ ထို့အပြင် ဖခင်အပေါ် မည်သည့်ရိုင်းပျူမှုကိုမျှ ပြုလုပ်ခြင်းမရှိသဖြင့် ကျွန်ုပ်မိတ်ဆွေအား သွားနှုတ်သမီးအဖြစ် သတ်မှတ်ပြီး အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြော်ငြာခြင်းမှာ မှန်ကန်ခြင်းမရှိသဖြင့် သက်ဆိုင်သူများနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဇော်(ချမ်း)LL.Bအထက်တန်းရှေ့နေ
တိုက်အမှတ်-၉/၁၁၊ အခန်း(3-B)မြေညီထပ်၊
၃၆ လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၀၆၂၉၉၀

○ *ကျော်စိုးမှ*

ဧရာဝတီအသင်းသည် အိမ်ကွင်း နှစ်ပွဲဆက် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ရန်ကုန်အသင်းသည် အဝေးကွင်း ထပ်မံကစားရမည် ဖြစ်သည်။ ဧရာဝတီအသင်းသည် အိန္ဒိယကလပ် ဘင်ဂါလူရူးအသင်းနှင့် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌လည်းကောင်း၊ ရန်ကုန်အသင်းမှာ မြန်မာစံတော်ချိန် ည ၈ နာရီတွင် အိန္ဒိယနိုင်ငံ၌ အိန္ဒိယကလပ် မိုဟန်ဘောဂန်အသင်းနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ မြန်မာကလပ် အသင်းများဖြစ်သည့် ရန်ကုန်အသင်းနှင့် ဧရာဝတီအသင်းတို့သည် နှစ်ပွဲစလုံး အနိုင်မရထားသော်လည်း နောက်တစ်ဆင့် တက်ရောက်နိုင်ရန် အခွင့်အရေးကောင်းများ ရှိနေဆဲဖြစ်သည်။ အုပ်စု(G)တွင် ပါဝင်နေ သည့် ရန်ကုန်အသင်းသည် နှစ်ပွဲ ကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ဖြင့် အုပ်စုဒုတိယနေရာ၌ ရပ်တည်နေပြီး ရန်ကုန်အသင်းနှင့် ကစားရမည့် မိုဟန်ဘောဂန်အသင်းမှာ နှစ်ပွဲစလုံးဂိုးပြတ်အနိုင်ရကာ အုပ်စုကို ဦးဆောင်လျက်ရှိသည်။

ရန်ကုန်အသင်းသည် ခြေစွမ်းပြနေသော မိုဟန်ဘောဂန်အသင်းနှင့် အဝေးကွင်း ပွဲကျပ်ကစားရမည်ဖြစ်ပြီး အမာခံ ကစားသမား အစုံအလင်နီးပါး ပါဝင်မည်ဖြစ်သော်လည်း ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။

အုပ်စု(H) တွင် ပါဝင်နေသည့် ဧရာဝတီအသင်းမှာ အဖွင့်ပွဲတွင် အဝေးကွင်း ဂိုးပြတ်ရှုံးပွဲကြုံခဲ့သော်လည်း ဒုတိယပွဲတွင် လာအိုတိုယိုတာအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိလာခဲ့ပြီး ယခုပွဲတွင် နိုင်ပွဲရယူနိုင်မှသာ အခြေအနေကောင်းမည်ဖြစ်သည်။

ဧရာဝတီအသင်းသည် အုပ်စုပွဲစဉ်များတွင် ဂျိုဟိုဒါရူးလ်(မလေးရှား)ကို ရှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး လာအိုတိုယိုတာ(လာအို)ကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရထားသည်။ ဧရာဝတီနှင့် ယှဉ်ပြိုင်ရမည့် ဘင်ဂါလူရူးအသင်းမှာ နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ ရန်ကုန်အသင်းသည် တောင်တရုတ်(ဟောင်ကောင်)ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားပြီး မာဇီယာ(မော်လ်ဒိုက်)နှင့် တစ်ဂိုးစီ သရေကျထားသည်။

အုပ်စုပွဲစဉ် နှစ်ပွဲစီကစားအပြီးတွင် အုပ်စု(G)၌ မိုဟန်ဘောဂန်(အိန္ဒိယ)အသင်းက နှစ်ပွဲနိုင်၊ ခြောက်မှတ်၊ ရန်ကုန်(မြန်မာ)အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ မာဇီယာ(မော်လ်ဒိုက်) အသင်းက တစ်ပွဲသရေ တစ်ပွဲရှုံး တစ်မှတ်၊ တောင်တရုတ် (ဟောင်ကောင်) အသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ အုပ်စု(H) ၌ လက်ရှိချန်ပီယံ ဂျိုဟိုဒါရူးလ်(မလေးရှား) အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်၊ ဧရာဝတီ(မြန်မာ)အသင်းနှင့် လာအိုတိုယိုတာ(လာအို) အသင်းတို့က တစ်ပွဲနိုင် တစ်ပွဲရှုံး၊ သုံးမှတ်စီ၊ ဘင်ဂါလူရူး(အိန္ဒိယ)အသင်းက နှစ်ပွဲစလုံး ရှုံးကာ အမှတ်မရပေ။

အိမ်ကွင်း၌ ထပ်မံကစားရမည့် ဧရာဝတီအသင်း။

အက်ဖ်အေကွာတားအဆင့် မန်ယူနှင့် ဝက်စ်ဟမ်းသရေကျ

ဝက်စ်ဟမ်းတိုက်စစ်မှူး ပေးရက် ပြစ်ဒဏ်ဘောမှတစ်ဆင့် ဂိုးသွင်းယူစဉ်။

အင်္ဂလန် အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ် ၁၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူနှင့် ဝက်စ်ဟမ်းပွဲစဉ်တွင် တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဖိအားများကြားမှ နည်းပြ ဗန်ဟားလ်သည် မန်ယူအသင်းကို ယနေ့ပွဲတွင် ၄-၁-၄-၁ ကစားကွက်ဖြင့် ပွဲထွက်စေခဲ့ပြီး ဧည့်သည် ဝက်စ်ဟမ်းအသင်းမှာ ၄-၃-၃ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံးတွင် ဒဏ်ရာရကစားသမား အများအပြားဖြင့် ကြုံတွေ့နေရသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ကြဘဲ ဒုတိယပိုင်း ၆၈ မိနစ်တွင် ဧည့်သည် ဝက်စ်ဟမ်းအသင်းမှ တိုက်စစ်မှူး ပေးရက်က ပြစ်ဒဏ်ဘောမှတစ်ဆင့် တိုက်ရိုက်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၈၃ မိနစ်တွင် ဟာရဲရား ဖန်တီးပေး၍ မာရှယ်က မန်ယူအတွက် ချေပဂိုး သွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် အနိုင်အရှုံးမပေါ်ဘဲ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် မန်ယူအသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့်အကြိမ် ၂၀ ရရှိကာ နှစ်ကြိမ်သာဂိုးပေါက်တည့်ခဲ့သည်။ ဝက်စ်ဟမ်းအသင်းက ဂိုးကန်သွင်းခွင့် ၁၅ ကြိမ်သာရရှိပြီး သုံးကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ မန်ယူနှင့် ဝက်စ်ဟမ်းအသင်းသည် အနိုင်အရှုံး မပေါ်သည့်အတွက် မတ် ၂၂ ရက်တွင် ဝက်စ်ဟမ်းအိမ်ကွင်း၌ ပြန်လည်ယှဉ်ပြိုင်ရမည် ဖြစ်သည်။ အက်ဖ်အေဆီမီးဖိုင်နယ်သို့ ဝက်ဖို့ဒ်၊ အဲဗာတန်၊ ပဲလေ့စ်အသင်းတို့ တက်ရောက်သွားကြပြီဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၂၃ ရက်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဖိုင်နယ်ပွဲစဉ်ကို လန်ဒန်မြို့ ဝင်ဘလေကွင်း၌ မေ ၂၁ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

သီဟ

ဥရောပလိဂ် ဘောလုံးပွဲစဉ် အနိုင်အရှုံးရလဒ်များ

၁၄-၃-၂၀၁၆

အက်စ်ပွန်ဗီလာ	၀-၂	စပါး
နန့်တက်စ်	၂-၀	အန်းဂါးစ်
ရန်းနက်စ်	၂-၂	လိုင်ယွန်
လေဗာကူဆင်	၁-၀	ဟမ်းဘတ်စ်
ဒေါ့မွန်	၂-၀	မိန့်ဇ်
ကာဘီ	၂-၁	ဖရိုစီနိုနီ
ဗီအိုရင်တီးနား	၁-၁	ဗီရိုနာ
အူဒီးနိစ်	၁-၂	ရိုးမား
ဂျီနိုအာ	၃-၂	တိုရီနို
လာဇီယို	၂-၀	အတ္တလန်တာ
ပါလာမို	၀-၁	နာပိုလီ
ဆီဗီလာ	၄-၂	ဗီလာရီးရဲလ်
ဘီလ်ဘာအို	၃-၁	ဘက်တစ်
လက်စ်ပါမက်	၁-၂	ရီးရဲ

မောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/6871 ၏ မောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်မောင်းကြွန်ပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်နယ်၊ ကလောမြို့နယ်၊ ကလောမြို့၊ အမှတ် (၇) ရပ်ကွက်၊ အကွက်အမှတ် (၃၀)၊ ဥယျာဉ်ကုန်းရပ်၊ ဦးပိုင်အမှတ် (၄၃)၊ မြေကွက်အမှတ် (၆၀)၊ ဧရိယာ ၀ ဒသမ ၂၀၈ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် (၁၃/၆၀) ဖြင့် ဦးလှမောင်မှ နှစ် (၃၀) အမည်ပေါက်ပိုင်ဆိုင်ထားရှိပါသည်။ ယခုအခါ ဦးလှမောင်အမည်ပေါက်မြေငှားဂရန်မှာ ပျောက်ဆုံးနေပြီး အဆိုပါမြေကွက်မှ ဦးပိုင်အမှတ် (၄၃)၊ မြေကွက်အမှတ် (၆၀)၊ ဧရိယာ ၀ ဒသမ ၀၇၆ ဧကအား ခွဲစိတ်၍ လိုရှန်ဝစ်(ခ)ဦးတင်မိုးအောင်မှ ခွဲစိတ်အမည်ပြောင်းမြေငှားဂရန် လျှောက်ထားဆောင်ရွက်လျက်ရှိသဖြင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လိုရှန်ဝစ်(ခ)ဦးတင်မိုးအောင် (၁၂/လသန (နိုင်)၀၀၇၇၅၇) အမှတ် (၁၅၄)၊ ၂၂ လမ်း၊ လသာမြို့နယ်။ ဖုန်း-၀၉ ၅၁၀ ၂၆၃၉၈

စိန်တလုံးသရက်ခြံ အကျိုးတူဆောင်ရွက်လိုသူများအား ဖိတ်ခေါ်ခြင်း

လှည်းကူးမြို့နယ်၊ ရဲမွန်တပ်မြို့ရှိ ဧက(၈၀)ကျော်ရှိ သရက်ခြံတွင် လက်ရှိ အသီးသီးနေသော မျိုးသန့်စိန်တလုံးသရက်ပင် (၄၀၀၀)ခန့်အား ယခုရာသီမှစ၍ သရက်ပင်နှင့်အသီးများ စနစ်တကျထိန်းသိမ်းခြင်း၊ ဈေးကွက်ရရှိရေးဆောင်ရွက်ခြင်းလုပ်ငန်းများ စီမံဆောင်ရွက်နိုင်သည့် အကျိုးတူလုပ်ငန်းဆောင်ရွက်လိုသော လုပ်ငန်းရှင်များ အမြန်ဆက်သွယ်ပါရန်ဖိတ်ခေါ်အပ်ပါသည်။

(အကျိုးခံစားခွင့်အားနှစ်ဖက်ညှိနှိုင်းဆောင်ရွက်ပါမည်။)

ဆက်သွယ်ရန်

ဦးမောင်မောင်အေး -၀၉၇၈၅၅၅၈၈၈၁၊ ၀၉၆၅၀၀၀၅၈၊ ၀၉၇၃၀၂၃၇၇၇

POST ဂု ဈူ ဝင် ဒွင် သင် တန်း
PGDMA (အလယ်တန်းမြ) PPTT (မူလတန်းမြ)

စနေတနင်္ဂနွေ(၉း၀၀-၁၂း၀၀) နေ့လယ်(၁၂း၃၀-၃း၃၀) တနင်္လာအင်္ဂါ(၇း၃၀-၉း၀၀)

အချိန်ကာလ်(၃နှစ်ရက်တက်တန်းခွဲ) ၂၄-၃-၂၀၁၆မှစ၍ စာအုပ်ရပြီ။

သိမ်ဖြူ(မတော်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉ ၄၂၀ ၁၂၉၃၃

မြန်မာနိုင်ငံ Top-3, Top-10 နှင့် ထောထောင်ချက်ထူးချွန်များ၊ ထွက်ပေါ်ရာ
ပါမောက္ခ ဒေါက်တာတင့်လွင် (ရွှေမဟာ) ဦးစီးဖွင့်လှစ်သည့်
ရွှေမဟာ စာသင်ဝိုင်း
ဧပြီလဆန်းမှစ၍ ကျောင်းအပ်လက်ခံပြီ
စာသင်၊ စာကျက်၊ အတွက်၊ အတွေး၊ အရေး စာသင်ဝိုင်း
ခေတ်စနစ်နှင့်အညီပေးသော ပေးခွန်းပုံစံများအတိုင်း သင်ကြားလေ့ကျင့်ပေးမည်။
စာစီစာကုံး Letter, Eassy ရေးနည်းများ ပူးတွဲသင်ကြားပေးသည်။
၉တန်း၊ ၁၀တန်း (၁၀ – ဦး / ၂၅ – ဦး) အဆင့်ဖြင့်စာသင်ဝိုင်း
☎ 01-516731 09-5007337.09-5004635

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားအသုံးပြုခကောက်ခံရေးလုပ်ငန်းများအတွက် မဲစနစ်ဖြင့် လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ လမ်း/တံတားအသုံးပြုခကောက်ခံရေး ဂိတ်(၉)ခုတို့အား ထပ်မံထည့်သွင်း၍ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွက် (၁-၄-၂၀၁၆မှ ၃၁-၃-၂၀၁၇)အထိ လမ်း/တံတား အသုံးပြုခကောက်ခံခြင်းလုပ်ငန်း လုပ်ပိုင်ခွင့်လိုင်စင်များကို နိုင်ငံသားများသို့ မဲစနစ်ဖြင့် (၁၈-၃-၂၀၁၆)ရက် ၉နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမတွင် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) တိုင်းဒေသကြီးလမ်းပေါ်ရှိ လမ်းဂိတ်များ		သတ်မှတ်လေလံတန်ဖိုး (ကျပ်သိန်း)
(၁) စစ်ကိုင်းခရိုင်	မြင်းမူ(အရာတော်)ဂိတ်	၃၀
(၂) မုံရွာခရိုင်	အရာတော်(နောင်ကြီးအိုင်)ဂိတ်	၃၈
(၃) ယင်းမာပင်ခရိုင်	ဆားလင်းကြီး(ညောင်ပင်ကြီး)ဂိတ်	၂၀
(၄) ယင်းမာပင်ခရိုင်	ကျွဲးတက်ဂိတ်	၃၀
(၅) ကသာခရိုင်	အင်းတော်/ဗန်းမောက်ဂိတ်	၃၅
(ခ) တိုင်းဒေသကြီးလမ်းပေါ်ရှိ တံတားဂိတ်များ		သတ်မှတ်လေလံတန်ဖိုး (ကျပ်သိန်း)
(၁) ကသာခရိုင်	နံ့သာတံတားဂိတ်	၂၀
(၂) ကသာခရိုင်	ကျွဲကောကြီးတံတားဂိတ်	၂၀
(၃) ကသာခရိုင်	တုံစီတံတားဂိတ်	၂၀
(၄) ကသာခရိုင်	လက်ပံတံတားဂိတ်	၂၀

၂။ ဂိတ်တစ်ခုချင်းအလိုက် လေလံတင်သွင်းခွင့် လျှောက်လွှာများကို ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ထုတ်ယူနိုင်ပြီး လေလံတင်သွင်းလွှာများကို ညွှန်ကြားရေးမှူးရုံး၌ ၁၆-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီ နောက်ဆုံးထား မှတ်ပုံတင်သွင်းနိုင်ပါသည်။

၃။ စိတ်ပါဝင်စားကြေး၊ အာမခံကြေးနှင့် လေလံတင်သွင်းရန် အသေးစိတ်စည်းကမ်းချက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၂၅၄၁၊ ၀၇၁-၂၃၇၆၄သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံကြီးကြပ်ရေးအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၆/မြို့မရပ်၊ ဇေယျဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၁၄၈၈)၊ ဧရိယာ ၀ဒသမ ၁၄၆ ဧက ဦးသန်းထွန်းအေး အမည်ပေါက်နှစ် ၃၀ အငှားဂရန်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၉/၂၀၁၆(၁-၃-၂၀၁၆)ဖြင့် ဦးသန်းထွန်းအေး၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးစိုးပိုင် ၁၂/လကန (နိုင်)၀၂၂၀၈၉(ဘ)ဦးဝင်းအောင်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

တပေါင်းလနှင့် သဲပုံစေတီပွဲ

(လေးဆစ်သဖြန်)

- မိန်ရာသီလတပေါင်း
  ရွက်ဟောင်းတို့မြေခရှာ
  ပန်းသရဖီမြိုင်ယံတွင်း
  ကြိုင်သင်းပျံ့ကာ။
  ဥဩငှဲသံစာစာ
  ဖော်မဲ့ကာအော်မြည်ကြွေး။
  ဟိုအဝေးဆီက
  လွမ်းတေးသီဆိုလို့
  ချစ်သူကိုဖွေဖွေနှောက်ကာ
  ရှာမိတယ်လေး။
- စန်းသော်တာပြည့်ရွန်း
  လဝန်းကွယ့်ပုဏ္ဏမီ။
  ခါတော်မီရာသီပွဲ
  နွှဲကြတယ်ပီ။
  သဲစေတီ
  စုံညီသည့်ဘာသာပွဲ။
  ရှေးအစဉ်လာ
  လက်ဆင့်ကာဆင်ကာနွှဲလို့ရယ်
  (ကွယ်) ကျင်းပအမြဲ။

ရေနံမြေ-လွမ်းစု

ဘီးလင်းမြို့နယ်ရှိ မဲလုံဆံတော်ဘုရားပွဲကို ယခင်နှစ်ကထက် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ဘီးလင်း မတ် ၁၄

ဘီးလင်းမြို့နယ်တွင် တပေါင်းလပြည့်နေ့၌ နှစ်စဉ်ကျင်းပနေသော မဲလုံဆံတော်ဘုရားပွဲကို ယခင်နှစ်ကထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ဘုရားဖူးဧည့်သည်များ ယခင်နှစ်ကထက် ဘုရားသို့ လာရောက်ဖူးမြော်သူများ ပိုမိုများပြားလာခဲ့ကြောင်း သိရသည်။ မဲလုံဆံတော်ရှင်စေတီတော်မြတ်သည် မွန်ပြည်နယ် ဆံတော်ရှင် ခြောက်ဆူဘုရားများအနက်မှ တစ်ဆူဖြစ်ကြောင်း သိရသည်။

ယခင်က လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမရှိခြင်း၊ ဝေးလံခေါင်ဖျားခြင်း၊ သွားလာရန် ခက်ခဲခြင်း၊ လုံခြုံရေးစိတ်မချရခြင်းတို့ကြောင့် ဖူးမြော်မည့်သူမရှိဘဲ လူသိထင်ရှားနည်းခဲ့သော ဆံတော်ရှင်ဘုရားတစ်ဆူဖြစ်ခဲ့ကြောင်း မဲလုံဆံတော်ရှင်ဂေါပကအဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

ယခုအခါ ဘီးလင်း-ဖာပွန်ကားလမ်းဖောက်လုပ်ပြီးစီးသွားသောကြောင့် သွားလာရန် လွယ်ကူလာတော့မည်ဖြစ်ပြီး လုံခြုံရေးအရလည်း ကောင်းမွန်လာသည့်အတွက် မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးဧည့်သည်တို့က ယခင်နှစ်ကထက် မဲလုံဆံတော်ဘုရားသို့ ပိုမိုလာရောက်၍ ဖူးမြော်လာခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မန္တလေးတောင် ဆုတောင်းပြည့်မြတ်စွာဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

မန္တလေး မတ် ၁၄

စတုတ္ထအကြိမ်မြောက် မန္တလေးတောင် ဆုတောင်းပြည့်မြတ်စွာဘုရား ဗုဒ္ဓပူဇနိယ ဆွမ်းဆန်စိမ်းပွဲတော်ကို မတ် ၂၃ ရက် တပေါင်းလပြည့်နေ့တွင် မန္တလေးတောင်ပေါ်ရှိ ဆုတောင်းပြည့်ဘုရားရင်ပြင်တော်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပွဲတော်အထိမ်းအမှတ်အဖြစ် ပထမအကြိမ် ရိုးရာအားကစားပြိုင်ပွဲကို ထည့်သွင်းကျင်းပမည် ဖြစ်သည်။ ရိုးရာအားကစား ပြိုင်ပွဲတို့တွင် ရိုးရာခြင်းလုံးအလှခတ်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲတို့ ကို မန္တလေးတောင်ဂေါပကအဖွဲ့က ကြီးမှူး၍ တောင်ခြေရှိ မိုးထိကျောင်းတော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တပေါင်းလပြည့်နေ့ နံနက်ပိုင်းတွင် တောင်ပေါ် ဆုတောင်းပြည့် ရင်ပြင်တော်၌ စေတနာရှင်၊ ကုသိုလ်ရှင်များက ဘုရားအမှူးပြုသော မန္တလေးမြို့မှ ဩဝါဒါစရိယဆရာတော်၊ သံဃာတော် ၄၅ ပါးတို့အား ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ကြမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသော စေတနာရှင် ကုသိုလ်ရှင်များအနေဖြင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်း ဖုန်း-၀၉၂၀၀၂၄၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

နမ့်ခမ်းမြို့၏ အတုမရှိမဟာမုနိဘုရားကြီးနှင့် ဗုဒ္ဓပူဇနိယပွဲတော်

နမ့်ခမ်း မတ် ၁၄

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ရှိ အတုမရှိမဟာမုနိဘုရားကြီးကို အနယ်နယ်အရပ်ရပ်မှ လာရောက်သူများအပြင် တစ်ဖက်နိုင်ငံ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နေ့ချင်းပြန်ဧည့်သည်များလည်း လာရောက်ကြည်ညိုဖူးမြော်ကြသည်။

နမ့်ခမ်းဖောင်ချောင်း ဝန်းကျင်သည် စိုက်ပျိုးမြေကောင်းမွန်သဖြင့် ရှမ်းတောင်သူ ဇနီးမောင်နှံနှစ်ဦးက လယ်ယာစိုက်ပျိုး လုပ်ကိုင်စားသောက်နေထိုင်ရာမှ တဖြည်းဖြည်းနှင့် အခြားဒေသမှ လာရောက်စိုက်ပျိုးသူ များပြားလာ၍ နမ့်ခမ်းရွာဟု ခေါ်တွင်ခဲ့ကြသည်။ ကောဇာသက္ကရာဇ် ၁၁၁၀ ခုနှစ် ခရစ်နှစ် ၁၇၄၈ ခုနှစ်ခန့်က ကျားအုပ်စုတွင် တစ်ကိုယ်လုံး အမွေးဆွတ်ဖြူသည့် ကျားဖြူတစ်ကောင်က ဦးဆောင်၍ နမ့်ခမ်းဖောင်ချောင်း အနီးတစ်ဝိုက်တွင် နေထိုင်သွားလာကြသည်။ ကျားဖြူကြီးသည် ရွာသူရွာသားများကို ရန်မူခြင်းမရှိသည့်အပြင် အခြားသော တောရိုင်းတိရစ္ဆာန်တို့၏ ရန်ကိုပင် ကာကွယ်ပေးခဲ့သည်။ ကျားဖြူကြီး သေဆုံးသွားသောအခါ ရွာသူရွာသားများက ယင်းနေရာ၌ပင် အဆောက်အအုံတစ်ခု ဆောက်လုပ်ကာ ကျားဖြူရုပ်တု ထုလုပ်ထားကြသည်။ နမ့်ခမ်းရွာကိုလည်း နမ့်ခမ်းမြို့အဖြစ် ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။ နမ့်ခမ်းမြို့၌ ပထမဦးဆုံး အုပ်ချုပ်ခဲ့သောမြို့စား ဖူဟိန်ပေါ်ဆီးက ကျားဖြူရုပ်တုထားရှိသည့် အဆောက်အအုံအား ဘုရားကျောင်းတော်အဖြစ် ပြုပြင်ဆောက်လုပ်၍ ၁၁၃၉ ခုနှစ်တွင် ဉာဏ်တော်ခြောက်တောင်ခန့်ရှိသည့် ဗုဒ္ဓဆင်းတုတော်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့သည်။

ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့သောမြို့စားများက ဦးဆောင်ပြီး မြို့သူမြို့သားများ ပါဝင်လှူဒါန်းမှုဖြင့် ဗုဒ္ဓဆင်းတုတော်မြတ်ကြီးကိုလည်း ဉာဏ်တော် ၁၁ တောင်(၁၆ ပေ ၆ လက်မ)ပြန်လည်ပြုပြင်မွမ်းမံခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဘုရားကျောင်းကန်များ၊ လူနေအိမ်များ ပျက်စီးခဲ့သော်လည်း မဟာမုနိဗုဒ္ဓစေတီတော်မြတ်ကြီးမှာ ထိခိုက်ပျက်စီးခြင်း မရှိခဲ့ပေ။ ၁၉၄၈ ခုနှစ်တွင် မြို့စား ခွန်ယွက်မိန်းဆိုင်နှင့် တိုင်းရင်းသားပြည်သူများက ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သည်။

ကျောင်းတော်ကြီးကို ခေတ်အဆက်ဆက်ငါးကြိမ်တိုင်တိုင် ပြုပြင် တည်ဆောက်ခဲ့ပြီး ယခုအခါ မြို့နယ် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူလျက် ဂေါပကအဖွဲ့မှ ဦးဆောင်ပြီး စေတနာရှင်ပြည်သူများ လှူဒါန်းမှုဖြင့် မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို သပ္ပာယ်ကြည်ညိုဖွယ်စွာ ဖူးတွေ့ရသည်။

နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ရှစ်ရက်နေ့တွင် ပွဲဆောင်းဆမ် ဘုရားပွဲတော်နှင့် တပေါင်းလပြည့်နေ့၌ နယ်သူနယ်သား၊ မြို့သူ မြို့သားများက ဘုရားပွဲတော်များတွင် ပဒေသာပင်များ လှည့်လည်ခြင်း၊ ရှမ်းရိုးရာဇာတ်ပွဲများခင်းခြင်း၊ စင်တင်တေးဂီတနှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပခြင်း၊ ဆရာတော်၊ သံဃာတော်များ ပင့်ဖိတ်၍လှူဒါန်း ရေစက်ချအမျှပေးပြီး ဆွမ်းဆန်စိမ်းများ လောင်းလှူခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ရိုးရာမပျက် ကျင်းပလျက်ရှိကြောင်း သိရသည်။

ဉာဏ်မင်း(နမ့်ခမ်း)

နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများလှူဒါန်း

သီပေါ မတ် ၁၄

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ ကူညီထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲကို မတ် ၁၀ ရက်က လားရှိုးမြို့ ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းဆိုင်ပူးက ကရုဏာစကားပြောကြားပြီး ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးမှူးတို့ထံ အလှူငွေများကို ပြည်နယ်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌကပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်း(သီပေါ)

စာကြည့်တိုက် ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

လယ်ဝေး မတ် ၁၄

နေပြည်တော် လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် မတ် ၁၀ ရက်က စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားပြီး အဖွဲ့ငါးဖွဲ့ခွဲကာ စာကြည့်တိုက်ဝန်ဆောင်မှုအခန်းကဏ္ဍ၊ စာကြည့်တိုက်မှူး အရည်အသွေးမြှင့်မားရေး၊ စာအုပ်စာစောင်နှင့် ရန်ပုံငွေတိုးပွားရေး၊ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မာရေး နှင့် စာဖတ်သူများပြားလာစေရေးစသည့် ခေါင်းစဉ်များကို အုပ်စုဖွဲ့ဆွေးနွေး၍ ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ် (ရှပဆေဒ)

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ပလက်ဝ မတ် ၁၄

ပလက်ဝမြို့ မြို့နယ်မီးသတ်တပ်ဖွဲ့က မြို့မစည်ပင်သာယာဈေးတွင် မတ် ၁၂ ရက်က မီးလောင်မှုအမျိုးမျိုးဖြစ်ပွား၍ ပြည်သူများက ခေတ်မီမီးသတ်နည်းစနစ်များ သရုပ်ပြလေ့ကျင့်မှုများကို မြို့နယ်မီးသတ်ဦးစီးမှူးက ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စည်ပင်ကော်မတီဝင်များ၊ ဈေးသူ ဈေးသားများတက်ရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ကျော်ဦး(မြန်/ဆက်)

စိမ့်စမ်းရေထွက်ပင်ရင်းအား စစ်ဆေး

ရမ်းဗြဲ မတ် ၁၄

ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် လမူးခြေကျေးရွာအုပ်စု ငြင်းချောင်းကျေးရွာတွင် ရွာနှင့် တစ်မိုင်ကွာဝေးသော စိမ့်စမ်းရေထွက်ရှိသည့် ရေထွက်ပင်ရင်းသို့ မတ် ၁၁ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ထွန်းနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့သည်။ ထို့နောက် ကျေးရွာရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အဆိုပါ ရေထွက်ပင်ရင်း အဆင်ပြေသည့်အတွက် ရေရရှိရေးလုပ်ငန်းများကို ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်လှမြို့

ဆောင်းရာသီစိုက် မတ်ပဲများ ယခုနှစ်တွင် အထွက်နှုန်းလျော့နည်း

ဖြူး မတ် ၁၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်သည် မိုးစပါးစိုက်ဧက တစ်သိန်းခွဲကျော်နှင့် ဆောင်းရာသီစိုက် မတ်ပဲစိုက်ဧက တစ်သိန်းကျော် စိုက်ပျိုးသော မြို့နယ်တစ်ခုဖြစ်သည်။

ဆောင်းရာသီစိုက်မတ်ပဲများကို မိုးစပါးများရိတ်သိမ်းအပြီး ရာသီအမီ စိုက်ဧကတစ်သိန်းကျော် စိုက်ပျိုးခဲ့ကြရာ ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်နုတ်သိမ်းခဲ့ကြပြီး ယခုအချိန်တွင် ၆၀ ရာခိုင်နှုန်းကျော် နုတ်သိမ်းပြီးဖြစ်၍ မတ်ပဲများ နယ်လှေ့ရာတွင် သဘာဝလေတိုက်အား နည်းပါး၍ စက်တပ်ပန်ကာလေဖြင့် မတ်ပဲတစ်တင်း ငွေကျပ် ၁၀၀၀ ပေး၍ လှေ့နေကြကြောင်း သိရသည်။

ယခုနှစ်တွင် မိုးစပါးနှင့် မတ်ပဲများမှာ ယခင်နှစ်များနှင့်မတူဘဲ ဈေးနှုန်းမြင့်မားစွာ ရောင်းချခဲ့ကြရသော်လည်း မတ်ပဲများမှာ ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် အထွက်နှုန်းလျော့နည်းကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်သူ လယ်သမားများ အနေနဲ့တော့ အရင်နှစ်နဲ့စာရင် ဒီနှစ်က စပါးဈေး၊ ဆန်ဈေးကလည်း မကြုံဖူးအောင် ဈေးနှုန်းပိုရလို့ အသက်ရှူချောင်တဲ့နှစ်လို့တော့ပြောလို့ ရပါတယ်။ ဒါပေမယ့် ဒီနှစ် မတ်ပဲက ရာသီဥတုဖောက်ပြန်လို့ထင်ပါတယ်။ အပင်တွေပြစ်ပြီး အသီးက အင်မတန်နည်းလို့ ယခင်နှစ်က မတ်ပဲ တစ်ဧက ၁၀ တင်းမှ ၁၅ တင်း ထွက်ရှိတဲ့ စိုက်ခင်းတွေ ဒီနှစ်မှာ အများဆုံး ခုနစ်တင်းက ကိုးတင်းလောက်ပဲ ထွက်ပါတယ်။ လယ်သမားများအနေနဲ့ တက်ဈေးကို မစောင့်နိုင်ဘဲ ပေါ်ပင်ပေါ်သီးပေါက်ဈေးနဲ့ ရောင်းရတော့ တွက်ခြေသိပ်မကိုက်ပါဘူး" ဟု ဖြူးမြို့နယ် ညောင်ပင်သာရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ဖြူးမြင့်ဦး

သရေခေတ္တရာ ဂူဘုရားများ

မောင်သာ
(ရှေးဟောင်းသုတေသန)

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းသရေခေတ္တရာတွင် ပျူခေတ်လက်ရာ ရှေးဟောင်းသာသနိကအဆောက်အအုံများဖြစ်သည့် စေတီပုထိုးများကို ယနေ့တိုင် မြင်တွေ့နိုင်ကြပြီး ယင်းတို့ကို ယေဘုယျအားဖြင့် ထူပနှင့် ဂူဘုရားဟု ခွဲခြားနိုင်သည်။

ထူပသည် အခေါင်းပေါက် သို့မဟုတ် လိုဏ် မပါရှိသည့် ထုလုံးပုံ အပိတ်အဆောက်အအုံဖြစ်ပြီး ဂူဘုရားသည် အောက်ခံတွင် လေးထောင့်ကုလားကျောင်းခံ၍ အပေါ်တွင် စေတီတည်ထားသည့် အဆောက်အအုံဖြစ်သည်။ မြန်မာအဘိဓာန်တွင် ထူပါကို ပါဠိဘာသာ ထူပ၊ ထူပါစေတီ၊ ပုထိုးဟုလည်းကောင်း၊ ဂူဘုရားကို ကုလားကျောင်းခံ၍ ကွမ်းတောင်ပေါက်သောဘုရားဟုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

သရေခေတ္တရာမြို့ဟောင်းရှိ ဘောဘောကြီး၊ ဘုရားကြီးနှင့် ဘုရားမာတို့သည် ထူပခေါ် စေတီလုံးများဖြစ်ကြပြီး ဘုရားထောင်၊ အရှေ့ဈေးဂူ၊ ဘဲဘဲဂူ၊ လေးမျက်နှာ၊ ရဟန္တာဂူ စသော အဆောက်အအုံများသည် ဂူဘုရားများဟု ပညာရှင်များက သတ်မှတ်ထားကာ သရေခေတ္တရာရှိ ဂူဘုရားများသည် ပုဂံခေတ်ဂူဘုရားများ၏ ရှေ့ပြေးလက်ရာများဟု ယူဆကြသည်။ ယင်းတို့အနက် ဘဲဘဲဂူ၊ လေးမျက်နှာ၊ ရဟန္တာဂူ၊ အရှေ့ဈေးဂူတို့ကို သရေခေတ္တရာခေတ်ဦးပိုင်းလက်ရာများဟု ယူဆ၍ အနောက်ဈေးဂူကို နှောင်းပိုင်းလက်ရာဟု သတ်မှတ်ထားကြသည်။

ဘဲဘဲဂူဘုရား

လေးမျက်နှာဂူဘုရား

လေးမျက်နှာဂူဘုရားသည်လည်း သရေခေတ္တရာမြို့ဟောင်း၏ တောင်ဘက်၊ ဘောဘောကြီးစေတီ၏အရှေ့ဘက် ဘဲဘဲဂူအနီးတွင် တည်ရှိသည်။ သရေခေတ္တရာတွင်ရှိသော ဂူဘုရားများအနက် လေးမျက်နှာဂူဘုရားတစ်ဆူသာ မုခ်လေးမုခ်ရှိပြီး လေးမျက်နှာဂူဘုရားသည် အလျားအနံ ခုနစ်

မီတာ(၂၂ ဒသမ ၉ ပေ)ပတ်လည်၊ အမြင့်ခြောက်မီတာ(၁၉ ဒသမ ၆ ပေ) ရှိသည့် စတုရန်းပုံ အဆောက်အအုံဖြစ်သည်။ ပစ္စယာသုံးဆင့်ရှိပြီး ထိုပစ္စယာများသည်ပင် လေးမျက်နှာဘုရား၏ အမိုးဆင့်များ ဖြစ်ကြသည်။

ဂူ၏ အတွင်းပိုင်း အလယ်တည့်တည့်တွင် အဆောက်အအုံ၏ မဏ္ဍိုင်ရှိပြီး ယင်းမဏ္ဍိုင်၏ပတ်ပတ်လည် မျက်နှာလေးဘက်တွင် ဗုဒ္ဓရုပ်ပွားတော်ရုပ်ကြွများ ကပ်ထားခဲ့သည်။ ယခုအခါတွင် အရှေ့ဘက်တွင် ယင်းဗုဒ္ဓရုပ်ပွားတော် ရုပ်ကြွကျောက်ချပ်များကို မမြင်ရတော့ဘဲ ကျန်မျက်နှာများတွင်သာ မြင်တွေ့နိုင်သည်။ အဆောက်အအုံကြံ့ခိုင်မှုအတွက် သံချောင်းများဖြင့် ထောက်ကူပေးထားသည့် လေးမျက်နှာဂူဘုရားကို အေဒီ ၉ ရာစုမှ ၁၃ ရာစုအတွင်း တည်ဆောက်ခဲ့သည်ဟု ခန့်မှန်းထားသည်။

ရဟန္တာဂူ ဘုရား

ရဟန္တာဂူဘုရားသည် မုခ်ပေါက်သုံးပေါက်၊ ဝင်ပေါက်သုံးပေါက်ရှိသော ဂူဘုရားဖြစ်ပြီး အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် ဝင်ပေါက်များရှိကာ အနောက်ဘက်သည် အပိတ်ဖြစ်သည်။ မြောက်ဘက်ဝင်ပေါက်သည် ကျန်ဝင်ပေါက်နှစ်ခုအောက် သေးငယ်ကျဉ်းမြောင်းသည်။ ဂူအတွင်းခန်း အနောက်ဘက်နံရံတွင် သဲကျောက်ပေါ်၌ တန်းစီထုလုပ်ထားသည့် ဗုဒ္ဓရုပ်ပွားတော် ရုပ်ကြွခုနစ်ဆူကို မြင်တွေ့ရသည်။ဆင်းတုများအကြားတွင် တစ်ဆူလွတ်နေသဖြင့် ယခင်က ရှစ်ဆူရှိခဲ့ကြောင်း သိရှိရပေသည်။ ယင်းဆင်းတုတော်များ၏ မုဒြာ(လက်တော်ဟန်)သည် ဘယ်တင်ညာချထားသည့် ထူးခြားသော ဘူမိဖဿဟန်ဖြစ်သည်။ ဆင်းတုတော်ခြောက်ဆူသည်မျက်လွှာချထားသည့် မျက်နှာတော်များရှိပြီး တောင်ဘက်ဝင်ပေါက်မှရေတွက်လျှင်တတိယမြောက်ဆင်းတုတော်ကို မျက်စိပွင့်နေသည်ပုံသွင် ထုလုပ်ထားသည်။

ထူပသည် အခေါင်းပေါက် သို့မဟုတ် လိုဏ် မပါရှိသည့် ထုလုံးပုံ အပိတ်အဆောက်အအုံဖြစ်ပြီး ဂူဘုရားသည် အောက်ခံတွင် လေးထောင့်ကုလားကျောင်းခံ၍ အပေါ်တွင် စေတီတည်ထားသည့် အဆောက်အအုံဖြစ်သည်။ မြန်မာအဘိဓာန်တွင် ထူပါကို ပါဠိဘာသာ ထူပ၊ ထူပါစေတီ၊ ပုထိုးဟုလည်းကောင်း၊ ဂူဘုရားကို ကုလားကျောင်းခံ၍ ကွမ်းတောင်ပေါက်သောဘုရားဟုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ဘဲဘဲဂူဘုရားသည် သရေခေတ္တရာမြို့ဟောင်း၏ တောင်ဘက်၊ ဘောဘောကြီးစေတီ၏ အရှေ့ဘက်တွင် တည်ရှိသည်။ ဘဲဘဲဂူသည် အရှေ့အနောက်အလျား ငါးမီတာ (၁၆ ဒသမ ၄ ပေ)နှင့် တောင်မြောက်အလျား ၄ ဒသမ ၇ မီတာ(၁၅ ဒသမ ၄ ပေ) ရှိသည့် လေးထောင့်စပ်စပ် အုတ်စေတီတစ်ဆူဖြစ်ပြီး အမြင့် ၈ ဒသမ ၇ မီတာ(၂၈ ပေ ၆ လက်မ) ရှိသည်။ ဘုရားမုခ်ပေါက်ကို အရှေ့ဘက်သို့ မျက်နှာမူထားသည်။ ဂူ၏အပေါ်ပိုင်းတွင် ပစ္စယာသုံးဆင့်ခံကာ ပစ္စယာများပေါ်တွင် ကွမ်းတောင်ပေါက်ထားသည်။ ကွမ်းတောင်ကို မြန်မာအဘိဓာန်က ဂူဘုရားတွင် ပစ္စယာအထက်၊ ထီးအောက်ရှိ အစိတ်အပိုင်းဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ဘဲဘဲဂူဘုရား၏ ကွမ်းတောင်သည် ပုဂံဂူဘုရားများတွင် တင်ထားသည့် ကွမ်းတောင်များကဲ့သို့ မွမ်းမံမှုများမရှိသည့် အုတ်သားသက်သက် ဖြစ်သည်။

ဘဲဘဲဂူဘုရား၏ လိုဏ်အတွင်း၌ ဘူမိဖဿမုဒြာ ဟုခေါ်သည့် လက်တော်မြေထိ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် သာဝကနှစ်ပါးတို့က ဘုရားရှင်ကိုရှိခိုးနေဟန် ထုလုပ်ထားသော သဲကျောက်ရုပ်ကြွတစ်ချပ် ရှိသည်။ လိုဏ်အတွင်း တောင်ဘက်နှင့် မြောက်ဘက်တွင် ဂူငယ်နှစ်ခုစီ ဖောက်လုပ်ထားသည်။ ဂူအတွင်းနံရံတွင် မုခ်ခုံးလေးခုရှိပြီး အပြင်နံရံတွင် မုခ်ခုံးနှင့် အင်္ဂတေလက်ရာများ ရှိသည်။ ပညာရှင်များက ဘဲဘဲဂူဘုရား၏ ဗိသုကာလက်ရာများသည် အေဒီ ၉ ရာစုမှ ၁၃ ရာစုအတွင်းလက်ရာဟု ယူဆကြပြီး ဗုဒ္ဓရုပ်ပွားကျောက်ချပ်သည် ပျူခေတ်နှောင်း အေဒီခုနစ်ရာစုလက်ရာဟု ခန့်မှန်းသည်။

ရဟန္တာဂူဘုရားသည် သရေခေတ္တရာမြို့ဟောင်း၏ အနောက်တောင်ဘက်၊ ရဟန္တာမြို့ ဝင်ပေါက်ဝအနီးတွင် တည်ရှိသည်။ ဂူဘုရားအနီးတွင် ရဟန္တာရေကန်ရှိပြီး ဘောဘောကြီးဘုရားကို လှမ်းမြင်နေရသည်။ ရဟန္တာဂူသည် အလျား၁၁ မီတာ(၃၆ ပေ)၊ အနံ ၇မီတာ(၂၃ ပေ)၊ အမြင့် (၁၀ ဒသမ ၈ ပေ) ရှိသည်။ အေဒီ ၉ ရာစုမှ ၁၃ ရာစုအတွင်း တည်ဆောက်ခဲ့သည့်လက်ရာဖြစ်ပြီး ယခုအခါတွင် ဂူအတွင်း၌ ကျောက်စရစ်များ ခင်းထားသည်။

ဘုရားထောင်

ဘုရားထောင်ဂူဘုရားသည် သရေခေတ္တရာပြတိုက်နှင့် နန်းတော်ရာအနီးတွင် တည်ရှိပြီး အေဒီ လေးရာစုမှ အေဒီထိုးရာစုအတွင်း ထွန်းကားခဲ့သော

သရေခေတ္တရာပျူခေတ်တွင် တည်ထားခဲ့သည့် စေတီတစ်ဆူဖြစ်သည်။ ဘုရားထောင်ကို ပုဂံခေတ်တွင်တည်ထားသည့် အချို့သောဘုရားများကဲ့သို့ပင် ကုလားကျောင်းခံ၍ တည်ဆောက်ထားသည်။ အောက်ခံပန္နက်သည် ၁၂ မီတာ (၃၉ ပေ) ပတ်လည် စတုရန်းပုံဖြစ်ကာ ပန္နက်မှ စေတီထိပ်အထိ ၁၀ မီတာ(၃၂ ပေ)မြင့်သည်။ ယခင်က ဘုရားထောင်၏ မျက်နှာလေးဘက်တွင် မုခ်ပေါက်များရှိခဲ့သော်လည်း ဂူဘုရားကြံ့ခိုင်မှုအတွက် အုတ်များဖြင့်ပိတ်ခဲ့သဖြင့် အတွင်းသို့ ဝင်ရောက်၍မရပါချေ။ စေတီအတွင်း လိုဏ်ပတ်လမ်းခံထားသည့် ဘုရားထောင်၏ ပစ္စယံပေါ်၌ အရံစေတီများ ယခင်ကရှိခဲ့သော်လည်း ယခုအခါတွင် မြောက်ဘက်ပစ္စယံ၌သာ အရံစေတီသုံးဆူကို မြင်ကြရသည်။ ပါးစပ်ရာဇဝင်များအရ ဘုရားထောင်စေတီကို ဗိုလ်ခြေတစ်ထောင်တည်ခဲ့သည်ဟု ဆိုကြသော်လည်း ဘုရားထောင်စေတီ၏ အလှူရှင်နှင့် တည်ဆောက်ခဲ့သည့် ခုနှစ်သက္ကရာဇ်ကို တိကျစွာ မသိရှိနိုင်သေးပါချေ။

အရှေ့ဈေးဂူဘုရား

သရေခေတ္တရာမြို့ဟောင်းအတွင်း တောင်လုံးညိုကျေးရွာတွင် တည်ရှိသော အရှေ့ဈေးဂူဘုရားသည် အရှေ့အနောက် ၇ ဒသမ ၈ မီတာ(၂၅ ဒသမ ၅ ပေ)၊ တောင်မြောက် ၇ ဒသမ ၆ မီတာ(၂၄ ဒသမ ၉ ပေ)နှင့်အမြင့် ခြောက်မီတာ(၁၉ ဒသမ ၆ ပေ)ရှိသည်။ အရှေ့ဘက်သို့ ဆင်ဝင်ထုတ်ထားသည့် စတုရန်းပုံ ဂူဘုရားတစ်ဆူဖြစ်သည်။ ဂူဘုရား၏ထိပ်ပိုင်းသည် ပျက်စီးနေပြီဖြစ်သဖြင့် မူလပုံစံကို မခန့်မှန်းနိုင်တော့ပါချေ။ အရှေ့ဈေးဂူဘုရားအတွင်းမှ ဗုဒ္ဓဆင်းတုတော်ပါသည့် ကျောက်ရုပ်ကြွတစ်ခု တွေ့ရှိခဲ့ပြီး ယခုအခါတွင် သရေခေတ္တရာပြတိုက်တွင် ပြသထားသည်။

အရှေ့ဈေးဂူသည် သရေခေတ္တရာရှိ ဂူဘုရားများအနက် ပုဂံဂူဘုရားများ၏ ဗိသုကာပုံစံနှင့် အနီးစပ်ဆုံး တူညီသည်။ ဂူဘုရားနံရံတွင် အင်္ဂတေဇာကွက် ပြူတင်းပေါက်များ၊ ဝင်ပေါက်မုခ်ကပ်များ၊ သပ်စီပေါင်းကူး အုတ်စီစနစ်များကို တွေ့ရှိရသည်။

အနောက်ဈေးဂူဘုရား

အနောက်ဈေးဂူဘုရားသည် အရှေ့ဈေးဂူဘုရား၏ အနောက်တောင်ထောင့်တွင် တည်ရှိသည်။ အရှေ့ဘက်သို့ မျက်နှာမူထားသော အနောက်ဈေးဂူဘုရား၏ လိုဏ်အတွင်း ဂန္ဓကုဋီခေါ် အတွင်းတိုက်ခန်းပတ်လည်၌ စင်္ကြံလမ်းရှိသည်။ အဆောက်အအုံသည် လေးထောင့်စပ်စပ် စတုရန်းပုံရှိသော်လည်း အဆောက်အအုံ၏တောင်ဘက် အတွင်းနံရံနှင့် အပြင်နံရံမှ လက်တံနှစ်ခုကို အရှေ့အနောက်တန်းလျက် ထုတ်ထားသည်။ အတွင်းစင်္ကြံလမ်းနှစ်ခုရှိရာ အရှေ့အနောက် စင်္ကြံသည် ၄၁ ပေရှိ၍ တောင်မြောက်စင်္ကြံသည် ပေ ၅၀ ရှိသည်။ ပတ်လမ်းနံရံတွင် လိုဏ်ငယ်များ ပြုလုပ်ထားသည်။

ဖော်ပြခဲ့သော အဆောက်အအုံခြောက်ခုသည် သရေခေတ္တရာတွင် ထင်ရှားသော ဂူဘုရားများဖြစ်ကြသည်။ သရေခေတ္တရာ မြို့ဟောင်းနှင့် အနီးဝန်းကျင်၌ အခြားဂူဘုရားများ ရှိနိုင်ခဲ့သေးသော်လည်း လက်ရှိအချိန်တွင် ခြောက်ဆူသာ ထင်ထင်ရှားရှား ကျန်ရှိနေပေသည်။ တောင်လုံးညိုရွာ၏ အရှေ့တောင်ဘက် နန္ဒာကန်အနီးရှိ ရွှေညောင်ပင်ကုန်း အဆောက်အအုံဟောင်း၏ ပန္နက်သည် ပုဂံခေတ် ဂူဘုရားများ၏ ပန္နက်ပုံစံနှင့် နီးနီးစပ်စပ် တူညီသည်။ ယင်းအဆောက်အအုံတွင် ဆင်ဝင်ဆောင်၊ အလယ်ဆောင်နှင့် ဆောင်မကြီး ပန္နက်ပုံများကို မြင်တွေ့ရပြီး အဆောက်အအုံသည် အရှေ့ဘက်သို့မျက်နှာမူထားသည်။ အရှေ့တံခါးပေါက်မှဝင်လျှင် ဆင်ဝင်ဆောင်သို့ရောက်ရှိပြီး ဆင်ဝင်ဆောင်နှင့် အလယ်ဆောင်သည် တစ်ဆက်တည်းဖြစ်ကာ ယင်းအဆောင်နှစ်ခုအကြားကို အကျယ်တစ်ပေရှိသည့် ကျောက်ခြေနင်းခုံဖြင့် ပိုင်းခြားထားသည်။ အလယ်ဆောင်မှ အတွင်းပိုင်းသို့ဆက်သွားလျှင် ဆောင်မကြီးသို့ ရောက်ရှိသည်။ အနောက်ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တွင် ကျောက်လှေကားသုံးဆင့်တပ်ထားသည့် ပြတင်းပေါက်များ ရှိသည်။ ဤအဆောက်အအုံပန္နက်ပုံကို ပုဂံမြို့ မင်းနန်းသူအရပ်ရှိ သုံးလုလဂူဘုရား ပန္နက်ပုံစံနှင့် နှိုင်းယှဉ်လေ့လာသင့်ကြောင်း သရေခေတ္တရာမြို့ဟောင်းကို တူးဖော်ခဲ့သူရှေးဟောင်းသုတေသန ဝန်ထောက် ဆရာကြီးဦးစိန်မောင်ဦးက ရေးသားခဲ့သည်။

သရေခေတ္တရာသည် ပျူယဉ်ကျေးမှု အမွေအနှစ်များစွာ ယနေ့တိုင်ကျန်ရှိနေသည့် ပျူမြို့ဟောင်းတစ်ခု ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ အရှေ့မြောက်ဘက်သို့ ငါးမိုင်၊ ရန်ကုန်မြို့မှ အနောက်မြောက်ဘက်သို့ မိုင် ၁၈၀ ကွာဝေးပြီး၊ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းသုံးခုအနက် အကြီးဆုံးဖြစ်သည့် သရေခေတ္တရာရှိ ဂူဘုရားများအပါအဝင် ရှေးဟောင်းရုပ်ဝတ္ထုပစ္စည်းများကို ထိန်းသိမ်းသုတေသနပြုကြခြင်းဖြင့် ပျူလူမျိုးများ၏ သမိုင်းနှင့် ယဉ်ကျေးမှုများကို ပိုမိုခိုင်မာစွာ ဖော်ထုတ်နိုင်မည်ဖြစ်ပေသည်။

ကိုးကား

(၁) သရေခေတ္တရာ မြို့ဟောင်း(ဦးစိန်မောင်ဦး)
(၂) DMHC သင်တန်းမှတ်စုများ

သတင်းတိုများ

ပညာဒါန ကွန်ပျူတာသင်တန်းကျောင်းသို့ ငွေပဒေသာပင်ကျပ်သိန်း၃၀၀လှူဒါန်း

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ မဟာဇေယျသိဒ္ဓိအဓိဋ္ဌာန်ဘုရားကြီး သိမ်တော် ခြံဝင်းအတွင်းရှိ (အခမဲ့)ကွန်ပျူတာသင်တန်းကျောင်း အစဉ်ရှင်သန်ခိုင်မာရေးနှင့် မျိုးဆက်သစ်လူငယ်များ ကွန်ပျူတာအသိပညာ ဖွံ့ဖြိုးရေးကို ရည်ရွယ်လျက် သင်တန်းကျောင်းအတွက် ငွေပဒေသာပင် ကျပ်သိန်းသုံးရာကို ရန်ကုန်မြို့နေ ဦးထွန်းထွန်းနိုင်မိသားစုမှ မတ် ၁၃ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ပညာဒါန ကွန်ပျူတာသင်တန်းကို အဓိဋ္ဌာန်ဆရာတော်ဘုရားကြီး၏ ဦးဆောင်မှုဖြင့် ၂၀၁၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ကာ မြို့ပေါ်မှ စေတနာရှင် ကွန်ပျူတာကျွမ်းကျင်လူငယ်များက ပညာဒါနအနေဖြင့် အခမဲ့ သင်ကြားပေးပြီး ယနေ့အထိ သင်တန်းသားသင်တန်းသူ ၃၀၀ ခန့်ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သူ(ပုဏ္ဏားမြို)**

ထီးချိုင့်မြို့တွင် အိမ်သာကျင်းတူးရာမှ ရှေးဟောင်းငွေဒင်္ဂါးပြားများတွေ့ရှိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့တွင် မတ် ၁၃ ရက်က အိမ်သာကျင်းတူးရာမှ ရှေးဟောင်းငွေဒင်္ဂါးပြားများ တွေ့ရှိခဲ့ကြောင်း သိရသည်။ ထီးချိုင့်မြို့ ဈေးကြီးအနောက်ဘက် အမှတ်(၂)ရပ်ကွက်နေ ဦးအောင်ကြည်၊ ဒေါ်ကြည်ကြည်တို့၏ အိမ်ဝင်းအတွင်း အိမ်သာကျင်းတူးဖော်စဉ် မြေကြီးအတွင်းမှ ရတနာပုံခေတ်"ရတနာပုံ"တံဆိပ်ပါ ဒေါင်းဒင်္ဂါးပြား ၃၉ ပြား၊ ဘုရင်မတံဆိပ်ပါ ငွေဒင်္ဂါးပြား ၆၁ ပြား စုစုပေါင်းဒင်္ဂါးပြားရေ ၁၀၀ ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ တွေ့ရှိသော ဒင်္ဂါးများကို အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်၊ ရပ်မိရပ်ဖဦးခင်မောင်ကြည်နှင့် ထီးချိုင့် ရဲစခန်းမှ ဒုရဲအုပ်ထွန်းထွန်းလင်းတို့ထံ အပ်နှံထားကြောင်း သိရသည်။ **လှအောင်(ကသာ)**

အခြေခံနှင့် အဆင့်မြင့် တင်းနစ်သင်တန်းဖွင့်မည်

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ နွေရာသီ အခြေခံတင်းနစ်သင်တန်းကို မတ် ၁၄ ရက်မှ ဧပြီ ၈ ရက်အထိနှင့် အဆင့်မြင့် တင်းနစ်သင်တန်းကို ဧပြီ ၂၀ ရက်မှ မေ ၂၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ အသက် ၁၀ နှစ်နှင့်အောက် သင်တန်းနှင့် အသက် ၁၀ နှစ်မှ ၁၄ နှစ်အထိ သင်တန်းများအတွက် သင်တန်းချိန်ကို နံနက် ၈ နာရီမှ ၁၀ နာရီအထိနှင့် အသက် ၁၄ နှစ်နှင့်အထက် သင်တန်းချိန်ကို ညနေ ၃ နာရီမှ ၅ နာရီအထိ သတ်မှတ်ထားသည်။ သင်တန်းဝင်ခွင့်လျှောက်လွှာများကို တစ်စုံလျှင် ကျပ် ၅၀၀ ဖြင့် စုံစမ်းရေးဌာန ဖုန်း-၀၉-၂၅၀၁၈၇၀၄၀ တွင် ဝယ်ယူလျှောက်ထားနိုင်ကြောင်း သိရသည်။
ကိုချစ်

မြို့နယ်စာရေးဆရာအသင်း အမှုဆောင်သစ်များရွေးချယ်

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်း အစည်းအဝေးနှင့် အမှုဆောင်ကော်မတီ ရွေးချယ်တင်မြှောက်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၃ ရက် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦး၊ အသင်းနာယက ဦးထွန်းခင်(မာယိန္ဒ-ပုသိမ်ကြီး)နှင့် ဦးစိုးမြိုင်(ယဉ်ကျေးဝေ)တို့က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အသင်းဥက္ကဋ္ဌ နိုင်စေရ(မန်းတက္ကသိုလ်)က ပထမအကြိမ် အမှုဆောင်အဖွဲ့သက်တမ်း ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားကာ ဒုတိယအကြိမ် အလုပ်အမှုဆောင်ကော်မတီအဖြစ် ဥက္ကဋ္ဌ နိုင်စေရ၊ ဒုတိယဥက္ကဋ္ဌ စောနန်းမြေအောင်နှင့် အတွင်းရေးမှူး အောင်ကျော်ထွန်း (ပုသိမ်ကြီး)တို့ အပါအဝင် အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ခဲ့သည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်လှစ်

မော်လမြိုင်မြို့ စစ်တဲတန်းရပ်ကွက် ကမ်းနားလမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁) အဆောက်အအုံသစ် ဖွင့်ပွဲကို မတ် ၁၂ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် ပြည်နယ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါက်တာခင်မောင်သွင်နှင့် မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်မှ မန်နေဂျာ ဒေါ်ဆင့်ဆင့်အောင်တို့က အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုပ်နှိပ် ဖွင့်လှစ်ကာ ဖွင့်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ်မှ မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁) မန်နေဂျာနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။
တင်ထွန်း(မော်လမြိုင်)

ကျေးရွာရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း သောက်သုံးရေရှားပါးမှု ကြုံတွေ့နိုင်သည့် ကျေးရွာများ၌ ရေရရှိရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ကျွဲတံခါးကျေးရွာအုပ်စု မအူပင်ကျေးရွာ၌ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် အနက်ပေ ၂၆၀ ရှိ လေးလက်မစက်ရေတွင်း တူးဖော်ခြင်း၊ ရေစက်ရုံတစ်ရုံ တည်ဆောက်ခြင်း၊ ဂါလန် ၈၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းနှင့် ရေလောင်းအိမ်သာ ၄၄ လုံး တည်ဆောက်ခြင်းလုပ်ငန်းများ မတ် ၁၂ ရက်က ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူခင်မောင်ဌေး

ထန်းသားဖြင့် ပြုလုပ်သော ပရိဘောဂပစ္စည်းများ ဈေးကွက်ဝင်ရန် ကြိုးစားလျက်ရှိ

ညောင်ဦး မတ် ၁၄

မန္တလေးတိုင်းဒေသကြီး ပုဂံ၊ ညောင်ဦးမြို့နယ်များအတွင်း သက်တမ်းရင့် ထန်းပင်ကြီးများမှ ထန်းသားဖြင့် ပြုလုပ်ထားသည့် အိမ်သုံး ပရိဘောဂပစ္စည်းများကို ဒေသခံ ထန်းလက်သမားများက ပြုလုပ်ရောင်းချလာကြပြီး ဈေးကွက်ရရှိရန် ကြိုးစားလျက်ရှိကြကြောင်း သိရသည်။

ထန်းသားပရိဘောဂများ ပြုလုပ်ရာတွင် ရင့်မာသော ထန်းသားများကို ခွဲစိတ်ပြီး အိမ်ဆောက်ကြရာမှ ကြွင်းကျန်သော ထန်းသားများကို စမ်းသပ်ပြီး ထန်းသားပုတီးကုံး၊ ဆပ်ပြာခွက်၊ ဇွန်းခရင်း၊ ထမင်းစားတူ၊ ပန်းတန်လုံးနှင့် ပန်းကန်ပြားများ၊ ဆက်တီထိုင်ခုံ၊ ထန်းသားစားပွဲ၊ တစ်ရှူးသေတ္တာ၊ ပက်လက်ကုလားထိုင်၊ နောက်လှန်ကုလားထိုင် စသည့် ပရိဘောဂ ပစ္စည်းများပြုလုပ်ကြခြင်းဖြစ်သည်။

ယခုအခါ ထန်းသားဖြင့်ပြုလုပ်သော အိမ်သုံးပရိဘောဂများ အပါအဝင် လူသုံးပစ္စည်းများကို ပုဂံ-ညောင်ဦးဒေသရှိ ဈေးဆိုင်များတွင် စမ်းသပ်ဈေးကွက်တင်ကာ ရောင်းချနေပြီ ဖြစ်ပြီး ဈေးကွက်ဝင်ဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထန်းသားဖြင့် ပရိဘောဂပြုလုပ်သည့် ညောင်ဦးမြို့နယ် လက်ထုပ်ရွာသား ကိုပေါက်က ပြောသည်။

လက်ထုပ်ရွာသား ထန်းသားလက်သမားတစ်ဦးဖြစ်သည့် ဦးအေးလွင်ကလည်း "ကျွန်တော်တို့ ပစ္စည်းတွေကို ထန်းသားနဲ့လုပ်တာက အရင်းအနှီး မကြီးပါဘူး။ လုပ်တဲ့နေရာမှာ လက်ဝင်တယ်၊ စိတ်ရှည်ရတယ်၊ အချိန်တွေ အများကြီးကြာတယ်။ ထန်းသားကုန်ကြမ်းပစ္စည်းဈေး၊ ကုန်ကျစရိတ် နည်းပေမယ့် လုပ်အားခ၊ ကုန်ကျစရိတ် နေ့တွက်စရိတ်တွေနဲ့စာရင် ဈေးကောင်းတဲ့အတွက် ထန်းသားပရိဘောဂတွေကို ပြည်တွင်းက အသုံးနည်းပါတယ်။ နိုင်ငံခြားသားဧည့်သည်တွေက ပိုပြီးစိတ်ဝင်စားကြတယ်။ နိုင်ငံခြားသားတွေ စိတ်ဝင်စားလို့လည်း ကျွန်တော်တို့ လုပ်ချင်ကိုင်ချင်စိတ် ပိုရှိလာတယ်။ တဖြည်းဖြည်းနဲ့ နိုင်ငံခြားသားတွေ ကြိုက်လာအောင် လုပ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

ထန်းသားဖြင့် ပက်လက်ကုလားထိုင်တစ်လုံး ပြုလုပ်ပါက လူနှစ်ယောက် လုပ်လျှင် ခုနစ်ရက် ရှစ်ရက်ခန့် ကြာပြီး ပေါလစ်တိုက်၊ ဆေးသုတ်ချိန်များ အပါအဝင် ၁၀ ရက်ခန့်ကြာကြောင်း၊ ဈေးနှုန်းမှာ ပက်လက်ကုလားထိုင် တစ်လုံးလျှင် ကျပ် ၁၂၀၀၀၀ ဖြင့် ရောင်းချရကြောင်း သိရသည်။

ထန်းသားပရိဘောဂလုပ်ငန်းကို ကျေးရွာများရှိ ထန်းလက်သမားများနှင့် ငွေကြေးရင်းနှီးမည့် လုပ်ငန်းရှင်များ ပူးပေါင်းလုပ်ဆောင်ကြမည်ဆိုလျှင် လည်းကောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အရင်းအနှီးထုတ်ချေးပေးလျှင် လည်းကောင်း လုပ်ငန်းများ ပိုကောင်းလာနိုင်ပြီး ကျေးလက်တောရွာများမှ ထန်းသားလက်သမားများ၏ဘဝ တိုးတက်မြင့်မားလာနိုင်ကြောင်းလည်း ဦးအေးလွင်က ဆက်ပြောသည်။

ပုဂံ၊ ညောင်ဦးဒေသတွင် ထန်းပင်ကြီးများ သက်တမ်းအိုမင်းလာပြီး ထန်းလှီးမည့်သူမရှိတော့သောအခါ ထန်းပင်ပိုင်ရှင်များသည် ထန်းပင်များကို အိမ်ဆောက်လိုသူများထံ ရောင်းချကြကာ ထန်းပင်တစ်ပင်လျှင် ကျပ် ၁၅၀၀၀ မှ ၂၀၀၀၀ ခန့်အထိနှုန်းဖြင့် ရောင်းချရကြောင်း၊ ထန်းပင်အသားကို အိမ်ဆောက်ရန်နှင့် ပရိဘောဂပြုလုပ်ရန်အတွက် ထန်းလက်သမားများကသာ ကိုင်တွယ်နိုင်ပြီး အဆိုပါ ထန်းလက်သမားများက ထန်းသားကို သစ်သားများနှင့် အလားတူ ခွဲခြားမရအောင် ပုံဖော်ခွဲစိတ်ကာ ပရိဘောဂနှင့် အသုံးအဆောင်များ ပြုလုပ်ကြကြောင်း သိရသည်။ **ကျော်ဌေး(ညောင်ဦး)**

ကျုံပျော်မြို့နယ်၌ ဒါးကချောင်းကူးတံတားသစ် ဖွင့်ပွဲကျင်းပ

ကျုံပျော် မတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သောင်ကြီး-ဒိုက်ပျက် လမ်းပေါ်ရှိ ဒါးကမြစ်ကို ဖြတ်သန်းဆောက်လုပ်ထားပြီး နေမြို့၊ ကျုံပျော်၊ သောင်ကြီး၊ ဒိုက်ပျက်၊ ရေကြည်၊ ဇရပ်လှနှင့် လေးမျက်နှာ၊ ခမောက်စု ကျေးရွာများသို့ ဆက်သွယ်ပေးသည့် ဒါးကချောင်းတံတား ဖွင့်ပွဲကို မတ် ၁၁ ရက်က ကျင်းပခဲ့သည်။

တံတားဖွင့်ပွဲတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးသန်းထွန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးမြင့်ကြည်က တံတားတည်ဆောက်မှုများကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကမ္ပည်းမော်ကွန်းကို စက်ခလုပ်နှိပ် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဒါးကချောင်း တံတားသည် အရှည် ၄၆၀ ပေရှိပြီး ခန်းဖွင့် ၆၀ ပေ ရှစ်ခန်းဖြစ်ကြောင်း၊ ယာဉ်သွားလမ်းအကျယ် ပေ ၂၀၊ ရေလမ်းကင်းလွတ်အမြင့် ၁၀ ပေ၊ မြေလမ်းကင်းလွတ်အကျယ် ၄၅ ပေ၊ ခံနိုင်ဝန် ယာဉ်တစ်စီးချင်း တန် ၆၀ ရှိကြောင်း၊ တံတားအချိန်မီပြီးစီးနိုင်ရေးအတွက် လမ်းတံတားအထူးအဖွဲ့ (၁၆)နှင့် ပုသိမ်ခရိုင် လမ်းဦးစီးဌာနမှ ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဒါးကချောင်းတံတားသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ၆၄ စင်းမြောက် တံတားဖြစ်ကာ ဒေသအတွင်း ကျေးရွာအုပ်စု ၃၄ အုပ်စုမှ ဒေသခံပြည်သူ ငါးသောင်းကျော်၏ လမ်းပန်းဆက်သွယ်ရေး ချောမွေ့စေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်တန်း၊ သုံးခွမြို့နယ် မူကြိုကျောင်းဆောင်သစ်များဖွင့်

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကရင်ချောင်း၊ မင်္ဂလွန်းကျေးရွာနှင့် သုံးခွမြို့နယ် ပုလဲကျေးရွာတို့တွင် တိုင်းဒေသကြီး မိခင်

နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းဆောင်သစ်များ ဖွင့်ပွဲကို မတ် ၁၀ ရက် နံနက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်တန်းမြို့နယ် ကရင်ချောင်း၊ မင်္ဂလွန်းကျေးရွာ ကျောင်းဆောင်သစ်များကို တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက ကမ္ပည်းမော်ကွန်းအား စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးကာ မူကြိုကျောင်းများသို့ ကျောင်းသုံးပစ္စည်းနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ **(ဓာတ်ပုံ)**

အလားတူ သုံးခွမြို့နယ် ပုလဲကျေးရွာ မူကြိုကျောင်းဆောင်သစ်ကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တိုင်း၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နာယကနှင့် အဖွဲ့ဝင်များက မူကြိုကလေးငယ်များအား ကစားစရာများ ပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့သည် ကျောက်တန်းမြို့နယ်အတွင်းရှိ မူကြိုကျောင်းများကို ငွေကျပ် ၈၉၀ သိန်း အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။
တင်နိုး(မြန်မာ့အလင်း)

အသင်းတိုင်း ခြေကုန်ဖွင့် တိုက်စစ်ဆင်ကြမယ့် ချန်ပီယံရှစ်ပွဲစဉ်(၃၈)

မိုးမြင့်လင်းလက်

ဒီတစ်ပတ် ကြားရက်မှာ ချန်ပီယံရှစ် ပွဲစဉ်(၃၈)ကို ယှဉ်ပြိုင်ဖို့ရှိနေပါတယ်။ အရေးကြီးတဲ့ အဆုံးအဖြတ် ပွဲစဉ်တွေဖြစ်တာကြောင့် အတိမ်းအစောင်း မခံတဲ့ အနေအထားမို့ အလေးထားကစားရမယ့်ပွဲတွေ ဖြစ်နေပါတယ်။ လာမယ့် ဘောလုံးရာသီမှာ တန်းတက်ဖို့ ကြိုးစားနေတဲ့အသင်းတွေအတွက်ကတော့ ဒီပွဲမှာ အမှတ်ပြည့်ရရှိရေးကို အားစိုက်ပြီး ဖိဖိစီးစီးနဲ့ ယှဉ်ပြိုင်ဖို့ ရှိနေပြီဖြစ်ပါတယ်။

မစ်ဒယ်ဘရောနှင့် ဟားလ်စီးတီး

တန်းစီဇယား ဒုတိယနေရာမှာ ရပ်တည်နေတဲ့ မစ်ဒယ်ဘရောတို့က အခုပွဲမှာ တတိယနေရာမှာ ရှိနေတဲ့ ဟားလ်စီးတီးနဲ့ ဆုံတွေ့ရမှာမို့ ပွဲကျပ်အဖြစ် ရင်ဆိုင်ရဖို့ရှိနေပါတယ်။ မစ်ဒယ်ဘရောတို့က ဒီနှစ်ဘောလုံးရာသီမှာ အိမ်ကွင်း ၁၇ ပွဲ ကစားခဲ့ရာမှာ နှစ်ပွဲသာ ရှုံးထားတာမို့ ဟားလ်စီးတီးအတွက်လည်း ခက်ခဲပါလိမ့်မယ်။ ချန်ပီယံရှစ် သမိုင်းမှာ ဒီနှစ်သင်း စုစုပေါင်း ဆုံတွေ့ခဲ့မှုကိုကြည့်ရင် မစ်ဒယ်ဘရောက ၁၉ ပွဲနိုင်ပြီး ဟားလ်စီးတီးက ၁၂ ပွဲနိုင်ကာ သရေပွဲ ၁၂ ပွဲ ဖြစ်ထားပါတယ်။ လောလောဆယ်မှာ ဟားလ်စီးတီးတို့က အဝေးကွင်းမှာ ခုနစ်ပွဲ ဆက်တိုက်ရှုံးထားတာမို့ အိမ်ရှင်မစ်ဒယ်ဘရောတို့ အခွင့်ရေးကောင်းတွေ ရသွားနိုင်ပါတယ်။ မစ်ဒယ်ဘရောတို့ ဂိုးမပြတ်ပေမယ့် ကပ်ပြီးနိုင်သွားပါလိမ့်မယ်။

ဒါဘီနှင့် နော်တင်ဟမ်

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့မှုပွဲရလဒ်ကိုကြည့်ရင်တော့ နော်တင်ဟမ်တို့ကအိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားပါတယ်။ ဒါပေမယ့် လောလောဆယ်မှာတော့ ဒါဘီတို့က ခြေစွမ်းပုံမှန်ရနေပြီး အိမ်ကွင်းမှာ အနိမ့်ဆုံးသရေပွဲရအောင် အားထုတ်နိုင်နေတာ တွေ့ရပါတယ်။ နော်တင်ဟမ်တို့က အဝေးကွင်းမှာ ခြေစွမ်းကျဆင်းနေတာမို့ ဒါဘီတို့က ဒီပွဲမှာ တိုက်စစ်ဖွင့်ပြီး နိုင်ပွဲရအောင် ကြိုးစားပါလိမ့်မယ်။ ဒါဘီရဲ့ အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပေမယ့် တိုက်စစ်မှူးတွေရဲ့ စွမ်းဆောင်ရည်မြင့်မားမှုက အနိုင်ရလဒ်ကို ပုံဖော်ပေးပါလိမ့်မယ်။ နော်တင်ဟမ်အတွက်ကတော့ အမြင့်ဆုံး မျှော်မှန်းနိုင်တာက တစ်မှတ်ပါပဲ။

MKဒွန်းစ်နှင့် ဘရိုက်တန်

တန်းစီဇယား စတုတ္ထနေရာမှာ ရပ်တည်နေတဲ့ ဘရိုက်တန်တို့ဟာ အခုပွဲ အဝေးကွင်းဖြစ်ပေမယ့် သေသေချာချာပြင်ဆင်ကစားပါလိမ့်မယ်။ ဘရိုက်တန်ရဲ့ အားနည်းချက်က အဝေးကွင်းမှာ သရေပွဲ များတတ်တာဖြစ်ပြီး ရာသီကုန်ချိန်မှာ တန်းတက်နိုင်ဖို့အတွက် ဒီပွဲမှာ အမှတ်ရှာဖွေစုဆောင်းနိုင်မှရပါလိမ့်မယ်။ MKဒွန်းစ်တို့ကတော့ တန်းဆင်းဇုန်ထဲ ကျဆင်းဖို့ ရစ်ဝဲနေတာမို့ အပြင်းအထန် ခုခံမှုတွေရှိလာမယ့်ပွဲပါ။ အိမ်ကွင်းမှာ ခံစစ်ပေါက်တတ်တဲ့ MKဒွန်းစ်တို့ ဒီပွဲမှာ အမှတ်ရဖို့ ခက်ခဲပါလိမ့်မယ်။

ရှက်ဖ်ဖီးဝက်စ်ဒေးနှင့် ချာလ်တန်

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပွဲစဉ်မှာတော့ ချာလ်တန်တို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားခဲ့ပါတယ်။ လောလောဆယ်မှာ ရလဒ်တွေ ဆက်တိုက် ဆိုးရွားနေတဲ့ ရှက်ဖ်ဖီးတို့ တန်းဆင်းဇုန်ထဲက ချာလ်တန်ရဲ့ ရှုန်းထအားကို အပြင်းအထန် ရင်ဆိုင်ရဖို့ ရှိနေပါတယ်။ ဒါပေမယ့် ရှက်ဖ်ဖီးရဲ့ အိမ်ကွင်းအားထည့်မှုက အမြင့်ဆုံး ဖြစ်နေတာမို့ ရလဒ်မပြတ်သားပေမယ့် အိမ်ရှင်တို့ အခြေအနေကောင်းသွားနိုင်ပါတယ်။

ဘရန်ဖို့ဒ်နှင့် ဘလက်ဘန်း

တန်းစီဇယားမှာ အဆင့် ၁၆ နဲ့ ၁၇ မှာ ရပ်တည်နေတဲ့ အသင်းတွေဖြစ်တာမို့ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုပွဲရလဒ်ကိုကြည့်ရင် တစ်ဂိုးစီ သရေပွဲဖြစ်ထားတာမို့ အခုပွဲမှာ အပြန်အလှန်ဖိအားပေးမှုတွေနဲ့ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ ဘရန်ဖို့ဒ်ရဲ့ ခံစစ်ပိုင်းက အမှားအယွင်းများပေမယ့် တိုက်စစ်မှူးတွေကတော့ အားထားရသူတွေပါပဲ။ ဘလက်ဘန်းရဲ့ အဝေးကွင်းအားထုတ်မှုက မာကျောမှုမရှိတာမို့ ဒီပွဲဟာ ဘရန်ဖို့ဒ်တို့ ပွဲဖြစ်သွားနိုင်ပါတယ်။

အစ်ဝှစ်နှင့် ရိုသာဟမ်

တန်းဆင်းဇုန်ထဲ ရောက်နေတဲ့ ရိုသာဟမ်တို့ရဲ့ ရှုန်းကန်အားက ပေါက်ကွဲမှုအဖြစ် မြင်တွေ့ရမယ့်ပွဲပါပဲ။ ဒါပေမယ့် အစ်ဝှစ်တို့က အိမ်ကွင်းမှာဆိုရင် နိုင်ပွဲရအောင် စွမ်းဆောင်နိုင်တာမို့ ရိုသာဟမ်ရဲ့ အဝေးကွင်းကြိုးစားမှုက အရာထင်ဖို့မလွယ်ပါဘူး။ ရိုသာဟမ်ရဲ့ တိုက်စစ်နဲ့ ခံစစ်ပိုင်းက အားရစရာ ရှိတာမို့ အိမ်ရှင် အစ်ဝှစ်တို့ပဲ အမှတ်ပြည့်စုဆောင်းသွားမယ့်ပွဲပါပဲ။ ။

ဝက်စ်ဟမ်းကို ရောက်လာမယ့် ဟားဗတ်နော်ဗစ်

ဝက်စ်ဟမ်းဟာ မွန်ချန်ဂလာဘတ်ကွင်းလယ်ကစားသမား ဟားဗတ်နော်ဗစ်ကို စာချုပ်ဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။ အာဆင်နယ်မှာ သုံးနှစ်ကြာ ကစားခဲ့တဲ့ နော်ဝေလက်ရွေးစင် ကစားသမား နော်ဗစ်ကို ဝက်စ်ဟမ်းက ခေါ်ယူဖို့ အကြိုသဘောတူထားတာဖြစ်ပြီး လာမယ့် ဇူလိုင်လမှာ ဝက်စ်ဟမ်းအသင်းကို ရောက်ရှိလာမှာဖြစ်ပါတယ်။ အသက် ၂၅ နှစ် အရွယ်သာရှိသေးတဲ့ နော်ဗစ်ဟာ ဒီနှစ်ရာသီမှာ ဘွန်ဒက်စ်လီဂါမှာရော ချန်ပီယံလိဂ်မှာပါ ခြေစွမ်းပြ ကစားနေတာဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား နော်ဗစ်ဟာ အာဆင်နယ်အသင်းမှာ အရန်အသင်း ခေါင်းဆောင်အဖြစ် ကစားခဲ့သူဖြစ်ပါတယ်။

မွန်ချန်ဂလာဘတ်က သူ့ကို စာချုပ်သစ်ချုပ်ဆိုဖို့ လိုလားနေတာပါ။ ဒေါ့မွန်၊ ရှော်လ်ကေးလ်နဲ့ အတ်သလက်တီကို အသင်းတွေကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေပါတယ်။ ဒါပေမယ့် သူက ပရီမီယာလိဂ်ကိုပဲ ပြန်ဖို့ စိတ်အားထက်သန်နေတဲ့အတွက် ဝက်စ်ဟမ်းအသင်းကို ရောက်လာတော့မှာဖြစ်ပါတယ်။ လက်ရှိ ဝက်စ်ဟမ်းအသင်းဟာ ပရီမီယာလိဂ်မှာ ပုံမှန်ခြေစွမ်းရဖို့ ကွင်းလယ်ကစားသမားတစ်ဦး လိုအပ်နေပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်။

ကစားသမားသစ်တွေ ခေါ်ယူဖို့ရှိနေတဲ့ လက်စတာ

ဒီနှစ် အောင်မြင်မှုအတိုင်းအတာကို ကြည့်ပြီး လာမယ့်ရာသီမှာ ဆက်လက်အောင်မြင်မှုတွေရဖို့ လက်စတာအသင်းအနေနဲ့ ကစားသမားသစ် နှစ်ဦး သို့မဟုတ် သုံးဦး ခေါ်ယူသွားဖို့ရှိတယ်လို့ နည်းပြ ယာနီရေးရီက ဆိုပါတယ်။ ပရီမီယာလိဂ်ဇယားထိပ်မှာ ဦးဆောင်နေတဲ့ လက်စတာအသင်းဟာ ဒီနှစ်ရာသီမှာ ဖလားရဖို့ ပစ်မှတ်ထားနေတဲ့ ထိပ်တန်းအသင်းပါ။ နည်းပြ ယာနီရေးရီက သူ့ရဲ့အဓိကကစားသမားတွေကို လာမယ့်ရာသီမှာ ဆက်ထားဖွယ်ရှိနေပါတယ်။ ရီးယာဒ် မာဂရက်ဇ်၊ အန်ဂိုလို ကန်တီးနဲ့ ဂျိမ်းဗာဒီတို့ဟာ လက်စတာအသင်းရဲ့ သူ့ရဲကောင်းတွေပါ။ သူတို့ကို ကျွန်တော် ရောင်းဖို့မရှိပါဘူးလို့ နည်းပြ ယာနီရေးရီက ဆိုပါတယ်။ လက်စတာအသင်းဟာ ပရီမီယာလိဂ်မှာ ဆက်လက်ဦးဆောင်ဖွယ်ရှိနေပြီး ပရီမီယာလိဂ်ဖလားကို ပထမဆုံးအကြိမ်အဖြစ် ဆွတ်ခူးသွားဖို့ မျှော်လင့်နေပါတယ်။ သူဟာ လာမယ့်ရာသီမှာလည်း လက်စတာအသင်းကို အကောင်းဆုံးအသင်းဖြစ်အောင် ဆက်လက်ဦးဆောင်သွားဖွယ်ရှိနေပါတယ်။

အာဆင်နယ်ကို သတိထားရမယ်ဆိုတဲ့ တိုက်စစ်မှူးမက်ဆီ

အာဆင်နယ်အသင်းရဲ့ ကစားပုံဟာ ဗုဒ္ဓဟူးနေ့မှာကစားမယ့် ချန်ပီယံလိဂ် ၁၆သင်း ဒုတိယအကျော့မှာ ဘာစီလိုနာကို ခြိမ်းခြောက်ကစားနိုင်တဲ့အတွက် သတိထားကစားဖို့လို့ကြောင်း ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီက ကစားဖော်တွေကို သတိပေး ပြောဆိုလိုက်ပါတယ်။ ဘာစီလိုနာအသင်းဟာ ပထမအကျော့မှာ အာဆင်နယ်ကို နှစ်ဂိုးပြတ်နဲ့ အမ်းမရိတ်ကွင်းမှာ အနိုင်ရထားတာပါ။

မက်ဆီက ပထမအကျော့မှာ နှစ်ဂိုးစလုံးကို သွင်းယူပေးခဲ့တာပါ။ သူ့အနေနဲ့ အာဆင်နယ်ကို အနိုင်ကစားပြီး ကွာတားတက်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် အာဆင်နယ်ကစားသမားတွေဟာ ဂိုးတွေ ပိုသွင်းနိုင်လိမ့်မယ်လို့ မက်ဆီက ဆိုပါတယ်။ ကျွန်တော်တို့ဟာ ကွာတားတက်နိုင်တဲ့ အနေအထားကောင်းပါ။ ဒါပေမယ့် အာဆင်နယ် ကစားသမားတွေကလည်း အတော်လေးကောင်းနေတယ်လို့ မက်ဆီက ဆိုပါတယ်။

ဒုတိယအကျော့အဖြစ် ဘာစီလိုနာကွင်းမှာ ကစားရမှာဖြစ်ပေမယ့် အာဆင်နယ်အသင်းရဲ့ ခြေစွမ်းကို ဘာစီလိုနာ ကစားသမားတွေ ထိတ်လန့်နေတဲ့သဘော ရှိပါတယ်။

အညာဒေသတွင် ထန်းလုပ်ငန်းဖြင့်အသက်မွေးသူ နည်းပါးလာသဖြင့် နောင်နှစ်အနည်းငယ်အတွင်း ထန်းလုပ်ငန်းများပျောက်ကွယ်နိုင်

မြန်မာပြည်အလယ်ပိုင်း အညာဒေသမြို့တစ်မြို့ဖြစ်သော မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်သည် ရှေးယခင်က ထန်းလျက်ထုတ်လုပ်ရောင်းချခြင်းဖြင့် ထင်ရှားခဲ့သောမြို့တစ်မြို့ ဖြစ်ခဲ့သည်။ သို့သော် ယခုအခါတွင် ကျောက်ပန်းတောင်းဒေသတွင်း၌ ထန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုသူ တစ်စထက်တစ်စ နည်းပါးလာလျက်ရှိရာ နောင်နှစ်အနည်းငယ်ကြာလျှင်ပင် ဒေသတွင်းထန်းလုပ်ငန်းများ ပျောက်ကွယ်သွားနိုင်ကြောင်း လေ့လာသိရှိရသည်။

"ကျွန်တော့်မှာရှိတာကတော့ ထန်းအပင်တစ်ရာလောက် ရှိတယ်။ ဒါပေမယ့် အကုန်မတက်နိုင်ဘူး။ ၂၅ ပင်လောက်ပဲ တက်နိုင်တယ်။ ကျန်တာကတော့ ဒီအတိုင်းပဲ ပစ်ထားလိုက်ရတာ။ ဒါတောင်မှ မိရိုးဖလာ လက်ငုတ်လက်ရင်းလေးမို့ ဆက်လုပ်နေတာပါ။ လုပ်နိုင်သရွေ့လေးပေါ့ဗျာ။ သားတွေကတော့ ဒီလုပ်ငန်းကို သူတို့လုပ်ဖို့နေနေသာသာ ဖအေလုပ်နေတာတောင် သူတို့က ကြိုက်တာမဟုတ်ဘူး။ ပင်ပန်းသလောက် အရာမဝင်ဘူးဆိုပြီးတော့လေ" ဟု အရှေ့အင်တိုင်းကျေးရွာသား ကိုစွတ်တင်က ပြောပြပါသည်။

၎င်းတို့ရွာဝန်းကျင်ရှိ ထန်းလုပ်ငန်းအခြေအနေနှင့် ပတ်သက်၍လည်း ကိုစွတ်တင်က "အခုတော့ ထန်းလုပ်စားတဲ့သူကရှားသွားပြီဗျ။ ထန်းလုပ်မယ့်အစား မြို့ပေါ်လိုက်ပြီး ပန်းရံတို့ လက်သမားတို့ လိုက်လုပ်ကြတယ်။ ကလေးတွေကလည်း မြို့ပေါ်က ပွဲရုံတို့ စားသောက်ဆိုင်တို့မှာပဲ လုပ်ကြတော့တယ်။ အဲဒါက အန္တရာယ်ကင်းတယ်လေ. . အလုပ်လည်းမရှားဘူး. .။ ထန်းကတော့ တက်မစားကြတော့ဘူး။ အခုကတော့ တချို့ကလည်း တောပြတ်ရောင်းစားကြတယ်။ တချို့ကလည်း တစ်ပင်ချင်းပဲ ဖြည်းဖြည်းချင်းရောင်းစားကြတယ်။ သစ်ဈေး၊ ဝါးဈေးကလည်းကြီးတော့ သစ်အစား ထန်းသားကို သုံးလာကြတာလေ။ တစ်ပင်ကို အနည်းဆုံးငွေကျပ် ၆၀၀၀ ကနေ ၈၀၀၀ အထိရောင်းရတယ်"ဟု ဆက်လက်၍ ပြောပြပါသည်။

အညာဒေသတွင် နွေဦးပေါက်ရာသီဖြစ်သည့် တပို့တွဲလဆန်းမှ ထန်းလုပ်ငန်းစတင်ကြသည်။ တပေါင်းလအထိ လှီး၍ရရှိသော

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
ကိုနေ(ကျောက်ပန်းတောင်း)

ထန်းလျက်ကို ထန်းဖိုဦးထန်းလျက်ဟု ခေါ်တွင်ပြီး ရှေးမြန်မာများက ဆေးဖက်ဝင်သည်ဟုဆိုကာ အမြတ်တနိုး တန်ဖိုးထား၍ စားသုံးကြကြောင်းနှင့် တိုင်းရင်းဆေးဝါးများ ဖော်စပ်ရာတွင်လည်း ထည့်သွင်းသုံးစွဲကြကြောင်း သိရသည်။

ယင်းနောက် အလယ်သီး(ခေါ်)ညှပ်သီးကို တပေါင်းလမှ တန်ခူးလအထိ လှီးကြရပြီး၊ အဆိုပါအသီးမှာ ထန်းနို့ခိုင်များကို သစ်သားညှပ်ဖြင့် ညှပ်၍ ထန်းရည်ကို ခံယူရသဖြင့် ညှပ်ရည်(သို့မဟုတ်)ညှပ်သီးဟု ခေါ်ဆိုကြကြောင်း သိရသည်။ ၎င်းနောက် ထန်းမပင်မှ ထန်းသီးရင့်ကို ဓားပွင့်(ဓားဦးချွန်)ဖြင့် အခြေမှထိုးချပြီး အတွင်းမှ အူတိုင်ကိုလှီးကာ ထန်းရည်ရအောင်ယူရသည့် သီးရင့်ရည် (ဒေသအခေါ်)သီးယဉ်ကို ဆက်လက်လုပ်ဆောင်ကြရကာ ၎င်းမှာ ကဆုန်လမှ တော်သလင်းလအထိ လုပ်ငန်းလုပ်ကိုင်ကြရကြောင်း သိရသည်။

ယခုအခါတွင် နေရာတော်တော်များများ၌ ခုတ်လှဲ၊ လှီးဖြတ်ထားသည့် ထန်းပင်ပြတ်များကို တွေ့မြင်နေကြရသည်။ ဓားနီးကို ခါးတွင်ညှပ်၍ မြူအိုးကိုချိတ်ကာ၊ ရင်းထောင်ကို နိုင်နိုင်နင်းနင်းကိုင်လျက်၊ တစ်ပင်မှတစ်ပင်သို့ ကူးချည်သန်းချည်ပြုနေသည့် ထန်းလုပ်သားများကို မြင်တွေ့ရမှု နည်းပါးလာသည့်နည်းတူ ထန်းတောအတွင်းရှိ ထန်းရွက်တဲငယ်များမှာလည်း မီးခိုးတိတ်လျက် ရှိနေကြပေပြီ။ နောင်တစ်ချိန်တွင် ထန်းလုပ်သားများ ပျောက်ကွယ်သွားမည့်နည်းတူ မြန်မာတို့၏ ရိုးရာစားစရာတစ်ခုအဖြစ် မြတ်နိုးတန်ဖိုးထားခဲ့ကြသော ထန်းလျက်ဟူသည့် စားသောက်ဖွယ်ရာသည်ပင်လျှင် ပျောက်ကွယ်သွားလိမ့်မည်လား. . .

ထို့ကြောင့် အညာထန်းသမားတို့၏ လုပ်ငန်းရာသီမှာ တစ်နှစ်ပတ်လုံးတွင် ရှစ်လခန့်လုပ်ကိုင်ကြရပြီး လေးလခန့်မှာ ထိုင်စားဖြင့်သာ အချိန်ကုန်ကြရကြောင်း သိရသည်။

"ကျွန်တော်တို့ ရွာမှာတော့ ထန်းလုပ်သူ ရှားသွားပြီ။ ထန်းတက်တဲ့လူတိုင်းကလည်း ထန်းလျက်မချက်တော့ဘူး။ ထန်းရည်ကို ထန်းရည်ချိုအတိုင်း ရောင်းကြသလို တချို့ကလည်း ထန်းရည်ခါးပဲ ရောင်းကြတော့တယ်။ ထန်းရည်ချိုကို မြို့ပေါ်က မုန့်လက်ဆောင်းသည်တွေက အထန်းတွေနဲ့ လာဝယ်ကြတယ်။ ထန်းရေချိုတစ်မြူကို ၃၀၀ ရတယ်ဗျာ။ ထန်းရည်ချို ငါးမြူဆို ငွေ ၁၅၀၀ ရတယ်ဗျာ။ အဲဒီငါးမြူကို ထန်းလျက်ချက်ရင် ထန်းလျက်တစ်ပိဿာ ရတယ်ဗျာ။ အဲဒီ ထန်းလျက်တစ်ပိဿာကို ရောင်းရင် ငွေ ၈၅၀၊ ၉၀၀ ပဲရတယ်ဗျာ။ အဲတော့ ထန်းရည်ချိုရောင်းစားရတာက ပိုကိုက်တယ်လေ"ဟု ပန္တောကျေးရွာမှ ဦးကျောက်ဒိုးက ၎င်းတို့ရွာရှိ ထန်းလုပ်ကိုင်သူတို့၏ အခြေအနေကို ပြောပြပါသည်။

ထန်းလျက်ဈေးမှာ အကြမ်း(ဆေးမခတ်)သည် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀မှ ၉၀၀ အထိသာ ရှိပြီး၊ ထန်းလျက်ဖြူ(ဆေးခတ်)သည် တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ မှ ၁၃၀၀ ခန့်ရရှိကြောင်း သိရသည်။ ထန်းသမားတစ်ဦးသည် တစ်နေ့လျှင် မနက်တစ်ကြိမ်နှင့် ညနေတစ်ကြိမ် ထန်းတက်လုပ်ငန်းကို လုပ်ကိုင်ကြရပြီး၊ ရသမျှ ထန်းရည်ကို ထန်းလျက်ဖြစ်အောင် ကျိုချက်ရန်အတွက်လည်း အိမ်ရှိလူကုန် လုပ်ကိုင်ကြရကြောင်း သိရသည်။

ထန်းတက်ရာတွင် မြူအိုးကောက်သူ၊ ထန်းရည်စုဆောင်း သယ်ယူသူနှင့် ထန်းလျက်ချက်ရန် ထင်းစရှာဖွေရခြင်းတို့မှာလည်း နိစ္စဓူဝအလုပ်များပင်ဖြစ်ကြောင်း သိရသည်။

"ထန်းရည်တစ်ဒယ်ကျကို ထန်းရည် ဒယ်ထဲကို ထည့်တဲ့အချိန်ကနေ ညောင်စေးကျတဲ့အချိန် ထန်းလျက်လုံးလို့ရတဲ့ အချိန်ထိပေါ့ဗျာ။ စုစုပေါင်း အချိန်နှစ်နာရီ ကြာတယ်။ တစ်ဒယ်ကို ခုနစ်မြူလောက်ပဲ ထည့်လို့ရတယ်။ အဲဒီခုနစ်မြူကိုကျိုမှ ထန်းလျက် တစ်ပိဿာခွဲပဲ ရတာ. .။ မီးဖိုနားမှာထိုင်ပြီး မီးမပြတ်အောင် ဂရုစိုက်ရတယ်။ ဝေမကျအောင်လည်း ယောင်းမနဲ့ မပြတ်မွှေပေးနေရသေးတယ်။ ကျိုသားကျအောင်လည်း ထန်းရည်ကျိုချင်းဦးရည်နဲ့ နောက်ရည်ကို သမပေးရသေးတယ်။ မနားရဘူး။ ဒါတောင် ထန်းလျက်ကျိုတဲ့အလုပ်ပဲ ရှိသေးတာ။ ကျုပ်တို့လို ထန်းတက်ရတာ မဟုတ်သေးဘူး"ဟု ထန်းတောကြီးကျေးရွာမှ ထန်းလုပ်သား ဦးမောင်ချစ်က ထန်းတောင်သူတို့၏ ပင်ပန်းဆင်းရဲကြီးပုံကို ရှင်းပြသည်။

"ကျွန်တော်ဆိုအသက် ၄၂ နှစ်ရှိပြီဗျာ။ နောင်တက်နိုင်သေးရင် ဆယ်နှစ်ပေါ့။ ရွာထဲမှာလည်း ဒီလိုပဲ။ အိမ်ခြေ ၂၀၀ ကျော်ရှိတယ်။ဟိုးတုန်းက ထန်းလုပ်ငန်းလုပ်ကြတာ ၁၅၀ လောက်ရှိတယ်။ ပျော်စရာတောင်ကောင်းတယ်ဗျာ။ အခုမရှိတော့ဘူး၊ တဖြည်းဖြည်း တစ်နှစ်ထက်တစ်နှစ် နည်းနည်းလာတာ အခုဆို စစ်စစ်ပေါက်ပေါက်တွက်မှ ရှစ်ဦးပဲ ထန်းလုပ်တဲ့သူ ရှိတော့တယ်. .။ ကျွန်တော်တို့ပြီးရင်တော့ ထန်းလုပ်မယ့်သူ ပြတ်သလောက်ရှိပါပြီ။ လုပ်စားမယ့်သူ မရှိလောက်တော့ပါဘူး။ နောက်မျိုးဆက် ကလေးတွေကလည်း စိတ်မဝင်စားကြဘူးလေ. . သူတို့စိတ်ဝင်စားလောက်အောင်လည်း ထန်းဈေးက ကောင်းလာတာမှ မဟုတ်တာကိုး"ဟု အဆိုပါ ထန်းလုပ်သား ဦးမောင်ချစ်ကဝင် ထန်းလုပ်သားမဲ့လာသော အညာဒေသရှိ ထန်းတောများ၏ အနာဂတ်ကို ကြိုတင်တွေးဆ၍ ပြောပြနေပါသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် လွန်ခဲ့သောငါးနှစ်ကျော်က ထန်းဝင် လေးသိန်းခွဲကျော်ရှိခဲ့သော်လည်း ယခုအခါတွင် နေရာ တော်တော်များများ၌ ခုတ်လှဲ၊ လှီးဖြတ်ထားသည့် ထန်းဝင်ပြတ်များကို တွေ့မြင်နေကြရသည်။ ဓားနီးကို ခါးတွင်ညှပ်၍ မြူအိုးကိုချိတ်ကာ၊ ရင်းထောင်ကို နိုင်နိုင်နင်းနင်းကိုင်လျက်၊ တစ်ပင်မှတစ်ပင်သို့ ကူးချည်သန်းချည်ပြုနေသည့် ထန်းလုပ်သားများကို မြင်တွေ့ရမှု နည်းပါးလာသည့်နည်းတူ ထန်းတောအတွင်းရှိ ထန်းရွက်တဲငယ်များမှာလည်း မီးခိုးတိတ်လျက် ရှိနေကြပေပြီ။ နောင်တစ်ချိန်တွင် ထန်းလုပ်သားများ ပျောက်ကွယ်သွားမည့်နည်းတူ မြန်မာတို့၏ ရိုးရာစားစရာတစ်ခုအဖြစ် မြတ်နိုးတန်ဖိုးထားခဲ့ကြသော ထန်းလျက်ဟူသည့် စားသောက်ဖွယ်ရာသည်ပင်လျှင် ပျောက်ကွယ်သွားလိမ့်မည်လားဟု ရှည်မျောမျော ထန်းပင်မြင့်ကြီးများကိုကြည့်ကာ တွေးတောရင်း သက်ပြင်းချနေမိပါတော့သည်။ ။

ထန်းရည်များကို ဒယ်များတွင်ထည့်၍ ထန်းလျက်ချက်နေစဉ်။

ကျေးရွာများ၌ ရေရရှိမှု ကွင်းဆင်းစစ်ဆေး

မြန်အောင် မတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၅၁၇ ရွာတွင် နွေရာသီကာလအတွင်း အယ်နီညိုရာသီဥတုကြောင့် ရေရှားပါးပြတ်လပ်မှုကြုံတွေ့လာနိုင်၍ ကျေးရွာများတွင် လက်ရှိ ရေရရှိမှုအခြေအနေများ၊ လက်ရှိသောက်သုံးရေသုံးစွဲမှုနှင့် သောက်သုံးရေသိုလှောင်ထားရှိမှု အခြေအနေများကို မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက မတ် ၁၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်အောင်မြို့နယ်အတွင်း နွေရာသီ ရေရှားပါးပြတ်လပ်မှု မရှိစေရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တွင်းနက် လေးတွင်း၊ တွင်းတိမ် ၁၇ တွင်းနှင့် ရေကန်၊ ရေစက်ရုံများ တည်ဆောက်ပေးပြီးဖြစ်ကြောင်း သိရသည်။ **ဝင်းဗိုလ်(မြန်/ဆက်)**

သင်္ကြန်နီးသဖြင့် ငါးခြောက်နှင့် ပုစွန်ခြောက်များ ဈေးအနည်းငယ်တက်လာ

ရေး မတ် ၁၄

မွန်ပြည်နယ် ရေးမြို့နယ်၏ အဓိကစီးပွားဖြစ် ရေလုပ်ငန်းများမှထွက်ရှိလာသော ငါးခြောက်၊ ပုစွန်ခြောက်များမှာ သင်္ကြန်ကာလနီးကပ်လာချိန်တွင် ပုံမှန်ရောင်းဈေးများထက် အနည်းငယ်စီ မြင့်တက်သွားကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

"ဒီအချိန်က ရှင်ပြုရဟန်းခံ မင်္ဂလာအလှူပွဲနဲ့ သင်္ကြန်ကာလလည်း နီးကပ်လာလို့ အဝယ်လိုက်ပြီး ငါးခြောက်ကုန်ကြမ်းပြတ်လပ်တာလည်း ကြုံတွေ့ရပါတယ်။ ဈေးနှုန်းကလည်း ယခင်က ငါးခြောက် တစ်ပိဿာကို ၁၆၀၀၀ လောက်ကနေ ကျပ် ၂၀၀၀၀ အထိ တက်သွားပါတယ်" ဟု ငါးခြောက်ရောင်းချနေသူတစ်ဦးက ပြောသည်။

ပုစွန်ခြောက်ရောင်းချနေသူ တစ်ဦးကလည်း "ဈေးကွက်ဝင် ပုစွန်ခြောက်ကုန်ကြမ်းတွေက နယုန်၊ ဝါဆို မိုးရာသီကာလမှာ ကုန်ကြမ်းရှားပါးမှုနဲ့ ကြုံတွေ့ရတဲ့အတွက် တန်ခူး တဆုန်လတွေမှာ သိုလှောင်ရောင်းချရပါတယ်။ တပေါင်း၊ တန်ခူးက ပုစွန်ခြောက်အဝင်နည်းတဲ့အပြင် ဈေးကလည်း ပုံမှန်ဈေးထက် အနည်းငယ်မြင့်တက်လို့ ပုစွန်ခြောက် အကောင်းဆုံး တစ်ပိဿာကို ကျပ် ၃၀၀၀၀ အထိဖြစ်ပြီး အသေးစား တစ်ပိဿာကို ကျပ် ၂၀၀၀၀ အထိဖြစ်ပါတယ်"ဟု ပြောသည်။

ဈေးကွက်သို့ တင်ပို့ရောင်းချနေသော ငါးခြောက် ပုစွန်ခြောက်များမှာ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ကုန်ကြမ်းက ပိုမိုအဝင်များပြီး နတ်တော်၊ ပြာသိုလများမှာ အနည်းငယ်သာဝင်ခဲ့ကြောင်း၊ တပေါင်း၊ တန်ခူးမှာ ကုန်ကြမ်းပြန်လည်ဝင်ရောက်လာခဲ့သော်လည်း ဈေးနှုန်းမှာ အမြင့်ဈေးမှာရှိနေကြောင်း သိရသည်။

ရေးမြို့နယ်ရှိ အစင်၊ ဇီးဖြူသောင်၊ ခမင်းဆိပ်၊ မြို့ဟောင်းကျွန်းတန်းဒေသများမှထွက်ရှိသော ငါးခြောက်၊ ပုစွန်ခြောက်ကုန်ကြမ်းများကို ဈေးကွက်တွင် အရွယ်အစားပေါ်မူတည်၍ ရောင်းချကြပြီး ငါးခြောက်ကုန်ကြမ်းအဝင်များသည့်လများတွင် ဈေးနှုန်းမှာ ပုံမှန်ထက် လျော့နည်းကာ အဝင်နည်းသောလများတွင် ပုံမှန်ရောင်းဈေးထက် မြင့်တက်သွားကြောင်း ရေးမြို့မှ မော်လမြိုင်နှင့် ရန်ကုန်ပွဲရုံများသို့ ငါးခြောက်တင်ပို့ရောင်းချနေသူများထံမှ သိရသည်။

နေမျိုးထွန်း(ရေး)

ဘားအံမြို့ပေါ်ရှိ ဆီဆိုင်ကြီးများတွင် မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

ဘားအံ မတ် ၁၄

ကရင်ပြည်နယ် ဘားအံမြို့၌ မီးဘေးကာကွယ်ရေးအတွက် မြို့ပေါ်ရှိ စက်သုံးဆီဆိုင်ကြီးများတွင် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားမှုများကို ကရင်ပြည်နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကာ မတ် ၁၀ ရက်မှစ၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကိုကိုဦးနှင့် ဘားအံမြို့နယ်မီးသတ်စခန်းမှူးလက်ထောက်ဦးစီးမှူး ဦးနိုင်လင်းဦးနှင့်အဖွဲ့တို့က စစ်ဆေးခဲ့ခြင်းဖြစ်ကာ ဘားအံမြို့ပေါ်ရှိ ဆီဆိုင်ကြီးများဖြစ်သော စက်သုံးဆီဆိုင်အမှတ်(၀၈၆၂)၊ ဘားမဲတောင်စက်သုံးဆီဆိုင်၊ ချောစုစက်သုံးဆီဆိုင်နှင့် ရှမ်းလေးစက်သုံးဆီဆိုင်ကြီးများတွင် မတ် ၁၀ ရက်က စစ်ဆေးခဲ့ပြီး မြို့နယ်အတွင်းရှိ အခြားစက်သုံးဆီဆိုင်ကြီးများကိုလည်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အကြံပြုခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘားအံမြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

စက်သုံးဆီဆိုင်ကြီးများသို့ သွားရောက်စစ်ဆေးရာတွင် မီးဘေးလုံခြုံရေးအတွက် အပူချိန်မြင့်တက်နေချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖလှယ်ခြင်း မပြုလုပ်ရန်၊ ဆီဆိုင်တွင် ဆီထည့်နေစဉ် ဖုန်းမပြောရန်၊ ဆေးလိပ်မသောက်ရန်၊ ဆီဘောက်ဆာဖြင့် ဆီအတင်အချပြုလုပ်ရာတွင် နံနက်ပိုင်းအချိန်တွင်သာပြုလုပ်ရန်နှင့် မီးသတ်ဆေးဘူး အသင့်ထားရှိပြီး ကြီးကြပ်သူမှစောင့်ကြည့်၍ လုံခြုံရေးတာဝန်ချထားရန်၊ ဆီပေပါများကို အတင်အချပြုလုပ်ရာတွင် ကားပေါ်မှကန်ချခြင်း၊ တွန်းလှိမ့်ခြင်းမပြုလုပ်ရန်၊ ဆီဘောက်ဆာဖြင့် ဆီဖြည့်နေစဉ် ပွတ်တိုက်မှုမဖြစ်ပေါ်စေရန် ဂရုပြုကိုင်တွယ်ကြရန်၊ သံခွာပါသောဖိနပ်များကို လုပ်ငန်းခွင်အတွင်း မစီးရန်၊ ဆီဂေါက်တံကို ကြေးဝါဖြင့်ပြုလုပ်ထားရန်၊ ဆီဖြည့်နေစဉ် ယာဉ်များကို စက်သတ်ရပ်ထားရန်၊ ဆီဆိုင်ဝန်ထမ်းများအနေဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ စီစဉ်ဖွင့်လှစ်သည့် မီးဘေးလုံခြုံရေးသင်တန်းများသို့ တက်ရောက်ရန် စသည့်အချက်များကို ညွှန်ကြားခဲ့ကြောင်း သိရသည်။

ယခုနှစ်သည် အယ်နီညိုရာသီဥတု ကျရောက်မှုကြောင့် နွေရာသီကာလအတွင်း ယခင်နှစ်များထက် ပူပြင်းခြောက်သွေ့ကာ အပူချိန်မြင့်တက်မှုကြောင့် နိုင်ငံအနှံ့အပြားတွင် မီးလောင်မှုများ ဖြစ်ပွားနေကြောင်း၊ စက်သုံးဆီဆိုင်ကြီးများတွင်လည်း ဆီဖြည့်၊ ဆီလှယ်၊ ဆီရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရာမှ တည်ငြိမ်လျှပ်စစ်သဘောအရ မီးလောင်မှုများ မကြာခဏဖြစ်ပွားနေကြောင်း၊ အထူးသဖြင့် စက်သုံးဆီရောင်းဝယ်လုပ်ငန်း လုပ်ကိုင်နေသော စက်သုံးဆီဆိုင်ကြီးများအနေဖြင့် သာမန်အပူချိန်မှ ရုတ်တရက် မီးစွဲတောက်လောင်နိုင်သော အပူချိန်သို့ ရောက်ရှိနိုင်သည့် ဆီဖြည့်ခြင်း၊ ဆီလှယ်ခြင်း၊ ဆီရောင်းချခြင်း လုပ်ငန်းဆောင်ရွက်မှုများကို မပေါ့ဆဘဲ အထူးဂရုစိုက် သတိထား၍လုပ်ဆောင်သွားစေလိုကြောင်းလည်း အကြံပြုပြောကြားခဲ့သည်။

ဘားအံမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် အခြားသော ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်း၍ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲများ၊ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ သင်ကြားပြသမှုများ၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ၊ ကွင်းဆင်းစစ်ဆေး၍ မီးဘေးလုံခြုံရေးအကြံပြုခြင်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဘားအံမြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ရဲမင်းက ပြောကြားသည်။

ထွန်းထွန်းဝေ(ဘားအံ)

ပုပ္ပားအရှေ့ခြမ်းကျေးရွာများ သောက်သုံးရေရရှိရေးအတွက် စိုက်ပျိုးရေသွယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ကျောက်ပန်းတောင်း မတ် ၁၄

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားဒေသသို့ နိုင်ငံတော်သမ္မတ ရောက်ရှိစဉ် ဒေသခံပြည်သူများ၏ တင်ပြချက်အရ ဒေသတွင်းလိုအပ်လျက်ရှိသည့် သောက်သုံးရေသွယ်ယူရေးလုပ်ငန်းများနှင့် မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လမ်းညွှန်မှုပေးခဲ့ရာ အဆိုပါလုပ်ငန်းများကို မတ် ၈ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ဆောင်ရွက်နေသည့် လုပ်ငန်းများမှာ နတ်တန်လည်ကျေးရွာအုပ်စု လျှော်တောကျေးရွာတွင် နှစ်လက်မပိုက် ပေ ၂၄၀၀ ဖြင့် စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေစက်ရုံနှင့် ဂါလန်ငါးထောင်ဆံ့ ရေအုတ်ကန်၊ 22HP 10KW အင်ဂျင်ဒိုင်နမို ဝယ်ယူတပ်ဆင်ခြင်းနှင့် ဂါလန်နှစ်ထောင်ဆံ့ ရေပေးဝေရေးကန်များပါဝင်ပြီး ခွင့်ပြုငွေကျပ် ၁၀ ဒသမ ၅၂ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ထို့အတူ ဆည်ကျေးရွာတွင်လည်း နှစ်လက်မပိုက် ပေ ၂၄၀၀ ဖြင့် စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေစက်ရုံ၊ ဂါလန်ငါးထောင်ဆံ့ ရေအုတ်ကန်နှစ်ကန်၊ 22HP 10KW အင်ဂျင်ဒိုင်နမိုနှင့် 3HP ရေတင်ပန့် တပ်ဆင်ခြင်း၊ အလျား ၂၅ ပေရှိ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများကို ခွင့်ပြုငွေ ကျပ် ၁၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လျှော်တောကျေးရွာတွင် လုပ်ငန်းအားလုံး၏ ၁၅ ရာခိုင်နှုန်း ပြီးစီးနေပြီး ဆည်ကျေးရွာတွင် ၁၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့တွင် မီးဘေးကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများအဖြစ် သာယာအေးရပ်ကွက်တွင် အလျား ပေ ၂၀၊ အနံ ၁၅ ပေနှင့် အမြင့် ၆ ပေရှိ ဂါလန်တစ်သောင်းဆံ့ မီးသတ်အုတ်ရေကန်တည်ဆောက်ခြင်း၊ ပေ ၈၀၀ ရေပိုက်လိုင်း တပ်ဆင်ခြင်းနှင့် လေးလက်မ မီးသတ်ရေတိုင် တပ်ဆင်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ လွတ်လပ်ရေးရပ်ကွက်တွင် အလျား ပေ ၂၀၊ အနံ ၁၅ ပေနှင့် အမြင့် ၆ ပေရှိ ဂါလန်တစ်သောင်းဆံ့ မီးသတ်အုတ်ရေကန်တည်ဆောက်ခြင်းကိုလည်းကောင်း၊ သီရိမင်္ဂလာရပ်ကွက်တွင် လေးလက်မ မီးသတ်ရေတိုင် တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မီးဘေးတားဆီးကာကွယ်ရေး လုပ်ငန်းများအားလုံးကို ခွင့်ပြုရန်ပုံငွေ ကျပ် ၁၂ ဒသမ ၄၉၅ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သောက်သုံးရေရရှိရေးနှင့် မီးဘေးကာကွယ်ရေးလုပ်ငန်းများအားလုံးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးကြပ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေအောင် (ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်မှုအတွက် စက်သုံးဆီဆိုင်များကို စနစ်တကျစီစဉ်ထားရှိရန်လို

မြဝတီ မတ် ၁၄

မြဝတီမြို့သည် နယ်စပ်မြို့ဖြစ်ခြင်းကြောင့် ပြည်တွင်းဈေးကွက်သို့ တင်ပို့ရန်နှင့် ဒေသတွင်းသုံးစွဲရန် စက်သုံးဆီအရောင်းဆိုင် များစွာရှိရာ မီးဘေးကြိုတင်ကာကွယ်မှုအတွက် စနစ်တကျစီစဉ်ထားရှိရန်လိုအပ်ကြောင်း မြဝတီမြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဒေသခံပြည်သူတစ်ဦးကလည်း မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အာရှလမ်းမတွင် ခွက်ချိန်ဖြင့် ရောင်းချနေသော စက်သုံးဆီအရောင်းဆိုင်ကြီးများကြောင့် အပူဒဏ်ပိုမိုပြင်းထန်သည့် နွေရာသီကာလ အယ်နီညိုရာသီဥတုတွင် မီးဘေးအန္တရာယ်အတွက် ပြည်သူများ စိုးရိမ်စိတ်ဖြစ်နေကြောင်း ပြောသည်။

မြဝတီအရန်မီးသတ်ဌာနမှ တာဝန်ရှိသူ ဦးအောင်စိုးက "မြို့တွင်းမှာဆို တစ်ချို့စက်သုံးဆီအရောင်းဆိုင်တွေဟာ ဆီသိုလှောင်ကန် မရှိဘူး။ မီးသတ်တပ်ဖွဲ့အနေနဲ့ ဆီဆိုင်တွေကို တစ်လတစ်ကြိမ် ပညာပေးလုပ်သလို သက်ဆိုင်ရာကလည်း စစ်ဆေးမှုတွေ ပြုလုပ်ပါတယ်"ဟု ပြောသည်။

မြဝတီခရိုင်စက်သုံးဆီလုပ်ငန်းရှင်များ အသင်းအတွင်းရေးမှူး ကိုမျိုးက "တရားမဝင် လမ်းဘေးမှာရောင်းချနေတဲ့ ဆီဆိုင်တွေကိုလည်း မီးဘေးလုံခြုံတဲ့စနစ်နဲ့ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာအောင်လည်း စည်းရုံးမှုများ ပြုလုပ်နေပါတယ်"ဟု ဆိုသည်။

မြဝတီမြို့တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်သုံးဆီဆိုင်များအသင်းနှင့် စက်သုံးဆီဆိုင်များမှ တာဝန်ရှိသူများ ပူးပေါင်း၍ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းများကို မြစန္ဒီပန်းခြံကွင်း၌ မတ် ၁၂ ရက်က ပြုလုပ်ခဲ့ပြီး မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဘောလုံးဖြင့် မီးငြိမ်းသတ်ခြင်း၊ ရေပိုက်ဖြင့်မီးငြိမ်းသတ်ခြင်းများကို မြဝတီမြို့ရှိ စက်သုံးဆီအရောင်းဆိုင် ၂၄ ဆိုင်မှ အလုပ်သမား ငါးဆယ်ကျော်က မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြခဲ့သည်။

ထို့အပြင် ဒဏ်ရာရသွားသည့် လူနာအားကယ်ဆယ်ပြုစုခြင်းကိုလည်း မြဝတီအရေးပေါ်လူမှုကယ်ဆယ်ရေးအသင်းဝင်များက လက်တွေ့သရုပ်ပြခဲ့ကြကြောင်း သိရသည်။

တင်ဝင်းလှိုင်(ကော့ကရိတ်)

ပခန်းကိုကြီးကျော် ချိုးရေတော်ဆင်း တပေါင်းလဆန်း ၃ ရက်နေ့ မြင်ကွင်း

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နှင့် မတ္တရာမြို့ကြား တောင်ပြုန်းဒေသမှ ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေး မင်းညီနောင်တို့၏ တောင်ပြုန်းပွဲတော်သည် မြန်မာပြည်တွင် ထူးထူးခြားခြား စည်ကားသော ရိုးရာနတ်ပွဲတစ်ခု ဖြစ်သည်။

အလားတူ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်အကြား ထန်းတောကြီးရွာမှ ပခန်းကိုကြီးကျော်၏ ရွှေကူနီနတ်ပွဲတော်သည်လည်း တောင်ပြုန်းပွဲတော်ကဲ့သို့ ထင်ရှားကျော်ကြားသော ရိုးရာနတ်ပွဲတော်ဖြစ်သည်။

ကိုကြီးကျော် ကိုကြီးကျော် တို့ကိုကြီးကျော် မူးလည်း မူးတယ်၊ မြူးလည်း မြူးတယ် တို့ကိုကြီးကျော် အရက်သမားမှန်ရင်လေ ကိုကြီးကျော်ကို ချစ်ကြပါတယ်၊ ကြက်သမားမှန်ရင်လေ ကိုကြီးကျော်ကို ကြိုက်ကြပါတယ်၊ ဟူသော နတ်သီချင်းနှင့်အတူ နတ်ဒိုးသံတို့သည် ရွှေကူနီ တစ်ဝိုက် ပွဲတင်ထပ်မျှကြားနေရသည်။

အဆိုပါ ထန်းတောကြီးရွာ၊ ရွှေကူနီ ပခန်းကိုကြီးကျော် နတ်ပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၃ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ကျင်းပလေ့ရှိသည်။ ပခန်းကိုကြီးကျော်၏ နတ်ပွဲတော်ကို တပေါင်းလဆန်း ၃ ရက်တွင် စတင်ကျင်းပသည်။ ကိုကြီးကျော် ချိုးရေတော်ဆင်းသည့် တပေါင်းလဆန်း ၃ ရက် မြင်ကွင်းကတော့ ကိုကြီးကျော်နတ်နန်းမှ ချင်းတွင်းမြစ်သွား လမ်းတစ်လျှောက်နှင့် ကမ်းနားတစ်ဝိုက်တွင် မြန်မာပြည်အရပ်ရပ်မှ ပခန်းကိုကြီးကျော်ကို ကိုးကွယ်ယုံကြည်ကြသူများနှင့် ဒေသခံများဖြင့် ကြက်ပျံမကျစည်ကားသောနေ့ဖြစ်သည်။

ချိုးရေတော်သုံးရန် ကိုကြီးကျော် ရုပ်တု၊ ရှင်ဘိုမယ်ရုပ်တု၊ မဏိစည်သူရုပ်တု၊ ဝေဠုဝတီရုပ်တုတို့ကို ရွှေချကျောက်စီဝေါယာဉ်တော်ပေါ်တင်၍ အဖွဲ့လိုက်ထမ်းပြီး လေးဖာလုံခန့်ဝေးသည့် ချင်းတွင်းမြစ်ဆိပ်သို့ဆင်းရာ လမ်းတစ်လျှောက် တိုးမပေါက်အောင် စည်ကားလှသည်။

ချင်းတွင်းမြစ်ဆိပ်ကမ်း ဖြူလွလွသဲသောင်ပြင်တွင် ကြီးမားသောမဏ္ဍပ်ကြီးကို ချုံပန်းချုံနွယ်၊ ကနုတ်ပန်းတို့ဖြင့် တန်ဆာဆင်လျက် ရွှေရောင်တဝင်းဝင်းဖြင့် ခမ်းခမ်းနားနားဆောက်လုပ်ထားပြီး အသံချဲ့စက်များမှ ထွက်ပေါ်လာသော နတ်ဒိုးသံများကလည်း စည်စည်ညံ၊ လူအုပ်ကြီးကလည်း တိုးမပေါက်၊ ချိုးရေတော်သုံးမည့် ရေယာဉ်ကိုလည်း အလှအပများဖြင့်ပြင်ဆင်၊ အရံရေယာဉ်ကြီးငယ်များကလည်း ပြစ်ပြင်ပြည့်မတတ် ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာနှင့်အညီ ချိုးရေတော်သုံးပွဲကို ကျင်းပကြသည်။

တပေါင်းလဆန်း ၄ ရက်သည် နတ်နန်းဆောင်ရှိ နတ်ရုပ်တုများကို ရွှေချသည့်ပွဲနေ့ဖြစ်သည်။ မြန်မာပြည်အရပ်ရပ်မှ ထိုးကွယ်ယုံကြည်သူများဖြင့် စည်ကားသည့်နေ့ဖြစ်သည်။ တပေါင်းလဆန်း ၅ရက်သည် ကိုကြီးကျော်နတ်နန်းတွင် ဒိုးဆွဲသောနေ့ဖြစ်သည်။ တပေါင်းလဆန်း ၁၀ ရက်သည် ကိုကြီးကျော်ပန်းဆက်ပွဲနေ့ဖြစ်သည်။ ထို့နေ့တွင် ကြက်တိုက်နန်း၌ နတ်ဒိုးသံနှင့်အတူ ကြက်တိုက်ပွဲဆင်နွှဲကြသူများဖြင့် စည်ကားလျက်ရှိသည်။ တပေါင်းလဆန်း ၁၁ ရက်သည် တောင်ပြုန်းမင်းညီနောင်နှင့် မယ်တော်မယ်ဝဏ္ဏတို့ ပင့်ဆောင်ပူဇော်ပွဲနေ့ဖြစ်သည်။ တပေါင်းလဆန်း ၁၂ ရက်သည် နောင်တော်ကြီးကြွလာသည့်နေ့ဖြစ်သည်။ တပေါင်းလဆန်း ၁၃ ရက်သည် ကိုကြီးကျော်၏မယ်တော် ကျွဲလှည်းစီးကာ သားထံလာသောပွဲနေ့ဖြစ်သည်။ တပေါင်းလဆန်း ၁၄ ရက်သည် ကိုကြီးကျော်၏ မယ်တော် နန်းတော်သို့ကျောခိုင်း၍ နောက်ပြန်တက်သည့်ပွဲနေ့ဖြစ်သည်။ တပေါင်းလဆန်း ၁၅ ရက်တွင် ရွှေကူနီ အနီးအနား ဂေါစရကန်ရှိ သံဃာတော်များအား ဆွမ်းကြီးလောင်းကြပြီး လှူဒါန်းမှုအစုစုတို့ကို ရေစက်ချအမျှပေးဝေသော နေ့ဖြစ်သည်။ ထိုနေ့မှာပင် ပခန်းကိုကြီးကျော်၏ ရွှေကူနီနတ်ပွဲတော်လည်း ပြီးဆုံးသည့်နေ့ဖြစ်သည်။

ကိုကြီးကျော် ချိုးရေတော်ဆင်းပွဲနေ့ ချင်းတွင်းမြစ်ကမ်းမြင်ကွင်း။

သို့အတွက် မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ပခန်းကိုကြီးကျော်ကို ယုံကြည်ကိုးကွယ်ကြသူများလည်း ကျန်ရှိသည့်ပွဲတော်ရက်များတွင် ဆင်နွှဲရင်း အညာဓလေ့နှင့် အညာယဉ်ကျေးမှုများကို လေ့လာ၊ ရှင်မတောင်သနပ်ခါးနှင့် အညာထွက်ကုန်ပစ္စည်းများကို ဝယ်ယူအားပေးရန် ပခန်းကိုကြီးကျော်နန်းမှ ဖိတ်ခေါ်လိုက်ရပါသည်။

ဖေထွဏ်းဇော်
(ရေစကြို)

ရက်ကန်းစင်သုံးပစ္စည်း ထုတ်လုပ်ရာတွင် စက်အသုံးပြုလာ၍ ထုတ်လုပ်မှုတိုးလာ

ရမည်းသင်း၊ မတ် ၁၄

မန္တလေးတိုင်းဒေသကြီးရမည်းသင်းမြို့နယ် ကန်ဘဲ့ကျေးရွာ၌ ရက်ကန်းစင်သုံးပစ္စည်းများကို ထုတ်လုပ်ရောင်းချရာတွင် ယခင်က လူအားဖြင့် ပြုလုပ်ခဲ့သည့်အစား ယခုနောက်ပိုင်း စက်အသုံးပြု လုပ်ကိုင်လာခြင်းကြောင့် ပို၍ထုတ်လုပ်လာနိုင်ကြောင်း သိရသည်။

ကန်ဘဲ့ကျေးရွာတွင် ရှေးယခင်ကပင် ရက်ကန်းစင်သုံးပစ္စည်းများဖြစ်သော လက်ရက်ဖောက်သီး၊ စက်ရက်ဖောက်သီး၊ စိပ်တည်းလုံး၊ စက်တည်းလုံး၊ လွန်း အစရှိသော ပစ္စည်းများကို ပြုလုပ်ခဲ့သည်ဟု သိရသည်။

ရက်ကန်းစင်သုံးပစ္စည်းများပြုလုပ်ရန်အတွက် အဓိကကုန်ကြမ်းမှာ သစ်သားဖြစ်ပြီး ယနေ့အခါ အသားမာ သစ်သားမျိုးစုံဖြင့် ပြုလုပ်ကြသည်ဟု သိရသည်။ လုပ်ငန်းလုပ်ဆောင်ရာတွင် သစ်သားကို အကြမ်းထည်ပုံကြမ်းလောင်းသည်မှစ၍ အလယ်တွင် အပေါက်ဖောက်ခြင်း၊ ပွတ်စင်ကိုအသုံးပြု၍ အချောနင်းခြင်း စသည်ဖြင့် အဆင့်ဆင့် လုပ်ဆောင်ကြရသည်ဟု သိရသည်။ လုပ်ငန်းလုပ်ကိုင်ရန်အတွက် လုပ်သားသုံးဦး လေးဦး ပူးပေါင်းဆောင်ရွက်ကြရသည်။

ကန်ဘဲ့ရွာတွင် ရက်ကန်းသုံးပစ္စည်းများကို တစ်ရွာလုံးနီးပါး လုပ်ကိုင်တတ်မြောက်ကြသည်ဟု သိရသည်။

ရက်ကန်းစင်သုံးပစ္စည်းပြုလုပ်သော လုပ်ငန်းမှာ တစ်နှစ်ပတ်လုံးဖြစ်သည်ဟု သိရပြီး တပေါင်း၊ တန်ခူးလများတွင် လုပ်ငန်းတွင်ကျယ်၍ မိုးတွင်းကာလတွင် လုပ်ငန်းပါးသည်ဟု သိရသည်။ ထိုသို့ ရက်ဖောက်သီး၊ စိပ်တည်းလုံး၊ လွန်း အစရှိသည်တို့ ပြုလုပ်ရာတွင် နေ့စားအလုပ်သမားပညာရှင်များ ငှားကြရပြီး လုပ်သားတစ်ဦးလျှင် လုပ်ငန်းပြီးစီးမှု အရေအတွက်အပေါ် မူတည်၍ တစ်နေ့လျှင် ၃၅၀၀ ကျပ်မှ ၅၀၀၀ ကျပ်ဝန်းကျင် ဝင်ငွေရှိသည်ဟု သိရသည်။

ရက်ကန်းစင်သုံးပစ္စည်းများ ပြုလုပ်ရာတွင် လွန်းပြုလုပ်ခြင်းက အခက်ဆုံးဖြစ်ပြီး ယခင်က စက်စွမ်းအားအသုံးမပြုနိုင်သောကြောင့် လူတစ်ဦးလျှင် နှစ်ချောင်း၊ သုံးချောင်းသာ ပြီးစီးနိုင်ပြီး ယခုအခါ စက်များအသုံးပြု၍ လုပ်ကိုင်ကြခြင်းကြောင့် လူတစ်ဦးလျှင် တစ်နေ့ လွန်း ၁၀ ချောင်းပြီးစီးနိုင်သည်ဟု သိရသည်။

"တစ်ရွာလုံးအရင်ကတော့ လွန်း၊ တည်းလုံး၊ ရက်ဖောက်သီး၊ ရက်ကန်းစင်သုံးပစ္စည်းမျိုးစုံ အိမ်တိုင်းလုပ်ကြတယ်။ အခုတော့ အရင်းအနှီးကြောင့် မလုပ်နိုင်ကြတော့ဘူး။ လူငှားအနေနဲ့ပဲလုပ်ကြတယ်။ လုပ်ငန်းရှင်တွေကလည်း ကိုယ်တိုင်လုပ်ကြတယ်။ ရွာမှာ လျှပ်စစ်မီးရရင်တော့ အရင်ကထက် အဆင်ပြေပြီး လူတိုင်းလုပ်နိုင်ကြလို့ ဝင်ငွေရကြမယ်ပေါ့။ တစ်နိုင်ငံလုံး ကျွန်တော်တို့ရွာက ရက်ကန်းစင်သုံးပစ္စည်းတွေ အသုံးပြုကြတာများတယ်"ဟု ယင်းဒေသခံတစ်ဦးက ပြောသည်။

ထိုသို့ ရမည်းသင်းမြို့နယ် ကန်ဘဲ့ကျေးရွာမှ ပြုလုပ်သော လွန်း၊ တည်းလုံး၊ ရက်ဖောက်သီး အစရှိသည့် ရက်ကန်းစင်သုံးပစ္စည်းများကို တောင်မြို့၊ ဝမ်းတွင်းမြို့၊ သဲတောမြို့နှင့် မိတ္ထီလာစက်မှုဇုန်အစရှိသော ရက်ကန်းစက်ရုံများမှ ဝယ်ယူအသုံးပြုကြသည်ဖြစ်၍ ကန်ဘဲ့ကျေးရွာတွင် ယနေ့ထက်တိုင် ရက်ကန်းသုံးပစ္စည်းများကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **အတ်ကလေး(ရမည်းသင်း)**

ပေါ်တော်မူဗုဒ္ဓရုပ်ပွားတော်နှစ်ဆူကို လာရောက်ဖူးမြော်သူများလာ

မော်လမြိုင်ကျွန်း မတ် ၁၄

မော်လမြိုင်ကျွန်းမြို့နယ် တန့်ငူကျေးရွာအုပ်စု ကြောင်ထောက်ကျေးရွာ၌ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက မြေတူးရာမှပေါ်လာသော ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူကို ယာယီမဏ္ဍပ်ဖြင့် အပူဇော်ခံထားရာ ယခုအခါ နေ့စဉ် ဘုရားဖူးလာသူ ၁၅၀၀ ခန့် ရှိနေကြောင်း သိရသည်။

ပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူကို လာရောက်ဘုရားဖူးသူများမှာ စနေနှင့် တနင်္ဂနွေနေ့များတွင် တစ်ရက်လျှင် ၁၅၀၀ မှ ၂၀၀၀ ကြားရှိကာ ကျန်ရက်များတွင် ၁၀၀၀ မှ ၁၅၀၀ ခန့်အထိ ရှိနေကြောင်း၊ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းမှ ပြည်သူများသာမက ဘိုကလေး၊ မအူပင်၊ ဖျာပုံ၊ ဝါးခယ်မ၊ ရန်ကုန်၊ ဟင်္သာတနှင့် ပုသိမ်တို့မှလည်း လာရောက်ကြကာ ဆုတောင်းပြည့်သည်ဟု သတင်းများဖြန့်နေသဖြင့် ဘုရားဖူးများ တစ်နေ့တခြား များလာလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူမှာ ကျောက်တော်မူရုပ်ပွားတော်များ ဖြစ်ကြပြီး စကျင်ကျောက် သို့မဟုတ် ကြေးသားဖြင့် ပြုလုပ်ထားသည်ဟု ယူဆရကြောင်း၊ ရုပ်ပွားတော်အကြီးမှာ ခြောက်လက်မခန့်ရှိပြီး အငယ်မှာ လေးလက်မခန့်ရှိကြောင်း သိရသည်။ ရုပ်ပွားတော်နှစ်ဆူသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ခန့်မှ လက်ရာများဖြစ်နိုင်ကြောင်းလည်း ကျေးရွာနေပြည်သူအချို့က ခန့်မှန်းထားကြသည်။ **မော်ကျွန်းမြင့်အောင်**

အဆင့်မြင့်လယ်ယာ ဖော်ထုတ်ပြီးစီးမှု ကွင်းဆင်းတိုင်းတာ

ခင်ဦး မတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ကံသစ်ကျေးရွာအုပ်စုနှင့် မြို့သစ်ကျေးရွာအုပ်စုအတွင်း အဆင့်မြင့်လယ်ယာ ဖော်ထုတ်ပြီးစီးမှုအခြေအနေကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းနိုင်ခေါင်းဆောင်သော မြေတိုင်းတာရေးအဖွဲ့များက RTK . GPS ဖြင့် တိုင်းတာမှုများ ဆောင်ရွက်လျက်ရှိပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးသန်းဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးအောင်နှင့် မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်သန်းသန်းမြင့်တို့က မတ် ၁၁ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကံသစ်ကျေးရွာအုပ်စုမှ တောင်သူ ၁၃ ဦး၏ လယ် ၆၅ ဧကနှင့် မြို့သစ်ကျေးရွာအုပ်စုမှ တောင်သူ ခုနစ်ဦး၏ လယ် ၃၈ ဧကတို့ကို အဆင့်မြင့်လယ်ယာ ဖော်ထုတ်နေခြင်းဖြစ်ကာ လယ်ယာမြေများကို ခေတ်မီစပြစက်မှုလယ်ယာအဖြစ် မြှုပြင်ပြောင်းလဲဖော်ထုတ်ရာတွင် နယ်နိမိတ်နှင့်ဧရိယာ အတိုး၊ အလျှော့ဖြစ်ပေါ်လာပါက မှန်ကန်မျှတစွာ ညှိနှိုင်းဆုံးဖြတ်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် ပြန်လည်သတ်မှတ်ခွင့်ပြုပေးနိုင်ရန် စိစစ်တင်ပြခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက ပြောကြားသည်။

ကံသစ်ကျေးရွာမှ တောင်သူ ဦးချစ်ရင်က ယခင်က လယ်ယာစိုက်ပျိုးရာတွင် ကုန်ထုတ်လမ်းမရှိသဖြင့် သီးနှံများသယ်ယူရာတွင် အလုပ်သမားငှား၍ သယ်ယူခဲ့ပြီး ကုန်ကျစရိတ်များခဲ့ကြောင်း၊ အဆင့်မြင့်လယ်ယာဖော်ထုတ်ခြင်းဖြင့် လယ်ကွက်တိုင်းတွင် ရေသွင်း၊ ရေထုတ်မြောင်းများပါရှိသဖြင့် သီးနှံများ၏ သက်တမ်းအလိုက် ရေကို လိုသလိုအသုံးချနိုင်တော့မည်ဖြစ်၍ အဆင်ပြေကြောင်း ပြောသည်။ **ခင်ဦးစိုးဇေ**

ကျောက်ထုတွင် အယ်နီညိုအကြောင်း ပညာပေးဟောပြော

ကျောက်ထု မတ် ၁၄

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ အညာပန်းမလွန်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ အယ်နီညိုရာသီဥတုအကြောင်း အသိပညာပေးဟောပြောပွဲကို မတ် ၁၂ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကျောက်ထုမြို့အုပ်ချုပ်ရေးမှူး ဦးသူရိန်အောင်က အမှာစကားပြောကြားပြီး ကျောက်ထုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးအေးလင်းနှင့် ကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်ခင်ကြည်တို့က အပူဒဏ်အန္တရာယ်ဆိုင်ရာအကြောင်းအရာများ၊ အယ်နီညိုရာသီဥတုကြောင့်ဖြစ်ပေါ်လာမည့် ကျန်းမာရေးအန္တရာယ်၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေ ရှားပါးမှုပြဿနာများ၊ ကျွဲ၊ နွားတိရစ္ဆာန်များတွင် ဖြစ်ပေါ်နိုင်သည့် ရောဂါအန္တရာယ်များကို အသိပညာပေးဟောပြောခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အခြေခံပညာအဆင့် ဘာက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

ယမန်နေ့မှအဆက်

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၁၄၆	မောင်မင်းသူခန့်	အထက(ခွဲ)လ၊ မိုးမိတ်	မိုးမိတ်	ကျောက်မဲ
၁၄၇	မမေမုဋ္ဌာမိုး	အထက(ခွဲ)လ-၁၊ နမ့်ဆန်	နမ့်ဆန်	ကျောက်မဲ
၁၄၈	မခင်သန္တာစိုး	အထက-မိုးမိတ်	မိုးမိတ်	ကျောက်မဲ
၁၄၉	မောင်ဆွတ်ဆိုင်းဇိုင်	ထူးချွန်(ကပက)	ကွတ်ခိုင်	မူဆယ်
၁၅၀	မရွှေသဇင်	အထက(၁)မူဆယ်	မူဆယ်	မူဆယ်
၁၅၁	မောင်စွမ်းထက်အောင်	အထက-မိုင်းဖြတ်	မိုင်းဖြတ်	မိုင်းဖြတ်
၁၅၂	မဇာဇာခြည်	အထက-မိုင်းဆတ်	မိုင်းဆတ်	မိုင်းဖြတ်
၁၅၃	မောင်ဟင်နရီဗစ်	အထက-ဆန်ဆိုင်း	တာချီလိတ်	မိုင်းဖြတ်
၁၅၄	မယုနန္ဒာမိုး	ရွှေမဟာ(ကပက)	တာချီလိတ်	မိုင်းဖြတ်
၁၅၅	မစုယွန်းရွှေရည်	အထက(၂)ကျိုင်းတုံ	ကျိုင်းတုံ	ကျိုင်းတုံ
၁၅၆	မောင်ဇေဗေဒ	အထက(၂)ကျိုင်းတုံ	ကျိုင်းတုံ	ကျိုင်းတုံ
၁၅၇	မောင်ဝေယံကျော်	အထက-ရေကြည်	ရေကြည်	ပုသိမ်
၁၅၈	မောင်ထွန်းနိုင်ဝေ	အထက-ဒေါင့်ကြီး	ကျောင်းကုန်း	ပုသိမ်
၁၅၉	မခိုင်ဇာခြည်သွယ်	အထက-ရေကြည်	ရေကြည်	ပုသိမ်
၁၆၀	မဖြူစင်မို့မို့	အထက(၆)	ပုသိမ်	ပုသိမ်
၁၆၁	မောင်ခေတ်စည်သူ	အထက-ကြံခင်း	ကြံခင်း	ဟင်္သာတ
၁၆၂	မောင်ကျော်ဇင်သန့်	အထက(၃)	ဟင်္သာတ	ဟင်္သာတ
၁၆၃	မချောစုသွယ်	အထက(၃)	ဟင်္သာတ	ဟင်္သာတ
၁၆၄	မမေသွယ်ထွန်း	အထက-ထူးကြီး	အင်္ဂပူ	ဟင်္သာတ
၁၆၅	မောင်ပိုင်အောင်လတ်	အထက(၁)	မြောင်းမြ	မြောင်းမြ
၁၆၆	မဖြူကေဇင်	အထက-အိမ်မဲ	အိမ်မဲ	မြောင်းမြ
၁၆၇	မောင်အောင်ကောင်းမြတ်	အထက(၁)	မော်လမြိုင်ကျွန်း	လပွတ္တာ
၁၆၈	မနန်းအိဝေလွင်	အထက(၁)	လပွတ္တာ	လပွတ္တာ
၁၆၉	မောင်ရဲထက်လူ	အထက-ဓနုဖြူ	ဓနုဖြူ	မအူပင်
၁၇၀	မဝင့်မှူးပြည့်	အထက(၂)	ညောင်တုန်း	မအူပင်
၁၇၁	မောင်ကျော်ဇေယျ	အထက(၁)	ကျိုက်လတ်	ဖျာပုံ
၁၇၂	မမေမြတ်နိုးဝေ	အထက(၁)	ကျိုက်လတ်	ဖျာပုံ
၁၇၃	မောင်ခန့်စည်သူ	အထက(၂)	ပျဉ်းမနား	ဒက္ခိဏ
၁၇၄	မအောင်ကေဇင်တိန်း	အထက(၅)	ဇမ္ဗူသီရိ	ဒက္ခိဏ
၁၇၅	မောင်ညက်လင်းအောင်	အထက-ရေဆင်း	ဇေယျာသီရိ	ဥတ္တရ
၁၇၆	မအေးချမ်းမြေလွင်	အထက(၁)	တပ်ကုန်း	ဥတ္တရ

အခြေခံပညာဦးစီးဌာန၊ ၂၀၁၆ ခုနှစ်၊ နဝမတန်းဘာက်စုံပညာထူးချွန်သူများစာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၁	မောင်ဂလက်ဆန်ကား	အထက(၁)	မြစ်ကြီးနား	မြစ်ကြီးနား
၂	မောင်ကျော်သူ	အထက-တနိုင်း	တနိုင်း	မြစ်ကြီးနား
၃	မမေသင်းကြူ	အထက(၄)	မြစ်ကြီးနား	မြစ်ကြီးနား
၄	မဆွတ်ရိန်ခေါန်ဆန့်	အထက(၁)	ဝိုင်းမော်	မြစ်ကြီးနား
၅	မောင်နိုင်လင်းအောင်	အထက(၁)	မိုးညှင်း	မိုးညှင်း
၆	မသိမ့်နေခြည်	အထက(၁)	မိုးညှင်း	မိုးညှင်း
၇	မောင်နန္ဒကျော်	အထက(၁)	ဗန်းမော်	ဗန်းမော်
၈	မမေသဇင်ပြည့်စုံ	အထက(၁)	ဗန်းမော်	ဗန်းမော်
၉	မောင်ဆရက်ဂဟာမ်စိန်	အထက-ပူတာအို	ပူတာအို	ပူတာအို
၁၀	မအဲလစ်ဇဘက်	အထက(ခွဲ)မူလာရှီးဒီ	ပူတာအို	ပူတာအို
၁၁	မောင်စည်သူအောင်	အထက-ဖားဆောင်း	ဖားဆောင်း	ဘော်လခဲ
၁၂	မချစ်ဆွေဇင်နိုင်	အထက-ဘော်လခဲ	ဘော်လခဲ	ဘော်လခဲ
၁၃	မောင်ပိုင်ဟန်ကျော်	အထက(၅)လွိုင်ကော်	လွိုင်ကော်	လွိုင်ကော်
၁၄	မဗစ်တိုးရီးယားအူးမာ	အထက-ဒေါင်ခါး	ဒီးမော့ဆို	လွိုင်ကော်
၁၅	မမေမဥ္ဈူဖွေး	အထက(၁)	ဘားအံ	ဘားအံ
၁၆	မောင်ထွန်းနိုင်ဝင်း	အထက-ရွှေဂွန်း	လှိုင်းဘွဲ့	ဘားအံ
၁၇	မောင်ကျော်ညီလေးလွင်	အထက-တံခွန်တိုင်	ကြာအင်းဆိပ်ကြီး	ကော့ကရိတ်
၁၈	မစိမ်းလဲ့လဲ့လွင်	အထက(၁)ကော့ကရိတ်	ကော့ကရိတ်	ကော့ကရိတ်
၁၉	မောင်ဗန်ထမူန်	အထက(၃)ဟားခါး	ဟားခါး	ဟားခါး
၂၀	မအေလစ်ဇန်ကိပ်ပါရ်	အထက(၃)ဟားခါး	ဟားခါး	ဟားခါး
၂၁	မောင်အက်ဒီဆင်သျှန်ဇပုမ်	အထက(ခွဲ)ဖလမ်း	ဖလမ်း	ဖလမ်း
၂၂	မရွှေမီခရစ်တီနာ	အထက(၁)ဖလမ်း	ဖလမ်း	ဖလမ်း
၂၃	မောင်ဖွေးလုံးစို	အထက(၁)မတူပီ	မတူပီ	မင်းတပ်
၂၄	မပန်းအိဇင်	အထက(၁)မင်းတပ်	မင်းတပ်	မင်းတပ်
၂၅	မောင်သန့်ဇင်ဝင်း	အထက(၁)မြင်းမူ	မြင်းမူ	စစ်ကိုင်း
၂၆	မနှင်းနုနုဝေ	အထက(၁)စစ်ကိုင်း	စစ်ကိုင်း	စစ်ကိုင်း
၂၇	မောင်လမင်းထက်	ကပက-စိတ်တော်ဝင်	ဝက်လက်	ရွှေဘို
၂၈	မောင်ပိုင်ပြည့်စုံ	အထက(၁)ရွှေဘို	ရွှေဘို	ရွှေဘို
၂၉	မအေးမြစိုး	ကပက-ဇွဲသန်	ရေဦး	ရွှေဘို
၃၀	မရွှန်းလဲ့ကြည်ဖြူ	ကပက-D ပျိုးခင်း	ရွှေဘို	ရွှေဘို
၃၁	မောင်အာကာမိုးသူ	မိုးဦးပန်း-(ကပက)	မုံရွာ	မုံရွာ
၃၂	မယမင်းထိုက်	ပါရမီ-(ကပက)	မုံရွာ	မုံရွာ
၃၃	မလှိုင်းအိခိုင်	အထက-ကျားတက်	ဆားလင်းကြီး	မုံရွာ
၃၄	မောင်ကျော်ဇင်လင်း	အထက-မိုးကောင်း	ကနီ	မုံရွာ
၃၅	မောင်ဘို့မော်ဦး	အထက-ဝန်းသို	ဝန်းသို	ကသာ
၃၆	မောင်ကျော်မျိုးလွင်	အထက-အင်းတော်	အင်းတော်	ကသာ
၃၇	မယွန်းမီမီစိုး	အထက(၁)ကသာ	ကသာ	ကသာ
၃၈	မနွေးသီရိမောင်	အထက(ခွဲ)ကောလင်း	ကောလင်း	ကသာ
၃၉	မောင်ထက်အောင်လင်း	အထက(၃)ကလေး	ကလေး	ကလေး
၄၀	မရွှန်းလဲ့လဲ့ဦး	အထက(၁)ကလေး	ကလေး	ကလေး
၄၁	မောင်သင့်မြတ်ဇော်ဝင်း	အထက-မင်းယား	ဖောင်းပြင်	ခန္တီး
၄၂	မောင်ရှိုင်းထက်လှိုင်	အထက-သောင်သွပ်	ဟုမ္မလင်း	ခန္တီး
၄၃	မဇူဇူဇင်ညို	အထက(၁)ဟုမ္မလင်း	ဟုမ္မလင်း	ခန္တီး
၄၄	နန်းပိုးအိရွှေစင်	အထက-သရောင်း	ဖောင်းပြင်	ခန္တီး
၄၅	မောင်အောင်မြတ်စိုး	အထက-လောင်းလုံး	လောင်းလုံး	ထားဝယ်
၄၆	မချောဆက်ဆက်	အထက(၁)ထားဝယ်	ထားဝယ်	ထားဝယ်
၄၇	မောင်ကောင်းဆက်ဟိဏ်း	အထက(၂)မြိတ်	မြိတ်	မြိတ်
၄၈	မောင်ကောင်းဆက်	အထက-ရှပ်ပို	ပုလော	မြိတ်
၄၉	မမြတ်နိုးအိမ်	အထက(၃)မြိတ်	မြိတ်	မြိတ်
၅၀	မဆောင်းနှင်းဝေ	အထက-ပုလော	ပုလော	မြိတ်
၅၁	မောင်ဟန်လင်းဇော်	အထက(၃)ပဲခူး	ပဲခူး	ပဲခူး
၅၂	မောင်ဝိုင်းထက်အာကာဦး	အထက(၂)ညောင်လေးပင်	ညောင်လေးပင်	ပဲခူး
၅၃	မကေသရီဝင်းလွင်	အထက(၃)ပဲခူး	ပဲခူး	ပဲခူး
၅၄	မသွန်းစုစံ	အထက-ရွှေကျင်	ရွှေကျင်	ပဲခူး
၅၅	မောင်သာထက်စံ	အထက(၇)တောင်ငူ	တောင်ငူ	တောင်ငူ
၅၆	မောင်မင်းသစ်ထွန်း	အထက-ရေတာရှည်	ရေတာရှည်	တောင်ငူ
၅၇	မနှင်းအိန္ဒြာဝေ	ငြိမ်းချမ်းရေး(ကပက)	တောင်ငူ	တောင်ငူ
၅၈	မချောစုစုလင်း	အထက(၁)ဖြူး	ဖြူး	တောင်ငူ
၅၉	မောင်ကောင်းခန့်စည်	အထက(၁)ပြည်	ပြည်	ပြည်
၆၀	မောင်ကျော်ကျော်ဌေး	အထက-မြို့မ၊ ပေါင်းတည်	ပေါင်းတည်	ပြည်
၆၁	မမြတ်ရည်သာ	အထက(၁)ပြည်	ပြည်	ပြည်
၆၂	မမြတ်ဆုခင်	အထက(ခွဲ)မင်းကွက်	ပေါင်းတည်	ပြည်
၆၃	မောင်မင်းအောင်ကျော်	အထက-မိုးညို	မိုးညို	သာယာဝတီ
၆၄	မောင်ကောင်းမြတ်ဇော်	အထက-အုတ်ဖို	အုတ်ဖို	သာယာဝတီ
၆၅	မအေးချမ်းသဇင်	အထက-အုတ်ဖို	အုတ်ဖို	သာယာဝတီ
၆၆	မရွှေရည်ယမင်း	အထက(၃)လက်ပံတန်း	လက်ပံတန်း	သာယာဝတီ
၆၇	မောင်ရဲထွဋ်ကျော်	MEC (ကပက)	မကွေး	မကွေး
၆၈	မောင်ဟိန်းသန့်ဦး	အထက(၃)ချောက်	ချောက်	မကွေး
၆၉	မအေးငြိမ်းစံ	ဒီဝေလျှံ(ကပက)	မကွေး	မကွေး
၇၀	မရွှေစင်သီဟန်	အထက(၁)ရေနံချောင်း	ရေနံချောင်း	မကွေး
၇၁	မောင်မင်းမော်ဦး	အထက-ပွင့်ဖြူ	ပွင့်ဖြူ	မင်းဘူး
၇၂	မတိုးနန္ဒာအောင်	အထက-ပွင့်ဖြူ	ပွင့်ဖြူ	မင်းဘူး
၇၃	မောင်ကျော်ခိုင်စိုး	အထက(၁)မြိုင်	မြိုင်	ပခုက္ကူ
၇၄	မနန္ဒာခိုင်	အထက(၅)ပခုက္ကူ	ပခုက္ကူ	ပခုက္ကူ
၇၅	မောင်အောင်ကိုကို	အထက(၃)သရက်	သရက်	သရက်
၇၆	မောင်သုတအောင်	အထက-ရွာထောင်	အောင်လံ	သရက်
၇၇	မရွှေရည်ဖူးပွင့်အောင်	အထက-ဆင်ပေါင်ဝဲ	ဆင်ပေါင်ဝဲ	သရက်
၇၈	မထက်ဝေဝေဦး	အထက-မင်းလှ	မင်းလှ	သရက်
၇၉	မောင်ဟိန်းဇင်အောင်	အထက-ရှုံးရှီ ဂန့်ဂေါ	ဂန့်ဂေါ	ဂန့်ဂေါ
၈၀	မဆုလတ်ဝေ	အထက-ဆော	ဆော	ဂန့်ဂေါ
၈၁	မောင်နိုင်မင်းထက်	စံဟိန်း(ကပက)	မဟာအောင်မြေ	မန္တလေး
၈၂	မောင်ထွန်းမြတ်အောင်	CAE (ကပက)	ချမ်းအေးသာစံ	မန္တလေး
၈၃	မမြတ်ဖြိုးသဉ္ဇာ	အထက(၄)	အောင်မြေသာစံ	မန္တလေး
၈၄	မခင်လဝန်းပီတိ	စံဟိန်း(ကပက)	မဟာအောင်မြေ	မန္တလေး
၈၅	မောင်စစ်ပိုင်ဦး	အထက(၁)	မိုးကုတ်	ပြင်ဦးလွင်
၈၆	မအိမ့်သက်မှူးသွင်	စာပန်းအိမ်(ကပက)	ပြင်ဦးလွင်	ပြင်ဦးလွင်
၈၇	မောင်ကောင်းထက်အောင်	ရွှေပညာသစ်(ကပက)	စဉ့်ကိုင်	ကျောက်ဆည်
၈၈	မအေးဖြူဖြူကျော်	အထက(၁)	ကျောက်ဆည်	ကျောက်ဆည်
၈၉	မောင်ဇေယျာလင်း	အထက(၁)	မြင်းခြံ	မြင်းခြံ
၉၀	မအေးမြတ်မြတ်ငြိမ်း	အထက(၁)	မြင်းခြံ	မြင်းခြံ
၉၁	မောင်သီဟမောင်	အထက(၁)	ကျောက်ပန်းတောင်း	ညောင်ဦး
၉၂	မဖြူသန့်ချို	အထက-ညောင်ဦး	ညောင်ဦး	ညောင်ဦး
၉၃	မောင်အောင်ကိုကို	အထက(၁)	သာစည်	မိတ္ထီလာ
၉၄	မဂျက်စမင်ဆွေ	အထက(၁)	မိတ္ထီလာ	မိတ္ထီလာ
၉၅	မောင်စစ်နိုင်ထွန်း	အထက(၁)	ပျော်ဘွယ်	ရမည်းသင်း
၉၆	မသက်ထားစံ	အထက(၂)ပန်းစုံ	ပျော်ဘွယ်	ရမည်းသင်း
၉၇	မောင်မင်းမြတ်သူ	အထက(၆)မော်လမြိုင်	မော်လမြိုင်	မော်လမြိုင်
၉၈	မောင်ခန့်ဇော်နိုင်	အထက(၁)ရေး	ရေး	မော်လမြိုင်
၉၉	မနှင်းသုန်သုန်	အထက(၁)သံဖြူဇရပ်	သံဖြူဇရပ်	မော်လမြိုင်
၁၀၀	မလှယဉ်ကျေး	အထက(၉)မော်လမြိုင်	မော်လမြိုင်	မော်လမြိုင်
၁၀၁	မောင်အုပ်စိုးသူ	အထက-ဇင်းကျိုက်	ပေါင်	သထုံ
၁၀၂	မပြည့်ပြည့်သော်	အထက(၁)ကျိုက်ထို	ကျိုက်ထို	သထုံ
၁၀၃	မောင်ခိုင်စိုးလင်း	အထက(၂)စစ်တွေ	စစ်တွေ	စစ်တွေ
၁၀၄	မခိုင်ဝေဝေကျော်	အထက(၂)စစ်တွေ	စစ်တွေ	စစ်တွေ
၁၀၅	မောင်ညီကောင်းထက်	အထက-မြေပုံ	မြေပုံ	မြောက်ဦး
၁၀၆	မခိုင်နန္ဒာလင်း	အထက-မြေပုံ	မြေပုံ	မြောက်ဦး
၁၀၇	မောင်ကျော်ဇော်သိန်း	အထက-မောင်တော	မောင်တော	မောင်တော
၁၀၈	မဖြိုးဝေခင်	ထ(ခွဲ)၊လ(၀)မောင်တော	မောင်တော	မောင်တော
၁၀၉	မဆုမွန်ကျော်	အထက(၂)အမ်း	အမ်း	ကျောက်ဖြူ
၁၁၀	မောင်ဖြိုးဖြိုးအောင်	ထ(ခွဲ)၊ လ(၂)ကျောက်ဖြူ	ကျောက်ဖြူ	ကျောက်ဖြူ

(ဆက်လက်ဖော်ပြပါမည်)

ညောင်တုန်းမြို့၌ မြစ်ကမ်းပြိုကျမှု ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှိန်သတ် သုံးချောင်းထောက်ကျောက်တုံးများကို မြန်မာနိုင်ငံတွင် ပထမဆုံး စတင်အသုံးပြု

ညောင်တုန်း မတ် ၁၄

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံတွင် တည်ရှိသော ညောင်တုန်းမြို့၌ မြစ်ရေစီးကြမ်းခြင်း၊ ရေနက်အိုးများ ရှိနေခြင်းတို့ကြောင့် မြစ်ကမ်းပြိုကျနိုင်မှုကို နှစ်စဉ် စိုးရိမ်ပူပန်နေရ၍ မြစ်ကမ်းတစ်လျှောက် ရေစီးအားအရှိန် လျှော့နည်းသွားစေရန်နှင့် ရေနက်အိုးများ ပပျောက်သွားစေရန်အတွက် ရေရှိန်သတ် သုံးချောင်းထောက်ကျောက်တုံး(Tetra Pot)များကို ရေနက်အိုးများအတွင်းသို့ စနစ်တကျချလျက်ရှိကြောင်း သိရသည်။

ကိုရီးယား၊ ဂျပန်စသော နိုင်ငံများရှိ ပင်လယ်ကမ်းခြေ ရေစီးကြမ်းသော နေရာများ၊ ရေနက်အိုးနေရာများတွင် မြစ်ကမ်းပြိုကျမှု သက်သာစေရေးနှင့် ရေစီးအားအရှိန် လျှော့နည်းသက်သာစေရေး၊ သဲနုန်းပို့ချစေရေးတို့အတွက် အသုံးပြုသော ရေရှိန်သတ် သုံးချောင်းထောက်ကျောက်တုံး(Tetra Pot) နည်းပညာအတိုင်း ဆည်မြောင်းဦးစီးဌာနကလည်း ညောင်တုန်းမြို့ မြစ်ကမ်းပါးပြိုမှုကို ထိထိရောက်ရောက်ကာကွယ်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကာ မြန်မာနိုင်ငံတွင် အဆိုပါနည်းပညာကို အသုံးပြုခြင်းမှာ ပထမဆုံး စတင်အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

မြစ်ကမ်းတစ်လျှောက် ရေစီးအားအရှိန် လျှော့နည်းစေရန်နှင့် ရေနက်အိုးများ ပပျောက်သွားစေရန်အတွက် နှစ်မီတာရှိသော သဲအိတ်(G.B Bag)များ ချထားခဲ့သည့်အပြင် ရေရှိန်သတ် သုံးချောင်းထောက်ကျောက်တုံးများကိုပါ ချထားခြင်းဖြစ်ကြောင်း သိရသည်။ ကျောက်တုံးများချထားရာတွင် ရေနက်အိုးများအတွင်းသို့ စနစ်တကျ နေရာချ၍ ချထားလျက်ရှိပြီး စုစုပေါင်း ကျောက်တုံးနှစ်ထောင်ကျော် ချသွားမည်ဖြစ်ကြောင်းနှင့် မတ် ၁၁ ရက်အထိ ကျောက်တုံး ၅၀၉ တုံးကို ချထားပြီးဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်း ရေကာတာမြှင့်တင်မှုများ ဆောင်ရွက်စဉ် မြစ်ကမ်းပါး တွဲအက်နိမ့်ကျပျက်စီးခဲ့သဖြင့် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)က ညောင်တုန်းမြို့ မြစ်ကမ်းပါးပြိုကျမှုမှ ကာကွယ်ရန်နှင့် ရေနက်အိုးများမှ ရေစီးကြောင်းဆွဲအားကြောင့် ကမ်းပြိုကမ်းလျှောခြင်းများ မဖြစ်စေရန်အတွက် ရေကာတာကိုလည်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

စိတ်ချရသော ရေကာတာဖြစ်စေရန် ဘိုးပိုင်များတူးကာ ပေ ၈၀ အနက်အထိ သံကူကွန်ကရစ်လောင်း၍ အခိုင်အမာ တည်ဆောက်လျက်ရှိကြောင်း၊ စုစုပေါင်း ဘိုးပိုင် ၁၂၅ လုံးအထိရိုက်ကာ တည်ဆောက်မည်ဖြစ်ပြီး မတ် ၁၁ ရက်အထိ အချင်း ၃ ပေ၊ အနက် ပေ ၈၀ ရှိ ဘိုးပိုင် လေးလုံး၊ အချင်း ၂ ပေ၊ အနက် ပေ ၈၀ ရှိ ဘိုးပိုင် ၇၇ လုံး စုစုပေါင်း ၈၁ လုံးကို အခိုင်အမာ သံကူကွန်ကရစ်လောင်း၍ တည်ဆောက်ထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေကာတာတည်ဆောက်မှုအပြင် ကမ်းပြိုကျမှုကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စေရန် ရေရှိန်သတ် သုံးချောင်းထောက်ကျောက်တုံးများ ချထားခြင်းဖြစ်ကြောင်း သိရသည်။

နေလင်း(ညောင်တုန်း)

ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်လိုင်စင်များသက်တမ်းတိုး ကွင်းဆင်းဆောင်ရွက်ပေး

ရေး မတ် ၁၄

မွန်ပြည်နယ် ရေးမြို့ရှိ ဒေသခံပြည်သူများ၏ ယာဉ်အမျိုးမျိုးအတွက် လိုင်စင်သက်တမ်းတိုးနှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းများကို ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ရေးမြို့ ရန်ကြီးအောင်ရပ်ကွက် ဘုရင့်နောင်လမ်းရှိ မြို့နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီရုံး၌ မတ် ၁၂ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမင်းစိန်နှင့် အဖွဲ့ဝင် ၁၈ ဦးပါဝင်သည့် အဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးသူ ၅၁ ဦးနှင့် မော်တော်ယာဉ် ခြောက်စီး၊ ထော်လာဂျီ ကိုးစီး၊ ဆိုင်ကယ် ၁၇၆ စီး၊ သုံးဘီးဆိုင်ကယ် လေးစီး စုစုပေါင်း ယာဉ် ၁၉၅ စီးအတွက် လိုင်စင်များ သက်တမ်းတိုးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လိုင်စင်သက်တမ်းတိုး ကွင်းဆင်းဆောင်ရွက်ခြင်းကြောင့် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဘဏ္ဍာငွေ ကျပ် ၂၂ သိန်းကျော်နှင့် မွန်ပြည်နယ် ပို့ဆောင်ရေးစီမံကိန်း ညွှန်ကြားမှုဦးစီးဌာနက ဘဏ္ဍာငွေ ကျပ် ၁၀ သိန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

တင်ထွဋ်(မော်လမြိုင်)

ဝန်းချီကြည်သိန်း
ဝန်းချီအခြေခံနှင့် ရိုးရာပန်းချီရေးဆွဲနည်း
ဝန်းချီကြည်သိန်းရဲ့ ပန်းချီအခြေခံနှင့် ရိုးရာပန်းချီရေးဆွဲနည်း အဖြင့် ကလေးတို့အတွက် ပန်းချီလွယ်လွယ် ရေးဆွဲနည်း ပါဝင်သည့်စာအုပ်ကို ဒုတိယအကြိမ်အဖြစ် နဂါးပင်းစာပေမှ ထုတ်ဝေပြီး ပျိုးသက်သစ်စာပေ (၀၉-၄၂၀၀၈၃၆၈၈၊ ၀၉-၄၂၀၂၂၂၉၆၂)မှ ဖြန့်ချိပေးပြီး မြန်မာပြည်တစ်နိုင်ငံလုံးရှိ စာအုပ်အရောင်းဆိုင်များ၌ ဝယ်ယူရရှိနိုင်ပါကြောင်း ဝန်းချီဝါသနာရှင်များကို အကြောင်းကြားအပ်ပါသည်။

လူပျောက်ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ရှ)ရပ်ကွက်၊ ပပ-၅၊ တမာလမ်း၊ အိမ်အမှတ် ၅၈နေ ဦးစန်းဝေ-ဒေါ်ကြည်ကြည်ဝင်းတို့၏သမီး မခင်ပြည့်လှိုင် ၉/ပကခ(နိုင်)၀၂၂၃၀၆သည် ၄-၃-၂၀၁၆ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် သွေးဆောင်ဖြားယောင်းလက်ခံထားသူအား တရားဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း။

ဦးစန်းဝေ-ဒေါ်ကြည်ကြည်ဝင်း
ဖုန်း-၀၉-၂၀၀၃၃၉၅၊ ၀၂-၅၁၅၄၈၅၃

iStock® ကုန်ပစ္စည်းထိန်းကွပ်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Contact Us ...
YGN 09-252424002, 09-254151516, 09-43029798
MDY 09-440067577, 09-978030881
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

FAME HerbalSleep®
Herbal sedative
သဘာဝအိပ်ဆေး
TMR 011160 (1117)
၂/၂၀၁၅ တဆကထလ/တိုင်(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME HerbalFresh®
Mental refreshment
စိတ်မြှင့်ဆေး
TMR 011255 (1117)
၂/၂၀၁၅ တဆကထလ/တိုင်(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ပွဲရုံဆိုင်ခန်းအမှတ် (ပ-၁၇၁)ဆိုင်ခန်းအား နေပြည်တော် ပျဉ်းမနားမြို့၊ ဥယျာဉ်စုရပ်ကွက်၊ ရဲ-မင်းလမ်း၊ အမှတ် (၁/၃၂၆)နေ ဦးမြဟန် ၉/ပမန(နိုင်)၀၅၈၆၆၉က အမည်ပေါက်ပိုင်ဆိုင်၍ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ စံပါယ်လမ်း၊ ဘိုးလိမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ အမှတ်(၃၁)နေ ဦးသန်းနိုင်ထွန်း၁၂/စခန(နိုင်)၀၂၁၄၅၄က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် အခွန်ဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အခွန်ဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)အရှေ့၊ မြေကွက်အမှတ် ၄၄၅/က၊ မြေကွက်တည်နေရာအမှတ် ၄၄၅/က၊ အောင်သပြေအနောက် (၅)လမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် (ဦးလှမြင့် MHA-043471) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးလှမြင့် (ဖခင်)ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ် (၄၆၆၂/၂၀၁၅)ဖြင့် သားဖြစ်သူ ဦးသန်းဦးဆွေ ၁၂/သကတ(နိုင်)၀၇၉၉၉၈မှ ပိုင်ဆိုင်ခဲ့ပြီး (ဂရန်)မူရင်း ပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ် (သကတ/၇(အရှေ့)၁၁၃၆/၉၂) (၂၅-၃-၉၂)ဦးလှမြင့်အမည်ပေါက် နှစ်၆၀ ဂရန် မြေငှားစာချုပ်ဂရန်/မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ (၁၀အိပ်ခ်၊ ၁)၊ မြေကွက်အမှတ် (II-၁၇)၊ မြေကွက်တည်နေရာအမှတ် ၁၇၀၊ ၁၇၂၊ ၄၇လမ်း၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင် မြို့နယ်၊ ဦးတင်အုန်း AD-၀၀၂၄၅၈၊ ဒေါ်ပိုးတီ D/RGN-၀၀၁၀၀၂၊ ဦးအောင်မြင့် D/RGN-၀၀၇၀၉၅ အမည်ပေါက်မြေအား အမည်ပေါက် ဦးတင်အုန်း(ဖခင်)နှင့် ဒေါ်ပိုးတီ(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးအောင်မြင့် (အမည်ပေါက်)နှင့် ဒေါ်မြင့်မြင့်ရီ ၁၂/ဗတထ(နိုင်)၀၂၈၈၅၇တို့မှ ပိုင်ဆိုင်ပြီး ဒေါ်မြင့်မြင့်ရီ ထံမှ GP အမှတ်(၁၁၂၄၇/၂၀၁၅)(၂၇-၁၀-၂၀၁၅)ရသူ ဒေါ်သီတာမြင့်၁၂/ဗတထ(နိုင်)၀၃၂၄၂၆နှင့် ကျန်အမည်ပေါက် ဦးအောင်မြင့်တို့မှ သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် လျှောက်ထားလာရာ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

MAB MOBILE BANK
လုံခြုံ စိတ်ချစွာ ငွေပို့၊ ငွေထုတ်ယူနိုင်တဲ့
MAB မိုဘိုင်းဘဏ် ပဲသုံးတယ်လေ။
MAB မိုဘိုင်းဘဏ်သည် အခြားနေ့စဉ် ငွေကြေးဆောင်ရွက်မှုများကိုလည်း
လုံခြုံစိတ်ချစွာဆောင်ရွက်ပေးနေပါပြီ။
လက်မှတ်ဝယ်ယူခြင်း
ကြိုတင်ငွေဖြည့်ခြင်း
အောတီအမ်သို့
မြန်မာ့ရှေ့ဆောင်ဘဏ် ® အသေးစိတ် အချက်အလက်များကို Call Centre နံပါတ် ၀၁ ၈၆၁၀၆၁၂ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။
MAB
MOBILE BANK
မိုဘိုင်းဖုန်းထဲက ကျွန်ုပ်ဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း
Singapore-Myanmar Vocational Training Institute (SMVTI)
သင်တန်းသားသစ်များခေါ်ယူခြင်း

(၁) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်(၁၆)နှစ်နှင့်အထက် ရှိသော ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်သည်။
(၂) သင်တန်းကာလ (၆)လ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု အောင်လက်မှတ် (Certificate) ရရှိပါမည်။
(၃) ခေတ်မီ Lab ပစ္စည်းများ အသုံးပြု၍ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးပါမည်/Engineering နှင့် Hospitality and Tourism ဘာသာရပ်များအတွက် လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသားများ မွေးထုတ်ပေးရန်ရည်ရွယ်ပါသည်။
(၄) လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံစာ၊ အမှတ်စာရင်းမူရင်းနှင့် မိတ္တူ၊ ကျောင်းသားနှင့် မိဘများ၏ မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာတို့နှင့်တကွ ပူးတွဲလျှောက်ထားရမည်ဖြစ်ပါသည်။
(၅) ပဏာမရွေးချယ်ခံရသူများသည် Interview ဖြေဆိုရန်လိုအပ်ပါသည်။

ဖွင့်လှစ်မည့်သင်တန်းများ

Courses for Hospitality & Tourism

1. Front Office Operations
2. Housekeeping Operations
3. Restaurant Operations
4. Retail Operations

Courses for Engineering

1. Electrical Technology (Electrical Appliances and Special Installations)
2. Residential Air-Conditioning
3. Building Fixtures and Equipment
4. General Welding
5. Mechatronics (Basic Servicing)

သင်တန်းဖွင့်လှစ်မည့်ရက်

Hospitality and Tourism

မေလ ၉ ရက်၊ ၂၀၁၆ခုနှစ်

Engineering

မေလ ၉ ရက်၊ ၂၀၁၆ခုနှစ်

သင်တန်းနေရာ

SMVTI အမှတ် (၁၂၃)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်စုံစမ်းရန် ဖုန်း-၀၉-၇၈၁၀၀၂၅၇၁ (Engineering)
ဖုန်း-၀၉-၇၈၁၀၀၂၅၇၂ (General Office)
ဖုန်း-၀၉-၇၈၁၀၀၂၅၇၃ (Hospitality and Tourism)

လျှောက်လွှာများကို ၁၄-၃-၂၀၁၆ရက်မှ ၂၅-၃-၂၀၁၆ရက်အထိ နံနက် ၉နာရီမှ ညနေ ၄း၀၀နာရီအထိ ရယူလျှောက်ထားနိုင်ပြီး နောက်ဆုံးတင်ရမည့်ရက်မှာ ၃၁-၃-၂၀၁၆ရက် ဖြစ်ပါသည်။
မှတ်ချက်။ ။ အစိုးရရုံးပိတ်ရက်များဖြစ်သော ၂၀ရက်နှင့် ၂၃ရက်များတွင် ပိတ်မည်ဖြစ်ပါသည်။

ရွှေမြေကမ္ဘာ (သို့) စိမ်းကမ္ဘာ
သဘာဝမြေသြဇာ

စိမ်းကမ္ဘာ EM အော်ဂဲနစ်မြေသြဇာသည် မြေဆီလွှာနှင့် အပင်တို့အတွက် လိုအပ်သော အာဟာရဓာတ်များ ရရှိနိုင်သောပြည်တွင်းဖြစ် အရည်အသွေးပြည့် သဘာဝကုန်ကြမ်းများအား အပင်အကျိုးပြုဇီဝဗက်တီးရီးယားပိုးမွှားငယ်များဖြင့် ပေါင်းစပ်ကာ မလေးရှားနည်းပညာဖြင့် ထုတ်လုပ်ထားသော အော်ဂဲနစ်စစ်စစ် မြေသြဇာ ဖြစ်ပါသည်။ စိုက်ပျိုးထားသောသီးနှံများ သဘာဝအတိုင်း ကြီးထွားလာစေခြင်း၊ ထွက်ရှိလာသော သီးနှံများမှာဓာတုဆေးဝါးများ သုံးစွဲထားခြင်းမရှိခြင်းကြောင့် စားသုံးရာတွင် ဘေးဥပဒ်မဖြစ်စေနိုင်ခြင်း၊ အချိန်ပိုမိုအထားခံ၍ သဘာဝအနံ့အရသာအတိုင်း စားသုံးနိုင်ခြင်း၊ ရေရှည်သုံးစွဲခြင်းဖြင့် လယ်ယာမြေများတွင် ပုလဲဓာတ်မြေသြဇာများ ကာလကြာရှည်သုံးစွဲခြင်းကြောင့် မြေဆီလွှာခန်းခြောက်ခြင်း၊ မြေကျပ်ခြင်း၊ မြေအချဉ်ပေါက်ခြင်းများကို EM အော်ဂဲနစ်တွင်ပါဝင်သော အာဟာရဓာတ်များနှင့် အကျိုးပြုဇီဝဗက်တီးရီးယားများကြောင့် မြေဆီလွှာများ ပြန်လည်ကောင်းမွန်လာ၍ မြေများမူလကာ သဘာဝအတိုင်းပြန်လည်ကောင်းမွန်လာခြင်း အပင်၏ ရေသောက်မြစ်အားအထူးအကျိုးပြုသဖြင့် အပင်ထွားကျိုင်းမှု၊ အသီးကြီးထွားမှု အပင်၏သက်တမ်းကို မြှင့်တင်ပေးမှု၊ မြေဆီလွှာထိန်းသိမ်းမှုစသော ကောင်းကျိုးများရရှိခြင်း၊ စပါး၊ ဂျုံ၊ ပြောင်း ဟင်းသီးဟင်းရွက်များတွင် တစ်ကြိမ်သုံးစွဲရုံဖြင့်အပင်၏အသီးတစ်ရာသီလုံး လိုအပ်သောအာဟာရဓာတ်များရရှိနိုင်ခြင်း၊ မည်သည့်သီးနှံ မြေယာမဆို အချိန်အခါမရွေး၊ နေရာမရွေး သုံးစွဲနိုင်ခြင်းစသည့် ကောင်းကျိုးများ ရရှိနိုင်ပါသည်။

ဖုန်း-၀၉-၄၀၂၇၆၅၂၃၉၊ ၇၇၇၅၈၀၆၁၉၊ ၇၈၆၀၁၉၂၈၂၊ ၉၆၀၀၁၉၉၉
အမှတ် ၁၃၄-၁၂ ညီကွဲ-စသုံးလုံးလမ်း၊ ပြင်ဦးလွင်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့ ဘောဂသိဒ္ဓိ အဝေးပြေးယာဉ်ရပ်နားစခန်း၊ ပွဲရုံဆိုင်ခန်းအမှတ်(ပ-၁၈၆)အား နေပြည်တော်၊ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၄ဝါလမ်း၊ အမှတ် ၆၀၃နေ ဦးထူးအောင်ဘို၁၂/မကဒ(နိုင်)၁၁၀၃၉၃က အမည်ပေါက်ပိုင်ဆိုင်၍ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ အမှတ် FG(02)နေ ဒေါ်ညိုညိုဝင်း ၁၂/ဆကခ(နိုင်)၀၀၀၉၁၀က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် အခွန်ဦးစီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အခွန်ဦးစီးဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေ(Kyats)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	တင်ဒါပုံစံရောင်းချမည့်နေ့	တင်ဒါပိတ်ရက်/အချိန်
က	3-31(T)/MESC/2015-2016	အိမ်သုံး/လုပ်ငန်းသုံး/စီတီမီတာများအတွက် ဆက်စပ်ပစ္စည်းများ	၁၁-၃-၂၀၁၆	၂၄-၃-၂၀၁၆ ၁၃း၀၀နာရီ
ခ	3-32(T)/MESC/2015-2016	မီတာဆီးလ်များ	၁၁-၃-၂၀၁၆	၁၇-၃-၂၀၁၆ ၁၃း၀၀နာရီ
ဂ	3-33(T)/MESC/2015-2016	လက်ကိုင်ယူနစ်ဖတ်စက်များ (HHU)	၁၁-၃-၂၀၁၆	၁၇-၃-၂၀၁၆ ၁၃း၀၀နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
၇၇လမ်း၊ ၂၆-၂၇ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၇၃၈၀၁

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာနတွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းအကြောင်းအရာ	အရေအတွက်
(က)	ဆဒ္ဒန်ရေယာဉ်၏ ကိုယ်ထည်ပိုင်းဆိုင်ရာပြုပြင်မြင်းလုပ်ငန်း	1 Lot
(ခ)	ဆဒ္ဒန်ရေယာဉ်၏ အင်ဂျင်ပိုင်းဆိုင်ရာပြုပြင်ခြင်းလုပ်ငန်း	1 Lot
(ဂ)	ဆဒ္ဒန်ရေယာဉ်၏ လျှပ်စစ်ပိုင်းဆိုင်ရာပြုပြင်ခြင်းလုပ်ငန်း	1 Lot

တင်ဒါပိတ်ရက်နှင့်အချိန် - ၂၉-၃-၂၀၁၆ ရက် ၁၂း၃၀ နာရီ

၂။ တင်ဒါပုံစံများကို ၁၅-၃-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို စီမံရေးနှင့် လုပ်ငန်းဌာနခွဲ ဖုန်း-၀၁-၈၆၁၀၂၂၅သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

စီမံရေးနှင့် လုပ်ငန်းဌာနခွဲ
သိမ်ဖြူသဘောကျင်းဝင်း
အမှတ် ၅၅၇/၅၅၉၊ ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့

ဂျူလီယာ (JULIA)
ပညာဒါန စက်ချုပ်သင်တန်း အမှတ်စဉ် (၁၆)
သင်တန်းသားများ ခေါ်ယူခြင်း
(အမျိုးသမီးသီးသန့်)

အမျိုးသမီးတိုင်း လက်မှုပညာတတ်မြောက်စေရန် လက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန် မြန်မာအမျိုးသမီးများ၏ လူနေမှုဘဝအခွင့်အတန်း တိုးတက်မြင့်မားလာစေရန်ဟူသော ရည်ရွယ်ချက်သုံးရပ်ကို အခြေခံ၍ စက်ချုပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စက်ချုပ်ပညာအခြေခံ၍ ဒီဇိုင်နာဖြစ်လိုသူများ၊ မိမိစိတ်ကြိုက် ဒီဇိုင်းထွင်၍ အင်္ကျီအလှဆင်လိုသူများအတွက် စက်ချုပ်ပညာကို အခြေခံစက်နင်းမှအစပြု၍ ထမီ၊ ချိတ်ထမီ၊ ဘောင်းဘီနှင့် စကတ်ဒီဇိုင်းအမျိုးမျိုး၊ အင်္ကျီဒီဇိုင်းအမျိုးမျိုး၊ ရုပ်အင်္ကျီ၊ ကုတ်အင်္ကျီနှင့် ဂါဝန်အပါအဝင် စုစုပေါင်း အမျိုး ၂၀ကျော်ကို အချိန်တိုတိုအတွင်း ဆိုင်ဖွင့်စားနိုင်သည်အထိ အာမခံဖြင့် ဆရာမကိုယ်တိုင်ကြီးကြပ်၍ သင်ကြားပို့ချလျက်ရှိပါသည်။ စက်ချုပ်ပညာကို စိတ်ဝင်စားသူ မည်သူမဆို လူမျိုးဘာသာမရွေး တက်ရောက်နိုင်ပါသည်။

တန်းခွဲများ

တန်းခွဲ (A) - တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ - နံနက် ၁၀း၀၀နာရီမှ ၁၂း၀၀နာရီ
တန်းခွဲ (B) - တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ - မွန်းလွဲ ၁း၀၀နာရီမှ ၃း၀၀နာရီ
တန်းခွဲ (C) - တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ - ညနေ ၄း၀၀နာရီမှ ၆း၀၀နာရီ
တစ်ပတ် (၃)ရက် (၂)လပြတ်
တန်းခွဲ (D) - အင်္ဂါ၊ ကြာသပတေး - ညနေ ၄း၀၀နာရီမှ ၆း၀၀နာရီ
တန်းခွဲ (E) - စနေ၊ တနင်္ဂနွေ - နံနက် ၇း၀၀နာရီမှ ၉း၀၀နာရီ
တန်းခွဲ (F) - စနေ၊ တနင်္ဂနွေ - နံနက် ၁၀း၀၀နာရီမှ ၁၂း၀၀နာရီ
တန်းခွဲ (G) - စနေ၊ တနင်္ဂနွေ - မွန်းလွဲ ၁း၀၀နာရီမှ ၃း၀၀နာရီ
တန်းခွဲ (H) - စနေ၊ တနင်္ဂနွေ - ညနေ ၄း၀၀နာရီမှ ၆း၀၀နာရီ
တစ်ပတ် (၂)ရက် (၃)လပြတ်

၁-၄-၂၀၁၆ရက်တွင် စတင်ဖွင့်လှစ်မည်။
လူဦးရေ ကန့်သတ်ထားပါသည်။

လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံ (၃)ပုံနှင့် အလှူငွေငါးသောင်းကျပ်ထည့်ဝင်လှူဒါန်း၍ အောက်ပါလိပ်စာအတိုင်း ၃၁-၃-၂၀၁၆ရက်နောက်ဆုံးထား၍ နံနက် ၈း၀၀နာရီမှ ည ၈း၀၀နာရီထိ ပိတ်ရက်မရှိ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ -**အမှတ် (၁၄၄)၊ ပထမထပ်(ဝဲ)**
(၃၇)လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့ (ပန်းဆိုးတန်းလမ်းမှတ်တိုင်တွင်ဆင်းပါ။)
ဖုန်း-၀၉-၅၀၅၈၇၆၇

သင်တန်းခွဲ၊ နေရာခွဲများ လုံးဝမရှိပါ။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၃လမ်း၊ အမှတ်-၁၆၂/၁၆၄၊ အခန်းအမှတ်-၅/B၊ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိ သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်၍ တရားဝင် ရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံသူ ဒေါ်မြတ်မြတ်သိမ်း(၁၀/မလမ(နိုင်)၀၀၃၇၅၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြေညာသည့်နေ့ မှစ၍(၇)ရက် အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ- ဦးခင်တင့် (ခ) ဦးခင်ထွန်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၅၀)
အမှတ်-၁၆၉/၁၇၀ ၊ ပထမထပ်(ယာ) ၃၄လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၀၃၉၃၀၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်ဦးပိုင်အမှတ် ဒ-၃၀၆၅၁၊ ဧရိယာ ၀ဒသမ၀၄၆ ဧကရှိ ပါမစ်မြေကွက်အား ဒေါ်နေနွယ်ဝင်းမော် (ဘ)ဦးဝင်းမော် ၇/ပခန(နိုင်)၁၈၀၀၃၇မှ ပိုင်ဆိုင်မှုအထောက်အထားတင်ပြ၍ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်ပျောက်ဆုံးသဖြင့် မိတ္တူမှန် လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံး လုပ်နည်းနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး ကန့်ကွက်မှုမရှိပါက ဒေါ်နေနွယ်ဝင်းမော် အမည်ပေါက် မြေကွက်နေရာ (ယာယီ)ချထားပေးသည့် လက်မှတ်မူရင်းအား ပယ်ဖျက်၍ မိတ္တူမှန် ထုတ်ပေးမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ၁၅ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်းရှိသာ ခန့်ထားရန်)

၁။ Chief Accountant	(2)	Post
၂။ Accountant	(3)	Post
၃။ Cashier	(2)	Post
၄။ Sales & Marketing	(2)	Post
၅။ Office Staff	(5)	Post
၆။ Site Manager	(2)	Post
၇။ ယာဉ်မောင်း(၁၀ဘီးကား/၁၂ဘီးကား)	(2)	Post
၈။ အခြေခံလုပ်သား	(10)	Post

အမှတ်စဉ်(၄)နှင့်(၆)အတွက် စက်သုံးဆီလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
အမှတ်စဉ်(၇)အတွက် လိုင်စင်အနီဖြစ်ရမည်။
လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင် အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်း ဘွဲ့လက်မှတ်မိတ္တူ၊ ယာဉ်မောင်းလိုင်စင်မိတ္တူတို့နှင့်အတူ အောက်ပါလိပ်စာတွင် လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

တိုက်(A)၊ အခန်း(007 B/C) မြေညီထပ်၊ နှင်းဆီလမ်း၊ ဆင်မလိုက်အဝေးပြေးအိမ်ရာ (အရှိုးဆေးရုံအနီး)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၉၇၀၆၀၈၆၄၄၊ ၀၁-၂၃၀၅၉၂၉
(နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်းသာ)နယ်မှလာသူများ နေထိုင်စရာ စီစဉ်ပေးပါမည်။

အမွေဆက်ခံရန်သက်သေခံလက်မှတ် ရစေမြင်းငှာလျှောက်ထား
ကြောင်းအကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာဥပဒေပုဒ်မ - ၃၇၃)
xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၆ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၂
(ကွယ်လွန်သူဦးအောင်လင်း၌ကျန်ရှိရစ်သောပစ္စည်းများအကြောင်း)

ဒေါ်သန်းသန်းစီ
အမှတ်-၆၀/အေ၊ သာယာဝတီလမ်း၊ ဆရာစံရပ်ကွက်
ဗဟန်းမြို့နယ်၊ ---------------- လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ သာယာဝတီလမ်း၊ အမှတ်(၆၀/အေ)နေ ဒေါ်သန်းသန်းစီက ကွယ်လွန်သူ ဦးအောင်လင်း၏ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာတွင်နေထိုင်ခဲ့သော ၎င်းကွယ်လွန်သူ ဦးအောင်လင်းမှာကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးသို့လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူဦးအောင်လင်းမှာ ကျန်ရှိသောပစ္စည်းများအပေါ်၌ရရန် ရှိသူဟုသမျှတို့သည်၊ ဤရုံးသို့ ၂၀၁၆ခုနှစ်မတ်လ၊၂၉ရက်နေ့နံနက်(၁၀)နာရီအချိန်တွင် လာရောက်ကြရမည်။၎င်းနေ့ရက်တွင်လျှောက်ထားသူဒေါ်သန်းသန်းစီ၏ လျှောက်ထားချက်ကို ကြားနာ၍လက်မှတ်စာရသင့်သည်မသင့်သည်အကြောင်းကိုစီရင်ဆုံးဖြတ်လိမ့်မည်။
၂၀၁၆ခုနှစ်၊မတ်လ၊၉ရက်နေ့ ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြူကြူဝင်း)
တွဲဖက်ခရိုင်တရားသူကြီး (၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မဟာအောင်မြေမြို့နယ်တရားမရုံးတော်၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၅ နှင့်ဆက်သွယ်သည့်
၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၄

ဦးစိုင်းသန်းလွင် နှင့် ဦးသန်းထွန်း(ခ)တွမ်ကျုံရှူး
တရားနိုင် တရားရှုံး

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်အမှတ်(၅၈၀)၊ ၃၁×၈၃လမ်းထောင့်၊ အိမ်အမှတ်(၁၂/ခ)နေ ဦးသန်းထွန်း(ခ)တွမ်ကျုံရှူး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးစိုင်းသန်းလွင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ ခုနှစ် မတ် ၂၅ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၆ခုနှစ် မတ် ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(နီလာအောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
မဟာအောင်မြေမြို့နယ်တရားရုံး

သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ မတ်လ၊ ၂၆-၂၇၊ (၆၀)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

မတ်လ (၂၆၊ ၂၇)ရက်များတွင် ၆၀-ကြိမ်မြောက် ဦးရေ (၇၅၅၀) ပြည့် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူလိုပါက ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူ ဓမ္မပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ဓမ္မပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း (ကျိုက္ကဆံစေတီလမ်း၊ တာမွေလေး၊ သလင်းအနီး) ဖုန်း၊- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေဝိုင်ကာမွေ့ဘဏ် အနွှင်းဖောဒ်ရီးလစ်ဘဏ် (Account No.0075010070169030l) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

"သီလပရိဓောတာ ပညာ၊ ပညာပရိဓောတံ သီလ"

မဟာဝိဟာရ ဓမ္မဝိနယ တက္ကသိုလ်

အကြိုဒီပလိုမာတန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

မဟာဝိဟာရ ဓမ္မဝိနယတက္ကသိုလ်သည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘိုးဒေါနကုန်းကျေးရွာအနီးတွင် တည်ရှိပါသည်။ ၎င်းတက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်သော မဟာဝိဟာရကျောင်းတိုက်သည် (၂၀၀၂)ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအချိန်တွင် ရဟန်းသာမဏေအပါး(၉၀၀)ကျော် သီတင်းသုံးလျက်ရှိကာ ဝိနည်းအဓိက ပရိယတ္တိကျောင်းတိုက်ဖြစ်ပါသည်။ မဟာဝိဟာရ ဓမ္မဝိနယတက္ကသိုလ်ကို "နေနည်းရှေးကျ၊ သင်နည်းခေတ်မီ" ဟူသော ရှေးမထေရ်မြတ်ကြီးတို့၏ဩဝါဒကို ဦးထိပ်ပန်ဆင်လျက် သီလ၊ သုတစွယ်စုံရသော ပညာရှင်ရဟန်းတော်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ဖွင့်လှစ်မည်ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ(၁၇)ရက် (၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း(၁၃)ရက်) တနင်္ဂနွေနေ့တွင် စတင်ဖွင့်လှစ်မည့်အကြိုဒီပလိုမာတန်းကို အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူ ရဟန်းတော်များလျှောက်ထားနိုင်ပါသည်။

ဓမ္မာစရိယဘွဲ့တစ်ခုခုရရှိထားသူ(အစိုးရ/အသင်း)၊ (သို့မဟုတ်) သာမဏေကျော်ဘွဲ့(ဘာသာနာလင်္ကာရဘွဲ့)တစ်ခုခုရရှိထားပြီး ဓမ္မာစရိယ စာဝါများကို ကျေညက်စွာသင်ယူပြီးသူ၊ (သို့မဟုတ်) ဓမ္မာစရိယစာဝါပို့ချသော ကျောင်းတိုက်ကြီးမှ တိုက်တွင်းဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ထားသူ၊ (သို့မဟုတ်) မဟာဝိဒူဘွဲ့တစ်ခုခုရရှိထားသူ ၊ အသက်(၃၀)၊ သိက္ခာ(၁၀)ဝါ အတွင်းရှိသူ ဖြစ်ရမည်။ ဝိနည်းတော်ကို အသက်သဖွယ်မြတ်နိုးလျက် ဝိနယ ဂရုက လဇ္ဇီ ပေသလ ဂုဏ်နှင့်ပြည့်စုံကာ သာသနာချစ်စိတ်ပြင်းထန်သူဖြစ်ရမည်။ ကိုယ်လက်အင်္ဂါချွတ်ယွင်းသူ ပရိသ ဒူသက ပုဂ္ဂိုလ်မျိုးမဖြစ်စေရ။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာအောင်လက်မှတ် (သို့မဟုတ်)အထောက်အထားမိတ္တူများကို ပူးတွဲတင်ပြရမည်။ အကြိုဒီပလိုမာသည် (၁၈)လကြာမြင့်မည်ဖြစ်ပြီး ဓမ္မဝိနယဆိုင်ရာ အင်္ဂလိပ်စာနှင့် အထွေထွေအင်္ဂလိပ်စာတို့ကို အခြေခံမှစ၍ 4 Skills ဖြင့် Special Training အထူးသင်ကြားပေးမည်ဖြစ်သောကြောင့် အင်္ဂလိပ်ဘာသာစကား အခြေခံလုံးဝမရှိသူများလည်း လျှောက်ထားနိုင်ပါသည်။ အကြိုဒီပလိုမာအောင်မြင်ပြီးပါက (Dip. in B.Dh)ကို (၁၈)လ ထပ်မံသင်ယူရမည်ဖြစ်ပြီး နောက်ထပ်တစ်နှစ် လေ့လာဆည်းပူးပါက B.A (B.Dh) ဘွဲ့ကိုရရှိမည်ဖြစ်ပါသည်။ ဆက်လက်လေ့လာဆည်းပူးလိုသူ ရဟန်းတော်များအနေဖြင့် M.A (B.Dh) နှင့် Ph.D(B.Dh) အထိလေ့လာသင်ကြားနိုင်မည်ဖြစ်ပါသည်။ ဒီပလိုမာတန်းနှင့် အထက်အဆင့်များတွင် အင်္ဂလိပ်ဘာသာကို ကြားခံဘာသာစကားအဖြစ် အသုံးပြုမည်ဖြစ်သည်။ အဆောင်နေစာသင်သား ရဟန်းများသာလက်ခံမည်။

အကြိုဒီပလိုမာတက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာနှင့် မေးခွန်းနမူနာများကို အောက်ပါနေရာများတွင် ရယူလျှောက်ထားနိုင်ပါသည်။

၁။ ကျောင်းသားရေးရာဌာန၊ (မဟာဝိဟာရ ဓမ္မဝိနယ တက္ကသိုလ်) ၊ မဟာဝိဟာရကျောင်းတိုက်(ရုံးအဖွဲ့)၊
ဖုန်း ၀၉-၄၅၁-၃၈၈-၂၅၀၊ ၀၉-၄၅၁-၃၈၈-၂၅၁

၂။ Info Myanmar College, မြေအမှတ်-(၅ ၀၇)၊ ပြည်ရိပ်သာလမ်း၊ ကမာရွတ်၊ လှည်းတန်း၊ ရန်ကုန်မြို့။

၃။ www.mdumyanmar.com တို့တွင်ရရှိနိုင်ပါသည်။

၄။ sayaphyowai@gmail.com or saya.hw001@gmail.com သို့ အီးမေးလ်ဖြင့် ပေးပို့လျှောက်ထားနိုင်ပါသည်။

ဝင်ခွင့်လျှောက်လွှာများကို ၂၀၁၆ ခုနှစ်၊ ဇွန်လ (၆)ရက်၊ (၁၃၇၈ ခုနှစ်၊ နယုန်လဆန်း(၇)ရက် တနင်္ဂနွေနေ့ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇွန်လ (၂၀)ရက်။ (၁၃၇၈ ခုနှစ်၊ နယုန်လပြည့်နေ့)တနင်္လာနေ့တွင် ဝင်ခွင့်ဖြေဆိုရပါမည်။ (စာမေးပွဲဖြေဆိုရမည့် နေရာနှင့်အချိန်တို့ကို ထပ်မံကြေညာပေးပါမည်။) အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။
ဖုန်း ၀၉-၃၃၈၆၁၈၃၃၊ ၀၉-၇၉၂၆၇၈၅၀၁၊ ၀၉-၅၀၆၆၇၀၆၊ ၀၉-၇၇၈၄၃၉၉၅၃၊ ၀၉-၂၆၄၅၅၆၅၃

"မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ နိဗ္ဗာန်ရွှေဂူကျောင်း သင်္ကြန်ကာလ (၁၀)ရက်စခန်း တရားပွဲ"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်၊ အမှတ်(၅) မေခလမ်း၊ နိဗ္ဗာန်ရွှေဂူကျောင်းတွင် သင်္ကြန်ကာလ (၁၀)ရက်စခန်းတရားပွဲကျင်းပမည်ဖြစ်ပါသည်။

တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် တန်ခူးလဆန်း(၂)ရက်နေ့ ညနေ (၅း၀၀)နာရီအရောက် လာရမည်ဖြစ်ပါသည်။ (၉-၄-၂၀၁၆) ရက်ဖြစ်သည်။

စခန်းပွဲကျင်းပမည့်ရက်မှာ (၁၀-၄-၂၀၁၆) မှ (၁၉-၄-၂၀၁၆) ရက်နေ့အထိ ဖြစ်ပါသည်။ စာရင်းများကို (၁၅-၃-၂၀၁၆) မှ စတင်ပေးသွင်းနိုင်မည်ဖြစ်ပါသည်။

ယောဂီစာရင်း ပေးသွင်းရမည့်နေရာများမှာ အမှတ်(၈၂)၊ နတ်မောက်လမ်း၊ မိုးကုတ်ရိပ်သာအဖွဲ့ချုပ် ဒေါ်ငွေငွေ ထံတွင်လည်းကောင်း၊ ကိုးထပ်ကြီးဘုရားအနီး လေသာလေးကျောင်း၊ မူလဥယျာဉ်တိုက် စမ်းချောင်းနှင့် နိဗ္ဗာန်ရွှေဂူကျောင်းများတွင်လည်းကောင်း စာရင်းပေးသွင်းနိုင်ပါသည်။

ဖုန်း - 09-5137086, 5095591, 09-795517751, 09-795517712, 09-783978990

(၉-၄-၂၀၁၆)နေ့ နေ့လည် (၂း၀၀)နာရီခန့်တွင် အဖွဲ့ချုပ်နှင့် ကိုးထပ်ကြီးဘုရားအနီး လေသာလေးကျောင်းတို့မှ ကားများဖြင့် ကြိုပို့ပေးပါမည်။

အချုပ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းနိုင်ပါသည်။

မှတ်ချက်။ ။ ဒေါ်ညွန့်ညွန့် နှင့် ဒေါ်သန်းသန်းငွေ တို့ထံတွင်လည်းကောင်း စာရင်းပေးသွင်းနိုင်ပါသည်။

လမ်းညွှန်။ ။ ၄၃ အထူး၊ ၁၀၂ အထူးများစီး၍ (၁၂)လမ်းထိပ်မှတ်တိုင်ဆင်းပြီး မြားညွှန်းများကြည့်၍ လာနိုင်ပါသည်။

ရက် (၉၀) အချိန်ပြည့် တရားစခန်းဖွင့်မည်။

ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ သုံးလ(ရက်-၉၀)အချိန်ပြည့်စခန်းပွဲကို နိဗ္ဗာန်ရွှေဂူကျောင်းတွင် ဖွင့်မည်ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယနှင့်အညီ ဟောကြားသော ပဋိစ္စသမုပ္ပါဒ သစ္စာဓမ္မ

ပြည်တွင်း ပြည်ပ သာသနာပြု မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ

လေသာလေးကျောင်းနှင့် နိဗ္ဗာန်ရွှေဂူကျောင်း

ပဓာန နာယကဆရာတော်

ဘဒ္ဒန္တ သောဘဏ (ဓမ္မာစရိယ-B.A)

ရေးသားတော်မူသော ပဋိစ္စသမုပ္ပါဒ သစ္စာဓမ္မ

အလုပ်စဉ်ပြ ဝိပဿနာ

တရားစာအုပ်ထွက်ပြီ။

Ph: 09-5137086, 5095591, 09-795517751, 09-795517712, 09-783978990

ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၃-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၉) ကြော်ငြာကဏ္ဍတွင်ပါရှိသော ကန့်ကွက်နိုင်ပါသည် ကြော်ငြာပါ ဒေါ်ဥမ္မာခင် တရားလွှတ်တော်ရှေ့နေ (စဉ်-၂၃၀၇၆)အစား ဒေါ်ဥမ္မာခင် အထက်တန်းရှေ့နေ (စဉ်-၂၃၀၇၆) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

အလင်းဒါနကုသိုလ်လှူဒါန်းနိုင်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ချိကယ်-ကန္တရဝတီကျောင်း၊ သီတဂူတက်လမ်း၊ မျက်စိအထူးကုဆေးရုံကြီးမှ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မျက်စိဝေဒနာရှင်များအား အထူးကုဆရာဝန်ကြီးများဖြင့် နှစ်စဉ်ကုသပေးပါသည်။ တစ်ကြိမ်ကုသလျှင် ကျပ်သိန်း လေးဆယ်ကျော်ကုန်ကျပါသဖြင့် ထာဝရဆေးပဒေသာပင်အလှူတော်သို့ ထည့်ဝင်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

လှူဒါန်းရန်ဌာန

ကမ္ဘောဇဘဏ်(၁) လွိုင်ကော် Account No.03712100 77402(KBZ Bank Ltd)

သီတဂူတက်လမ်းမျက်စိဆေးရုံ(လွိုင်ကော်) ဖုန်း-၀၉-၄၃၁၈၅၅၈၅၊ ၀၉-၄၁၀၀၇၇၆၅

လှူဒါန်းခြင်း

ကမာရွတ်မြို့နယ်၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ အရာရှိကြီးအိမ်ရာ၊ အမှတ် A1 နေ ကွယ်လွန်သူဝန်ကြီး ဗိုလ်မှူးကြီး စိန်ထွန်း(ငြိမ်း)နှင့် ဒုတိယဗိုလ်မှူးကြီးမျိုးထွန်းတို့အားရည်စူး၍ ဒေါ်ခင်အေးတင့်၊ ဒေါ်မော်မော်နှင့် ဒေါက်တာဒေါ်ချိုချိုတို့မှ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းသို့ အလှူငွေ US$-2000/-အား လှူဒါန်းရာ အတွင်းရေးမှူး ဦးမောင်မောင်အောင်နှင့် လက်ထောက်အုပ်ချုပ်ရေးမှူး ဦးအုံးမြင့်တို့မှ လက်ခံယူပါသည်။

သင်္ကြန်သဲအင်းဂူ (၉)ရက် အထူးအချိန်ပိုင်းတရားစခန်းပွဲဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ အမှတ်(၆)ဝိုင်း၊ ဆေးရိုးပင်သဲအင်းဂူရိပ်သာ၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရွှေဥက္ကလာဆရာတော် ဒေါက်တာအရှင်စိန္တာမယ-ကိုယ်တိုင် (၁၃၇၇ခုနှစ် တန်ခူးလဆန်း ၃ရက်မှ ၁၁ရက်) ၂၀၁၆ခုနှစ် ဧပြီလ ၁၀ရက်မှ ၁၈ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ဒါယကာ၊ ဒါယိကာမ၊ ယောဂီများသည် တန်ခူးလဆန်း ၂ရက် (ဧပြီ ၉ ရက်) မိမိအသုံးအဆောင်ပစ္စည်းများယူဆောင်၍ ညနေ ၅နာရီအရောက် လာရောက်ကြရမည်ဖြစ်ပါသည်။

မှတ်ချက် ။ ။ လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၅၀၉၆၃၃၄၊ ၀၉-၄၄၂၁၃၂၃၉၆၊ ၀၉-၇၈၀၁၅၂၃၂၀

ဒဂုံမြို့သစ်

အရှေ့ပိုင်း

ဆိပ်ကမ်းမြို့နယ်

တောင်ပိုင်း၊ မြောက်ပိုင်းများရှိ

မြေကွက်များကို

ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈

ဖုန်း-၀၉-၅၀၈၄၁၂၉

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၆)အရှေ့ရပ်ကွက်၊ ရွှေခင်းသာမြို့ပတ်လမ်း၊ အမှတ် ၁၂၄၇ဟုခေါ်တွင်သော သာကေတမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၁၂၄၇၊ ဧရိယာပေ(၄၀×၆၀) ဦးချစ်ဆိုင်အစည်ပေါက် နှစ်၆၀ ဂရန်မြေအနက်မှ မြေကွက်အမှတ်၁၂၄၆ နှင့်ကပ်လျက် (၁၅×၆၀)ပေ မြေကွက်ကို အဆင့်ဆင့်ဝယ်ယူလက်ရှိဖြစ်သူ ဦးဝင်းနိုင် ၇/ကပက(နိုင်)၀၀၄၀၂၆နှင့် ဒေါ်ယဉ်ထွေးထွေးနီ ၇/ကပက(နိုင်)၀၀၈၀၅၀တို့ထံမှ ဒေါ်မြင့်ဆိုင် MUN-၀၃၉၅၄၀ကဝယ်ယူလက်ရောက်ရရှိထားသဖြင့် အဆိုပါမြေ(၁၅×၆၀)ပေနှင့်ပတ်သက်၍ ဂရန်တွင် အစည်ပေါက်ထည့်သွင်းလျှောက်ထားခြင်းအပါအဝင် ဒေါ်မြင့်ဆိုင်၏ ဆိုင်ရေးဆိုင်ခွင့်ကို ထိပါးနှောင့်ယှက်ခြင်းမပြုလုပ်ရန်နှင့် မမှန်မကန်ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းမင်းမင်း LL.B	ဦးခင်မြင့် B.A, H.G.P, R.L
WIPO(SWITZERLAND)	WIPO(SWITZERLAND)
အထက်တန်းရှေ့နေ(စဉ်-၃၃၆၃၁)	တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၅၀)
ဖုန်း-၀၉-၇၃၀၇၁၈၉၆	ဖုန်း-၀၉-၇၃၀၁၅၈၂၉

အများသိစေရန်

မြန်မာ့သစ်လုပ်ငန်းမှ Htoo Trading Co.,Ltd သို့ ကျွန်းသစ်လုံးနှင့်ပတ်သက်၍ ထုတ်ပေးထားသော ၈-၈-၂၀၁၄ ရက်စွဲပါ DO NO 830/2014-2015(L) ၏ DO မူရင်းသည် ၂၇-၂-၂၀၁၆ ရက်တွင် ပျောက်ဆုံးသွားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

Htoo Trading Co.,Ltd

ဂန္ဓဝင်ရွှေပုံ Travels & Tours

* ထွက်ခွာမည့်ရက်များ *
April 9,10,11,12,13

အမေရိကန် (East Coast)	(၁၀ ရက်)	USD 4500	ဘရာဇီး	(၁၂ ရက်)	USD 6500	ဗုဒ္ဓဂယာ(ဟိုတယ်/တည်းစား) (၈ ရက် -USD 1100)/(ရိုးရိုး) (၁၅ရက်- ၁၁ သိန်း)		
အမေရိကန် (East - West Coast)	(၁၇ ရက်)	USD 6700	တူရကီ	(၁၂ ရက်)	USD 2900	သီရိလင်္ကာ	(၇ ရက်)	USD 1300
အမေရိကန် (East - West Coast & Hawaii)	(၂၀ ရက်)	USD 7700	အီဂျစ်	(၁၀ ရက်)	USD 2900	စင်္ကာပူ	(၄ ရက်)	USD 880
အမေရိကန် (East - West Coast & Miami)	(၂၀ ရက်)	USD 7900	ဒူဘိုင်း	(၇ ရက်)	USD 1900	ဘာလီ	(၅ ရက်)	USD 1000
ဥရောပ (၇ နိုင်ငံ နှင့် မိုနာကို)	(၁၅ ရက်)	USD 4600	ကိုရီးယား	(၁၀ ရက်)	USD 1850	မော်လဒိုက်	(၄ ရက်)	USD 1500
ဥရောပ (၃ နိုင်ငံ)	(၁၁ ရက်)	USD 3400	ဂျပန် - နေရာစုံ	(၉ ရက်)	USD 2900	စင်ကာပူ - မလေးရှား	(၈ ရက်)	USD 1300
ဥရောပ (နော်ဝေး - ဆွီဒင် - ဒိန်းမတ် - ဖင်လန်)	(၁၂ ရက်)	USD 5300	ဂျပန် - နေရာစုံ နှင့် ဟော့ကိုင်းဒိုး	(၁၀ ရက်)	USD 3500	စင်ကာပူ - ဘာလီ	(၈ ရက်)	USD 1500
ဥရောပ (စပိန် - ပေါ်တူဂီ)	(၁၂ ရက်)	USD 4200	ဟောင်ကောင် - မကာအို	(၅ ရက်)	USD 1350	ဗန်ကောက် (ဗန်ကောက်တွင် Baiyoke Sky Hotel တည်းမည်။)	(၆ ရက်)	USD 680
ဥရောပ ဂရိ (အေသင်၊ဆန်တိုရီ၊မိုင်ကိုနက်စ်၊ကုစဒါစီ)	(၁၀ ရက်)	USD 4000	ပီကင်း - ရှန်ဟိုင်း - ကူမင်း	(၈ ရက်)	USD 1700	ဗန်ကောက် - ဖူးခက်	(၆ ရက်)	USD 1000
ဥရောပ (ဟန်ဂေရီ - ချက် - ပိုလန်)	(၁၁ ရက်)	USD 4300	ပီကင်း - ရှန်ဟိုင်း - ဟောင်ကောင် - မကာအို	(၁၀ ရက်)	USD 1980	ဗီယက်နမ်	(၆ ရက်)	USD 850
အင်္ဂလန် - စကော့တလန် - ဝေလပြည်နယ်	(၁၂ ရက်)	USD 5500	အိန္ဒိယ (ကာ့ရှ်မီးယားဒေသ နှင့် အာဂျန်ဒါလိုဏ်ဂူ)	(၁၂ ရက်)	USD 2300	ဗီယက်နမ် - ကမ္ဘောဒီးယား	(၈ ရက်)	USD 1300
ဩစတြေးလျ	(၁၁ ရက်)	USD 4000	ဟောင်ကောင် - ကွမ်ကျိုး - မကာအို- ချန့်ကျန်း	(၈ ရက်)	USD 1600	ကမ္ဘောဒီးယား - လာအို	(၈ ရက်)	USD 1300
ရုရှား	(၁၁ ရက်)	USD 3200	(မကာအိုတွင် Venetian Hotel တွင်တည်းမည်။)			ဘာလီ - ပီနန် - လန်ကာဝီ (ကျွန်း၃ကျွန်းခရီးစဉ်)	(၈ ရက်)	USD 1500

အမှတ် ၆၇၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 01-500191,519292,519293,510491,510218, 519360,09-252281456
အမှတ် ၈၁၊ ၃၃ နှင့် ၃၄ လမ်းကြား၊ မန္တလေးမြို့။ Ph:09- 3169 3339, 09- 730 13856 Hot Line: +95 9 7300 3772

10% OFF For All Lenses
အဆင့်မြင့်နည်းပညာသစ်ဖြင့်ထုတ်လုပ်ထားသော
မှန်သားများ ထပ်မံရောက်ရှိနေပါပြီ။

Up to 30% OFF Selected Frames

iQ VISION
မျက်စိအထူးကု

See better
to perform better

For Your Eye Smart, Come & see us !

12-A ၊ ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ Ph: 01- 401208, Hot Line - 09 250 550 280

သွေးတိုးရောဂါ

- သွေးတိုးရောဂါဆိုသည်မှာ
- သွေးတိုးရောဂါနှင့် အစားအစာ
- သွေးတိုးရောဂါနှင့် အနေအထိုင်၊ အပြုအမူ
- သွေးတိုးရောဂါနှင့် သဘာဝဆေးဝါးများ

စသည့်အကြောင်းအရာများကို အသေးစိတ်လေ့လာဖတ်ရှုနိုင်ရန်
ဒေါက်တာခင်မောင်လွင် (FAME) ရေးသားထားသော
"သွေးတိုးရောဂါ" စာအုပ်ကို ပြန်လည်ဖြည့်စွက်မွမ်းမံကာ
တတိယအကြိမ်အဖြစ် ထပ်မံပုံနှိပ်ထုတ်ဝေလိုက်ပါသည်...

4,000 Ks.

>>> အငြိမ့်မြို့အနယ်နယ်ရှိ City Mart နှင့်စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ <<<

အမှတ်(၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့၊ ရန်ကုန်။ Ph: 01-682199, 685083, 685609
Fax: 95-1-680122, E-mail: marketing@famepharma.com, FAME Pharmaceuticals

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ချမ်းအေးသာစံမြို့နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၉ နှင့်ဆက်နွယ်သည့်
၂၀၁၅ခုနှစ် တရားမဓာရီမှုအမှတ်-၂၃

ဦးညွန့်မောင် (ကွယ်လွန်သူ ဒေါ်ခင်မြင့်ကြည်၏ တရားဝင်ကိုယ်စားလှယ်) နှင့်

၁။ ဒေါ်ဝေဝေမိုး (ကိုယ်တိုင်နှင့် ကွယ်လွန်သူဒေါ်မြရင်၏ တရားဝင်ကိုယ်စားလှယ်)
၂။ ဒေါ်ခင်လေး [ကွယ်လွန်သူ ဦးတင်ဖေ(ခ)ဦးတင်အောင်၏ တရားဝင်ကိုယ်စားလှယ်]
၃။ ဦးကျော်ဆန်းဝင်း(ခ)ဦးကျော်ကွန့်
၄။ ဒေါ်ခင်ရွှေညွန့်
၅။ ဦးမျိုးတင့်
၆။ ဒေါ်ရီရီဌေး (ကွယ်လွန်သူ ဦးမျိုးမြင့်၏ တရားဝင်ကိုယ်စားလှယ်)
၇။ ဦးမောင်မောင်
၈။ ဒေါ်နီလာ
၉။ ဒေါ်ဝါဝါညွန့်
၁၀။ ဦးသိန်းဟန်

တရားနိုင် — တရားရှုံးများ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့အနိုပ်တော်ရပ်၊ ယပ်တန်းရပ်၊ အကွက်(၂)နေ အမှတ်(၃)တရားရှုံး ဦးကျော်ဆန်းဝင်း(ခ)ဦးကျော်ကွန့်၊မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်၊ ၆၂×၆၃လမ်းကြား၊ ၂၀×၂၁လမ်းကြား၊ အကွက်(၂)နေ (၅)တရားရှုံး ဦးမျိုးတင့်၊ (၆)တရားရှုံး ဒေါ်ရီရီဌေး (ကွယ်လွန်သူ ဦးမျိုးမြင့်၏ တရားဝင်ကိုယ်စားလှယ်) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၉တွင်ရရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၂၅ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၆ခုနှစ် မတ် ၁၀ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စိန်ကြည်)
မြို့နယ်တရားသူကြီး
ချမ်းအေးသာစံမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်တွင်းကြီးမြို့နယ်တရားရုံး
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၁

ဦးမြကြီး (တရားလို) နှင့် ဒေါ်မြစန်းမော် (တရားပြိုင်)

အမှတ် ၃၃၈၊ (၁၂)ရပ်ကွက်၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်မြစန်းမော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြကြီးက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၁၈ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ထို့ပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးအေးမြင့်)
မြို့နယ်တရားသူကြီး
တောင်တွင်းကြီးမြို့နယ်တရားရုံး

အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်အနောက်ကွင်းကျေးရွာအုပ်စု၊ ပုဏ္ဏားကုန်းကျေးရွာအတွင်းရှိ ကွင်းအမှတ်(၅၀၃/က)၊ ရွာမြေအမျိုးအစား အရှေ့၊ အနောက်၊ မြောက်ဘက် မျက်နှာပွင့်(၅၀)ပေ၊ တောင်မြောက်အလျား(၅၀)ပေ အကျယ်အဝန်းရှိမြေကို ဦးကိုဦး ၉/မနမ(နိုင်)၀၈၆၀၆၅နှင့် ဒေါ်သင်းသင်းယု ၉/မနမ(နိုင်)၁၃၃၄၁၁ ထံမှ ကျွန်တော် ဦးညဏ်ဝင်း ၉/မရမ(နိုင်)၀၀၃၁၄၆ က ၁၂-၁-၂၀၁၆ရက်တွင် ငွေအပြေအကျေပေးချေ၍ အရောင်းအဝယ်ပြုထားပြီး ဖြစ်ပါသည်။

ထို့အပြင် အရောင်းအဝယ်ပြုသည့် အဆိုပါနေအိမ်မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ ပတ်သက်စပ်ဆိုင်ခြင်းမရှိဘဲ ကျွန်တော် ဦးညဏ်ဝင်းသာလျှင် တရားဝင်အကျိုးခံစားလျက်ရှိပါသည်။ အဆိုပါနေအိမ်မြေကွက်နှင့်ပတ်သက်၍ ကျွန်တော် ဦးညဏ်ဝင်းမှ စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော် ဦးညဏ်ဝင်းထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးညဏ်ဝင်း (ဘ) ဦးအေးမောင်
၇၄×၇၅လမ်းကြား၊ ၃၂×၃၃လမ်းကြား၊ မောရဂီဝါရပ်၊ ချမ်းအေးသာစံမြို့နယ်၊
မန္တလေးမြို့၊ ဖုန်း-၀၉-၄၃၀၉၉၄၆၅

အထွေထွေကိုယ်စားလှယ်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ အကွက်အမှတ် ၁၁၊ မြို့ဟောင်းရပ်၊ ဦးပိုင်အမှတ် ၈၃၊ မြေကွက်အမှတ် ၁၂၂ မြေဧရိယာ ၀.၁၁၈ ဧက ၀၇၀ကေကို ဒေါ်နန်းကျင် ၁၃/ကလန(နိုင်)၀၂၄၈၈၃ က ဒေါ်မွှေး ၂/လကန(နိုင်)၀၄၅၁၅၉ သို့ ၂၀၁၅ ဧပြီ ၁၀ ရက် စာချုပ်အမှတ် ၄၇၉၀/၂၀၁၅ ဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်၍ လွှဲအပ်ခဲ့ပါသည်။ ယနေ့မှစ၍ အကြောင်းအမျိုးမျိုးကြောင့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ပေးခဲ့သူ ဒေါ်နန်းကျင်မှ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခံရသူ ဒေါ်မွှေး ၂/လကန(နိုင်)၀၄၅၁၅၉ သို့ အထွေထွေကိုယ်စားလှယ် လွှဲအပ်ပေးမှုအား ပြန်လည်ရုပ်သိမ်းပါကြောင်း။

အထွေထွေကိုယ်စားလှယ်လွှဲအပ်ပေးခဲ့သူ
ဒေါ်နန်းကျင် ၁၃/ကလန(နိုင်)၀၂၄၈၈၃

သံဃာတော်များဦးဆောင်သော
လယ်တီဆရာတော်ဘုရားကြီး၏ တပည့်
အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်
ဝိဇ္ဇာလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့

သံလျင်အဖွဲ့ချုပ်မှ နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသော မဟာသကြၤန်(၇)ရက် အထူးတရား စခန်းပွဲကြီးကို ယခုနှစ်တွင်လည်း မြန်မာသက္ကရာဇ် ၁၃၇၇ခု နှောင်းတန်ခူး လဆန်း(၃)ရက်၊ တနင်္ဂနွေနေ့မှ နှောင်းတန်ခူးလဆန်း (၁၀)ရက် တနင်္လာနေ့အထိ၊ (ခရစ်နှစ် ၂၀၁၆ ဧပြီလ(၁၀)ရက် မှ ဧပြီလ(၁၈)ရက်ထိ) ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားဝင်ရောက်အားထုတ်လိုသော ယောဂီအသစ်/အဟောင်းများသည် ဝင်ကြေးငွေ ၇၀၀၀ိ/- ကျပ်နှင့်အတူ အဖွဲ့ချုပ်သို့ လူကိုယ်တိုင်လာရောက်စာရင်းပေးသွင်းနိုင်ကြပါသည်။ အသေးစိတ်ကို အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အဖွဲ့ချုပ်ဖုန်း - ၀၉-၇၈၂၄၈၄၄၃၆၊ ဦးစိုးလှ (ဥက္ကဋ္ဌ)၀၉-၅၁၈၈၇၅၄၊ ဦးလှမင်းထိုက် (ဒု-ဥက္ကဋ္ဌ) ၀၉-၅၀၃၈၂၁၂၊ ဦးခင်မောင်သိမ်း (အတွင်းရေးမှူး) ၀၉-၅၀၄၃၄၅၈၊ မင်္ဂလာဗျူဟာ အသင်းချုပ် ၀၁-၃၇၀၉၅၈။

ဧပြီလထုတ်မြတ်မင်္ဂလာစာစောင်တွင် ဖော်ပြထားသော ၁၂-၄-၂၀၁၆ မှ ၂၀-၄-၂၀၁၆ ကို ၁၀-၄-၂၀၁၆ မှ ၁၈-၄-၂၀၁၆ သို့ ပြောင်းလဲပြင်ဆင်အပ်ပါသည်။

ဟင်္သာတအသင်း
နှစ်ပတ်လည်စုံညီအစည်းအဝေး

ဟင်္သာတအသင်း နှစ်ပတ်လည်စုံညီ အစည်းအဝေးနှင့် အသင်းဝင် သက်တော်ရှည်ပူဇော်ပွဲ၊ ဘွဲ့ထူးဂုဏ်ထူးရ ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲများကို အောက်ပါအစီအစဉ်တိုင်း ကျင်းပသွားမည်ဖြစ်ပါသည်။

ကျင်းပမည့်ရက် ။ ။ ၂၀-၃-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်။ ။ ။ နံနက် (၈း၀၀) နာရီ
ကျင်းပမည့်နေရာ။ ။ ။ ဟင်္သာတအသင်းတိုက်၊
အမှတ်(၁၈၄/၁၈၆)၊ ၄၅-လမ်း(အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဟင်္သာတအသင်းသူ၊ အသင်းသားများနှင့် ဟင်္သာတနွယ်ဖွားများ စုံစုံညီညီ တက်ရောက်ကြပါရန်နှင့် ပျော်ပျော်ပါးပါး ပြန်လည်တွေ့ဆုံနိုင်ရန် အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ဦးစိုးမြင့်+ဒေါ်ခင်ဝင်းမြင့် (သီဟအလူမီနီယံ) မိသားစုက ဟင်္သာတမုန့်ဟင်းခါးဖြင့် ကျွေးမွေးဧည့်ခံပါမည်။

အမှုဆောင်အဖွဲ့

